# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ သောကြာနေ့၊ | အတွဲ (၅၇)၊ အမှတ်(၀၁၃)


# မြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊

*စာမျက်နှာ ၄ ကော်လံ ၁* ❁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပစဉ်**

(သတင်းစဉ်)





## မြန်မာနိုင်ငံအနေနဲ့ လုပ်စရာရှိတာတွေကို၊ ကိုယ်လုပ်သင့်တာတွေကို မှန်မှန်ကန်ကန် ရဲရဲတင်းတင်း ထိထိရောက်ရောက် လုပ်ကိုင်နေဖို့ အရေးကြီး

စာမျက်နှာ - ၃




မြန်မာ့အလင်း

# ပြည်သူ့အားဖြင့် ကြိုတင်ပြင်ဆင်ကာကွယ် သဘာဝဘေးများ၏ ဆိုးကျိုးအန္တရာယ်

ယခု ၂၁ ရာစု၏ အစပိုင်းကာလမှစ၍ ကမ္ဘာတစ်ခွင်ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များက ပို၍ သိသာလာသည်။ ရာသီဥတုပြောင်းလဲမှုဟုဆိုရာတွင်လည်း ပုံမှန်ပြောင်းလဲမှု မဟုတ်ဘဲ ဖောက်ပြန်ပြောင်းလဲမှုဟူ၍သာ ဆိုရမည်ဖြစ်သည်။ ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်မှာ အဓိက ဆိုးကျိုးကသာ များသည်။ သဲကန္တာရအတွင်း မိုးရွာသွန်းလာ၍ မြက်ခင်းများနှင့် အပင်ငယ်များပေါက်လာပြီး စိမ်းလန်းလာသည်ဆိုသည့် သတင်းမျိုးကိုလည်း ရှားရှားပါးပါးတွေ့ကြရသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ အဓိကလက်သည်မှာ လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်ဖြစ်သည်ဟု ပညာရှင်များက ဆိုကြသည်။ ဘူမိဓာတုဖြစ်စဉ်များကြောင့် သဘာဝအတိုင်းဖြစ်စေ၊ လူတို့ပယောဂကြောင့်ဖြစ်စေ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လေထုထဲသို့ ထွက်လာကြရာ သစ်တောများနှင့် သမုဒ္ဒရာတို့က ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူကြခြင်းဖြင့် ကမ္ဘာ့အပူချိန်ကို သဘာဝတရားက ထိန်းညှိထားသည်။ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏတိုးသည်နှင့်အမျှ ကမ္ဘာ့လေထုအပူချိန်လည်းမြင့်တက်လာပြီး ကမ္ဘာ့ရာသီဥတုဖြစ်စဉ်များလည်း ပြောင်းလဲလာရခြင်းဖြစ်သည်။ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များမှာ ပို၍ပြင်းထန်၊ ပို၍ကြမ်းတမ်းကာ အကြိမ်ရေပို၍များလာသော အစွန်းရောက်ဖြစ်စဉ်များဖြစ်လာခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုများမှာလည်း ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံအသီးသီးတို့အပေါ် စိန်ခေါ်ခြိမ်းခြောက်မှုများဖြစ်လာသည်။ ကံအကြောင်းမလှစွာပင် ဘေးအန္တရာယ်ကျရောက်ပြီဆိုပါက ချမ်းသာသည့် နိုင်ငံများထက် ဆင်းရဲသည့်နိုင်ငံ၊ ဝင်ငွေနည်းနိုင်ငံများတွင် ဘေးအန္တရာယ်ကြောင့် အသက်ဆုံးရှုံးမှုကို ပိုမိုကြုံတွေ့ကြရသည်။

"ယင်းနိုင်ငံများတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ အတွင်း ဘေးအန္တရာယ်တစ်ကြိမ်ကျရောက်တိုင်း ပျမ်းမျှလူပေါင်း ၃၂၇ ဦး အသက်ဆုံးရှုံးနေရကြောင်း၊ အဆိုပါ ပမာဏသည် ချမ်းသာသည့်နိုင်ငံများတွင် ကြုံတွေ့ရသည့် အသက်ဆုံးရှုံးမှုအရေအတွက်ထက် ငါးဆခန့် ပိုများပါကြောင်း၊ ယင်းကိုကြည့်ခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းက သဘာဝဘေးများ၏ ဆိုးကျိုးများကို လျှော့ချသည့်နေရာတွင် မည်မျှအထိ အရေးကြီးသည်ကို သိမြင်နိုင်မည်ဖြစ်ပါကြောင်း" ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက် (၂၀၁၇) အတည်ပြုမိတ်ဆက်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ စီမံချက်သည် မြန်မာနိုင်ငံတွင် မိုးရွာသွန်းမှုပုံစံပြောင်းလဲလာမှုနှင့်အတူ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုနှုန်းလည်း ပိုမိုများပြားလာခဲ့ရာ ရေလွှမ်းမိုးခြင်း၊ မုန်တိုင်း၊ မိုးကြိုး၊ လေပြင်းတိုက်ခတ်ခြင်း၊ မြေပြို၊ မြစ်ကမ်းပါးပြိုခြင်းစသည့် ဘေးများလျှော့ချနိုင်ရန် ဖော်ဆောင်သွားမည်ဖြစ်ပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်း သာမန်အားဖြင့် ဘေးအန္တရာယ်ကျရောက်ပြီးမှ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုသာမက မဖြစ်မီကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းတို့ကို အလေးပေးဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရသည်။ အဆိုပါ စီမံချက်သည် ပြည်သူ့အားဖြင့် အကောင်အထည်ဖော်မည့် ပြည်သူအခြေပြု အားလုံးပါဝင်သည့် နည်းလမ်းကိုကျင့်သုံးသွားမည့် စီမံချက်လည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် နှစ်စဉ်နိုင်ငံ့ဂျီဒီပီ၏ သုံးရာခိုင်နှုန်းခန့် ဆုံးရှုံးနစ်နာလျက်ရှိရာ ကြိုတင်ကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှုတို့ ပြုလုပ်နိုင်သည်နှင့်အမျှ ဆုံးရှုံးနစ်နာမှုများ လျော့ပါးသက်သာလာမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များသည် အဖျက်စွမ်းအားကြီးမားကြသည့်အလျောက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကြီးမားလှသည့် စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်သည်။ ဘေးအန္တရာယ်ကျရောက်လာနိုင်သည့်အချိန်၊ နေရာ ၊ ပမာဏစသည်တို့ကို ကြိုတင်၍ မသိနိုင်စေကာမူ ဖြစ်လာနိုင်ဖွယ်တို့ကို အဆိုးဆုံးအထိ ကြိုတင် မျှော်တွေးကာ အကောင်းဆုံးပြင်ဆင်ကာကွယ်နိုင်ရေး၊ အကောင်းဆုံး တုံ့ပြန်နိုင်ရေးတို့အတွက် အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိကနှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ တက်ကြွညီညွတ်သော အင်အားများဖြင့် ပူးပေါင်း ဆောင်ရွက်ကြရမည်ဟု ယုံကြည်ပါကြောင်း။ ။

# ကော့မှူးမြို့နယ်၌ ပြည်သူ့စကားဝိုင်း ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၁၂**

ကော့မှူးမြို့နယ်၌ ပြည်သူ့စကားဝိုင်း (Public Talk) ကို အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ကော့မှူးမြို့နယ်ရှိ လူမှုအခြေပြုဗဟိုဌာန (Community Center)၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် သယံဇာတနှင့်ကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်၊ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်၊ ရန်ကုန် လူငယ်ကွန်ရက်မှ မသဉ္ဇာရွှန်းလဲ့ရည်တို့ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြည်သူ့စကားဝိုင်းကို လူငယ်နှင့် လူမှုမီဒီယာခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံသော ပြည်သူများစုပေါင်း၍ အောက်တိုဘာ ၁၂ ရက်က ရေစကြိုမြို့အတွင်း လှည့်လည်ထောက်ခံနေမှုကို တွေ့ရစဉ် အိမွန်ဆွေ(ရေစကြို)

## စာပေပွဲတော် နွဲလို့ပျော်

- စာပေပွဲတော် နွဲလို့ပျော်
  မြို့မုံရွာမှာနေ၍။
  ဦးဦးဒေါ်ဒေါ်ကိုကိုများ
  လိုက်ပို့ပေးပါလား။
- သားသားမီးမီးသွားကြသည်
  ဆေးရောင်ခြယ်ကြမည်။
  ကိုကိုမမ အတူတကွ
  ပုံပြင်တွေပြောကြ။
- ညီလေးတို့က ဂိမ်းကစားမယ်
  ညီမလေး အရုပ်ဆက်ကွယ်။
  ကဗျာလေးတွေ ရွတ်ဆိုပြ
  အားလုံးပျော်ရွှင်ကြ။
- ဈေးရောင်းပွဲတော်လျှောက်လို့လည်
  ကလေးစာပေ ဝယ်ကြမယ်။
  ပုံပြင်၊ ကာတွန်း၊ စာအုပ်များ
  သားသား မီးမီး ဖတ်စို့လား။
- ကလေးစာပေ ဖတ်စို့လေ
  လိမ္မာယဉ်ကျေးပေ။
  စာအုပ်စာပေ ဖတ်ရှုမှ
  အသိဉာဏ်တိုးပွား အနာဂတ်လှ။

ဇင်ခန့်နိုင်

(မုံရွာကလေးစာပေပွဲတော်အား ဂုဏ်ပြုရေးဖွဲ့ပါသည်)

## နေရာကွက်ကျား မိုးထစ်ချုန်း

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှ ဆုတ်ခွာနိုင်သည်။ **(မိုး/ဇလ)**

## မုံရွာ ကလေးစာပေပွဲတော်တွင် မြန်မာ့သိုင်းပညာတင်ဆက်ဖျော်ဖြေမှုထည့်သွင်းထား

**နေပြည်တော် အောက်တိုဘာ ၁၂**

အောက်တိုဘာ ၁၃ ရက်မှစတင်ကာ သုံးရက်တာကျင်းပမည့် မုံရွာ ကလေးစာပေပွဲတော်တွင် မြန်မာ့သိုင်းပညာတင်ဆက်ဖျော်ဖြေမှု ထည့်သွင်းထားကြောင်း သိရသည်။

"အခုခေတ်မှာ ကလေးတွေ ဖေ့စ်ဘုတ်နဲ့ ဂိမ်းကစားတာတွေအပေါ်မှာပဲ ပျော်မွေ့နေကြတာများတယ်။ ပြီးတော့ စာပေနဲ့အထိအတွေ့ နည်းလာတယ်။ ဒါ့ကြောင့် ကလေးတွေကို ကိုယ်ကာယကြံ့ခိုင်မှုအတွက်ကော ရိုးရာသိုင်းပညာ ပြန့်ပွားစေချင်တဲ့အတွက်ပါ ပွဲတော်မှာ ပါဝင်တင်ဆက်သွားမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ မြန်မာ့သိုင်းပညာရပ်ဟာ တဖြည်းဖြည်းချင်း တိမ်ကောပျောက်ကွယ်လာပါပြီ။

"ဒါ့ကြောင့် မြန်မာနိုင်ငံသိုင်း အဖွဲ့ချုပ်ကနေ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုနဲ့ မြန်မာ့သိုင်းအားကစားဗန်ဒိုပြိုင်ပွဲ၊ မြန်မာ့သိုင်းပြိုင်ပွဲတွေကို ဖော်ထုတ်နေပါတယ်။ နောက်ပြီး လက်ရှိ မြန်မာ့သိုင်းအဖွဲ့ချုပ်ရဲ့ အခြေခံလေ့ကျင့်စဉ်တွေကို စာသင်ကျောင်းတွေမှာ သင်ကြားပေးနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး သိုင်းဆပ်ကော်မတီမှ ဒုတိယဥက္ကဋ္ဌ ဦးတေဇာအေးက ပြောကြားသည်။

**အောင်မင်းဟန်**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၂-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၃၀/၇၅၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၄၀/၇၆၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၈၀/၈၀၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၅၀/၇၇၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၂ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၂ . ၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၈၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၈၆ |
| တရုတ် | တစ်ယွမ် | ၂၀၆ . ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂ . ၄၈ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာနိုင်ငံအနေနဲ့ လုပ်စရာရှိတာတွေကို၊ ကိုယ်လုပ်သင့်တာတွေကို မှန်မှန်ကန်ကန် ရဲရဲတင်းတင်း ထိထိရောက်ရောက် လုပ်ကိုင်နေဖို့ အရေးကြီး

နေပြည်တော် အောက်တိုဘာ ၁၂

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြည်သူသို့တင်ပြချက်ကို အောက်တိုဘာ ၁၂ ရက် ညပိုင်း မြန်မာ့ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခဲ့ပါသည်။**

**အဆိုပါ တင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်သူသို့တင်ပြချက်

ပြည်သူပြည်သားအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

ဦးစွာ ပထမ၊ ကျွန်မတို့နိုင်ငံ လက်ရှိရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေနဲ့ပတ်သက်လို့ နားလည်မှုအပြည့်အဝနဲ့ စည်းစည်းလုံးလုံး ကျွန်မတို့အစိုးရကို ဝန်းရံပေးတဲ့အတွက် အင်မတန်မှ ကျေးဇူးတင်ကြောင်း ပြောပါရစေ။ ပြည်သူရဲ့ ထောက်ခံမှု၊ ပြည်သူရဲ့ယုံကြည်မှု၊ ပြည်သူရဲ့ညီညွတ်မှုနဲ့ နှိုင်းယှဉ်နိုင်တဲ့ ဘာအင်အားမှမရှိပါဘူး။ ဘယ်လိုအခက်အခဲတွေနဲ့ပဲ ကြုံတွေ့ရပါစေ၊ ပြည်သူရဲ့ ညီညွတ်မှုအင်အားနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်မတို့ပြည်သူတွေသိတဲ့အတိုင်းပါပဲ၊ ယခင်နှစ် အောက်တိုဘာလမှာ ရခိုင်ပြည်နယ်ရဲစခန်းများ အတိုက်အခိုက်ခံရမှုမှ စတင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လတွင် ထပ်မံဖြစ်ပေါ်ခဲ့တဲ့ အကြမ်းဖက်လုပ်ရပ်များကြောင့် ဆက်လက် ကြီးထွားလာရတဲ့ ပြဿနာများအပေါ် ကမ္ဘာ့အာရုံစိုက်မှုဟာ အင်မတန်မှ ကြီးမားပါတယ်။ ကျွန်မတို့နိုင်ငံအပေါ် ဝေဖန်မှုတွေလည်း များပြားပါတယ်။ နိုင်ငံတကာရဲ့အမြင်သဘောထားတွေကို ကျွန်မတို့ သိရှိနားလည်ဖို့ လိုပါတယ်။ သို့သော်လည်း ကျွန်မတို့နိုင်ငံရဲ့အခြေအနေကို ကျွန်မတို့ ပြည်သူပြည်သားများလောက် ဘယ်သူကမှ မသိနိုင်သလို ကျွန်မတို့နိုင်ငံ အေးချမ်းသာယာဖွံ့ဖြိုးရေးကို ကျွန်မတို့ ပြည်သူပြည်သားများလောက် ဘယ်သူကမှ မလိုလားနိုင်ပါဘူး။ ဒါ့ကြောင့် ဒီပြဿနာတွေကို ကျွန်မတို့တွေရဲ့စုပေါင်းအင်အားတွေကို အဓိကထားပြီး ဖြေရှင်းရမှာဖြစ်ပါတယ်။

ဒီအချိန်မှာ မြန်မာနိုင်ငံအနေနဲ့ လုပ်စရာရှိတာတွေကို၊ ကိုယ်လုပ်သင့်တာတွေကို မှန်မှန်ကန်ကန် ရဲရဲတင်းတင်း ထိထိရောက်ရောက် လုပ်ကိုင်နေဖို့ အရေးကြီးပါတယ်။ ကျွန်မတို့ လုပ်မယ်လို့ပြောထားတဲ့ လုပ်ငန်းတွေ၊ ကျွန်မတို့ လုပ်သင့်တယ်လို့ ခံယူထားတဲ့လုပ်ငန်းတွေကို တိုးတက်အောင်မြင်ဖို့ ကျွန်မတို့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဝေဖန်ချက်တွေ၊ စွပ်စွဲချက်တွေကို စကားနဲ့ တုံ့ပြန်ချေပနေတာထက် လက်တွေ့လုပ်ဆောင်ချက်တွေ၊ တိုးတက်မှုရလဒ်တွေနဲ့ ကမ္ဘာကို ပြသသွားဖို့ ကျွန်မတို့ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ လက်ရှိဖြစ်ပေါ် ကြုံတွေ့နေရတဲ့ အခြေအနေတွေနဲ့ပတ်သက်လို့ လုပ်ဆောင်ရမယ့် လုပ်ငန်းတွေကတော့ အများကြီးဖြစ်ပါတယ်။ ဦးစားပေးလုပ်ငန်းစဉ်တွေ ပြန်ပြီးစိစစ်လိုက်မယ်ဆိုရင် အဓိကလုပ်ငန်းစဉ်ကြီး (၃) ခု ရှိနေပါတယ် -

- ပထမကတော့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေးနဲ့ ဒုက္ခသည်များ ပြန်လည်လက်ခံရေးဖြစ်ပါတယ်။
- ဒုတိယကတော့ ပြန်လည်နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေးဖြစ်ပါတယ်။
- တတိယကတော့ ဒေသဖွံ့ဖြိုးရေးနဲ့ ရေရှည် ပငြိမ်ကင်းဝေးရေးတို့ပဲဖြစ်ပါတယ်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ ထိထိရောက်ရောက်ပေးအပ်နိုင်ဖို့ လက်ရှိအနေအထားကို ထပ်မံမြှင့်တင်ပြီး ဆောင်ရွက်ဖို့ လိုပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်ရှိသွားတဲ့သူတွေ ပြန်လည်လက်ခံဖို့ ဘင်္ဂလားဒေ့ရှ်အစိုးရနဲ့ ကျွန်မတို့ ညှိနှိုင်းနေပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကျွန်မတို့ နှစ်နိုင်ငံအကြား ညှိနှိုင်းပြီး လက်ခံရေးဆောင်ရွက်ခဲ့တာ (၂)ကြိမ်တိုင်တိုင် အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီအစဉ်အလာကောင်းတွေကို အခြေခံပြီး တတိယအကြိမ်မြောက် ပူးပေါင်းဆောင်ရွက်မှု အောင်မြင်အောင်လို့ ကျွန်မတို့ ကြိုးပမ်းနေပါတယ်။

ပြန်လည်နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်ရာမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြန်လာမယ့်သူတွေအတွက်သာမက ဒိုင်းနက်၊ မြိုအစရှိတဲ့ ရှားပါးဌာနေတိုင်းရင်းသားတွေ၊ ဟိန္ဒူဘာသာဝင်တွေ၊ ရခိုင်တိုင်းရင်းသားတွေအတွက် မူလအနေအထားကို ပြန်လည်ရောက်ရှိအောင်၊ မူလအနေအထားထက် သာလွန်ကောင်းမွန်အောင် ရေရှည်တည်တံ့ခိုင်မြဲမယ့် စီမံကိန်းကို ကျွန်မတို့ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ နှောင်အစဉ်အဆက် ပဋိပက္ခတွေ ကင်းဝေးစေဖို့အတွက် ဒေသဖွံ့ဖြိုးရေးနဲ့ ရေရှည်ပဋိပက္ခကင်းဝေးရေးကိုလည်း ရေရှည်စီမံကိန်းတွေနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒီလုပ်ငန်းစဉ်တစ်ခုချင်းစီမှာ လုပ်ဆောင်ရမယ့် လုပ်ငန်းတွေ အများအပြားရှိနေပါတယ်။ ပြည်တွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ NGO တွေ၊ CSO တွေနဲ့ ပြည်သူတွေက တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်ပေးဖို့ တင်ပြထားတာတွေလည်း ရှိနေပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ ဆန္ဒပြုထားကြပါတယ်။ ပြည်ထောင်စုနိုင်ငံတော်အရေးဖြစ်လို့



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

ပြည်ထောင်စုအစိုးရ၊ ပြည်နယ်/တိုင်းအစိုးရအဖွဲ့တွေအနေနဲ့ဦးဆောင်တာဝန်ယူရမှာဖြစ်သလို စိတ်ရင်းစေတနာအမှန်နဲ့ ပူးပေါင်းပါဝင်ဖို့ ပြည်တွင်း၊ ပြည်ပက ကမ်းလှမ်းချက်တွေကိုလည်း အလေးအနက်ထား စဉ်းစားသုံးသပ်ရပါလိမ့်မယ်။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ကဏ္ဍစုံလုပ်ငန်းစဉ်တွေမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူပြည်သားများ၊ ပုဂ္ဂလိကကဏ္ဍ၊ ပြည်တွင်း NGO နဲ့ CSO များ၊ မိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ INGO များ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ဖို့အတွက် ယန္တရားတစ်ရပ် ဖော်ဆောင်ရေး လိုအပ်ပါတယ်။

ဒီယန္တရားကို **ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine)** လို့ အမည်ပေးထားပြီး နိုင်ငံတော်အစိုးရနဲ့အတူ ပြည်တွင်း/ပြည်ပနိုင်ငံအဖွဲ့အစည်းစုံ ပါဝင်နိုင်မှု၊ ကဏ္ဍစုံ/အလွှာစုံပါဝင်နိုင်မှု၊ လုပ်ငန်းမျိုးစုံဆောင်ရွက်နိုင်မှုတို့အတွက် ရည်ရွယ်ပြီး ဖွဲ့စည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhineမှာ နိုင်ငံတော်အစိုးရအနေနဲ့ ကျွန်မ (နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်)က ဥက္ကဋ္ဌအဖြစ် တာဝန်ယူမှာဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေါက်တာဝင်းမြတ်အေးဟာ Dr. Kofi Annan ကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီရဲ့ ဥက္ကဋ္ဌလည်းဖြစ်တဲ့အလျောက် ရခိုင်ပြည်နယ်အတွက် ရေတို၊ ရေရှည်လိုအပ်ချက် လုပ်ငန်းပေါင်းစုံကို ဆက်နွယ်၍ ထိရောက်စွာ ကျွန်မတို့တွေအတူ ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

တည်ငြိမ်အေးချမ်းတိုးတက်ဖွံ့ဖြိုးတဲ့ ရခိုင်ပြည်နယ်ဖြစ်ပေါ်လာရေးအတွက် လက်တွေ့တိုးတက်မှုရလဒ်တွေနဲ့ ပြသဖို့ ကြိုးပမ်းဆောင်ရွက်မယ့် ဒီစီမံကိန်းမှာ ပြည်သူပြည်သားတွေ၊ ပြည်တွင်း NGO တွေ၊ CSO တွေ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ပူးပေါင်းပါဝင်ကြဖို့ အလေးအနက် မေတ္တာရပ်ခံပါတယ်။ လာမယ့် အပတ်မှ စပြီး စီမံကိန်းအကောင်အထည်ဖော်တဲ့အခါမှာ ကျွန်မတို့ ပြည်ထောင်စုကြီးတစ်ရပ်လုံးက ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ အားတွေ စုပုံပြီး ထက်ထက်သန်သန်၊ သတ္တိရှိရှိနဲ့ သမိုင်းမှတ်ကျောက်တင်ရလောက်အောင် သန့်ရှင်း၊ မှန်ကန်တဲ့အစွမ်းတွေ ပြကြမယ်လို့ မျှော်လင့်ယုံကြည်ပါတယ်။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးကူညီပေးဖို့ကမ်းလှမ်းထားတဲ့နိုင်ငံတွေ၊ ကုလသမဂ္ဂအေဂျင်စီတွေ၊ World Bank နဲ့ ADB လို ဘဏ္ဍာရေးအဖွဲ့အစည်းတွေ၊ Nippon Foundation လို INGO အဖွဲ့အစည်းတွေ၊ မိတ်ဆွေနိုင်ငံတွေ ပါဝင်ကြဖို့လည်း ဖိတ်ခေါ်ထားပါတယ်။

ကျွန်မတို့ အဓိက အားကိုးနေတာကတော့ ကျွန်မတို့ ပြည်ထောင်စုရဲ့သားသမီးတွေပါပဲ။ ပြည်တွင်းကသာမက၊ ကမ္ဘာ့ဘယ်အရပ်ကိုပဲ ရောက်ရှိနေပါစေ၊ မိခင်နိုင်ငံအပေါ်မှာ မေတ္တာ၊ သစ္စာ စောင့်စည်းကာ၊ စိတ်ကောင်းစေတနာစစ်နဲ့ ဝန်းရံကူညီကြလိမ့်မယ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ရုပ်ပိုင်းဆိုင်ရာအရ အင်အားမကြီးပေမယ့်၊ စိတ်အင်အားတွေစုစည်းပြီး အောင်မြင်မှုရယူနိုင်လိမ့်မယ်ဆိုတာကို သံသယမရှိပါဘူး။ ကျွန်မတို့ပြည်သူပြည်သားများဟာ သဒ္ဓါတရားထက်သန်စွာနဲ့ လှူဒါန်းပေးကမ်းရာမှာတော့ ကမ္ဘာ့နံပါတ်(၁)လို့တောင် သတ်မှတ်ခြင်းခံရပါတယ်။ ဒီသဒ္ဓါစိတ်တွေကို စည်းစနစ်နဲ့ သေချာစွာ ပြည်ထောင်စုအကျိုးအတွက် ကျွန်မတို့တွေ သုံးစွဲသွားကြရမှာပါ။

ကျွန်မတို့ပြည်ထောင်စုကြီး အေးချမ်းသာယာ၊ တိုးတက်ဖွံ့ဖြိုးစေဖို့ အကြီးမားဆုံးအင်အားဖြစ်တဲ့ပြည်သူတွေဟာ၊ ဘယ်လိုပဲ ဒေါသတွေ၊ အမုန်းတရားတွေ၊ အနိုင်ကျင့်မှုတွေနဲ့ ရင်ဆိုင်နေရပါစေ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာကို စွဲစွဲမြဲမြဲကိုင်ပြီး စိန်ခေါ်မှုများကို ကျော်လွှားနိုင်မှာပါ။ ကျွန်မတို့တွေဟာ နိုင်ငံရဲ့ပထဝီဒေသတစ်နေရာအတွက်သာ လုပ်နေတာမဟုတ်၊ ပြည်ထောင်စုတစ်ခုလုံးအတွက် လုပ်နေတာဆိုတဲ့ စိတ်ဓာတ်နဲ့ **“ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း”** အောင်မြင်ဖို့အတွက် ခိုင်မြဲစွာ လက်တွဲပြီး လုပ်သွားကြပါစို့။

ဘယ်လိုနည်းနဲ့ ကူညီနိုင်မယ်၊ ဘယ်လိုဆက်သွယ်ပြီးလုပ်ဆောင်နိုင်မယ်ဆိုတာကို Website နဲ့တကွ၊ နိုင်ငံတော်သတင်းမီဒီယာတွေမှာ အောက်တိုဘာလ ၁၅ ရက်၊ တနင်္ဂနွေနေ့မှာ စတင်ပြီး ကြေညာပါမယ်။ ကမ္ဘာတစ်ဝန်း ရောက်ရှိနေကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ သား၊သမီးများနဲ့ ကျွန်မတို့နိုင်ငံတော်အပေါ် စေတနာထားသော မိတ်ဆွေများအနေနဲ့ အနီးဆုံး မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် ပါဝင်ကူညီနိုင်ရန်လည်း စီစဉ်ပါမယ်။

နိုင်ငံရဲ့အင်အား၊ ကျွန်မတို့ရဲ့ယုံကြည်အားထားရာဖြစ်တဲ့ ပြည်သူ ပြည်သားအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ထပ်မံဆုတောင်းလိုက်ပါတယ်။ ကောင်းကျိုးလိုရာဆန္ဒများနဲ့လည်း ပြည့်ကြပါစေ။

- **နှောင်အစဉ်အဆက် ပဋိပက္ခတွေ ကင်းဝေးစေဖို့အတွက် ဒေသဖွံ့ဖြိုးရေးနဲ့ ရေရှည်ပဋိပက္ခ ကင်းဝေးရေးကိုလည်း ရေရှည်စီမံကိန်းတွေနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။**
- **ပြည်ထောင်စုတစ်ခုလုံးအတွက် လုပ်နေတာဆိုတဲ့ စိတ်ဓာတ်နဲ့ “ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း” အောင်မြင်ဖို့အတွက် ခိုင်မြဲစွာ လက်တွဲပြီး လုပ်သွားကြပါစို့။**



နေပြည်တော် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒာဝုဓထံ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က ကထိန်လျာသင်္ကန်း ဆက်ကပ်စဉ် (သတင်းစဉ်)



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဖန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)





အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး နန့်ကြင်ကြည်က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

❀ ***ရှေ့ဖုံးမှ***

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**လှူဒါန်းပူဇော်**

အခမ်းအနားမစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ် ဆွမ်းတော်၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းပူဇော်သည်။

**ပရိတ်တရားတော်များနာယူ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဖန်းမော်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က နေပြည်တော် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဣန္ဒာဝုဓအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဖန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး

***စာမျက်နှာ ၅ သို့***

စာမျက်နှာ ၄ မှ

မင်းအောင်လှိုင်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

**အမျှပေးဝေ**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန် ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ကထိန်အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်**

အခမ်းအနားအပြီးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**လှူဒါန်းခဲ့**

ယနေ့ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ငွေကျပ် ၃၃၅၄၀၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူ ငွေကျပ် ၃၆၅၁၉၉၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နေ့ဆွမ်းဆက်ကပ်



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်စဉ် (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

# လူမှုအခြေပြုဗဟိုဌာန (Community Centre) များ ဖွံ့ဖြိုးတိုးတက်စေချင်

**အေးမြင့်အောင်**

လူ့အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ အခြေခိုင်အားကောင်းလာဖို့လိုသည်ဟု ပညာရှင်အချို့က ဆိုကြသည်။

ဒုတိယ ကမ္ဘာစစ်ပြီးနောက်ပိုင်း အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုသည့်စကားကို တွင်တွင်ကျယ်ကျယ် ပြောဆိုလာကြပြီး **“ဒီမိုကရက်တစ်နိုင်ငံရေးစနစ် ထူထောင်ရေးနှင့် ခိုင်မာစေရေးအတွက် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး နိုင်ငံတော်ယန္တရားနှင့် လုံးဝကင်းလွတ်သည့် မိမိတို့ ဆန္ဒသဘောထားဖြင့် လွတ်လွတ်လပ်လပ် စုစည်းလာကြသော လူမှုအုပ်စု”** ဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြသည်။

တစ်နည်းအားဖြင့် ပြောရလျှင် အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုသည်မှာ ဒီမိုကရေစီအစိုးရများကို အားဖြည့်ပေးသည့် အင်အားစုများဖြစ်သဖြင့် ယင်းတို့အား ခိုင်မာအားကောင်းလာအောင် ပြုစုပျိုးထောင်ပေးကြရမည်ဟု သိမှတ်လက်ခံထားကြသည်။

**အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားကောင်းရေး**

နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုလုပ်ငန်းများကို အဆင်ပြေချောမွေ့ဖို့ဆိုလျှင် စီးပွားရေးတိုးတက်မှု၊ လူလတ်တန်းစားအလွှာများ အားကောင်းမှုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တည်ရှိနေမှုဆိုသည့် အခြေခံအချက်(၃)ချက်ပေါ်တွင် များစွာမူတည်သည်။ တစ်နည်းအားဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားကောင်းမောင်းသန်ရှိခြင်းသည် ဒီမိုကရေစီကူးပြောင်းမှုအတွက် လိုအပ်သော တင်ကူးအခြေအနေတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်သည်။ ဒီမိုကရေစီနိုင်ငံရေးစနစ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားကောင်းမည်ဆိုပါလျှင် အောက်ပါအကျိုးကျေးဇူးများ ရရှိနိုင်သည်ဟု ဆိုကြသည် -

- ဒီမိုကရက်တစ်စံနှုန်းများနှင့် သတင်းအချက်အလက်များကို ဖြန့်ချိပေးနိုင်မည်။
- လူထုပါဝင်မှု တိုးမြှင့်စေရေးအတွက် တွန်းအားပေးဆောင်ရွက်နိုင်မည်။
- နိုင်ငံသားအသိုင်းအဝိုင်းစိတ်ဓာတ်များ ဖွံ့ဖြိုးလာစေရန် အားပေးဆောင်ရွက်နိုင်မည်။
- လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အသိပညာနှင့် လူမှုဘဝများမြှင့်တင်ပေးနိုင်ပြီး တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်မှု အလေ့အထ တစ်နည်းအားဖြင့် ဒီမိုကရက်တစ် ဓလေ့စရိုက်များ ဖြစ်ထွန်းလာအောင် ဆောင်ရွက်ပေးနိုင်မည်။

**အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လူမှုအခြေပြုဗဟိုဌာနများ**

ဒီမိုကရေစီနိုင်ငံရေးစနစ် ခိုင်မာအားကောင်းစေရေးအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ တစ်နည်းအားဖြင့် ရပ်ရွာအခြေပြုလူမှု အဖွဲ့အစည်းများ၏အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးသည်ဟု အထက်တွင်ဆိုခဲ့ပြီး ဖြစ်သည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌ အရပ်ဘက်လူမှုအဖွဲ့အစည်းများ နိုးကြားတက်ကြွလာခဲ့သော်လည်း ယင်းတို့၏လုပ်ကိုင်နိုင်စွမ်းမှာ လိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိသည်။

တစ်နည်းအားဖြင့် ယင်းအဖွဲ့အစည်းများ ပိုမိုလုပ်သာကိုင်သာရှိစေရေးအတွက် အဘက်ဘက်က အားပေးမြှင့်တင်ပေးခြင်း၊ လမ်းညွှန်တည့်မတ်ပေးခြင်းတို့ကို မဖြစ်မနေဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိနေသည်။ ထိုသို့ အားပေးကူညီ ဆောင်ရွက်နိုင်ရန် လူမှုအခြေပြုဗဟိုဌာနခေါ် Community Centre များ လိုအပ်သည်။

လူမှုအခြေပြုဗဟိုဌာန (Community Centre) ဆိုသည်မှာ အသင်းအဖွဲ့များကို စုစည်းနိုင်ရန်ဆောင်ရွက်ထားသောနေရာတစ်ခုဖြစ်ပြီး အဖွဲ့လိုက် စုစည်းလှုပ်ရှားရန်ဖြစ်စေ၊ လူမှုရေးအရ အထောက်အကူပေးရန်ဖြစ်စေ၊ အများပြည်သူနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရယူရန်နှင့် မျှဝေရန်အတွက်ဖြစ်စေ၊ အခြားသော ရည်ရွယ်ချက်များဖြင့် ဖြစ်စေစုဝေးရန် ရည်ရွယ်ထားသော အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများပင် ဖြစ်သည်။

တစ်ခါတစ်ရံ ဒေသရှိပြည်သူများက အဖွဲ့ငယ်များဖွဲ့စည်း၍ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လှုပ်ရှားဆောင်ရွက်ကြပြီး ယဉ်ကျေးမှုကိစ္စများ၊ ရပ်ရွာဖွံ့ဖြိုးရေးကိစ္စများ၊ အပန်းဖြေနားနေရန် ကိစ္စများ၊ လူမှုရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်ကြသည့် နေရာတစ်ခုပင် ဖြစ်သည်။

ထို့ကြောင့် အရပ်ဘက်လူမှုအဖွဲ့အစည်းသည် ဒီမိုကရေစီနိုင်ငံရေးစနစ်အတွက် အဓိက သော့ချက်အဖြစ် အရေးပါသကဲ့သို့ လူမှုအခြေပြုဗဟိုဌာန (Community Centre) များသည်လည်း အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံ၏လူမှုအရင်းများ အားနည်းချည့်နဲ့ မသွားအောင် ကျားကန်ပေးနေသော နေရာများအဖြစ် အရေးပါလျက်ရှိသည်။

**ဖွင့်လှစ်ထားသည့် လူမှုအခြေပြုဗဟိုဌာနများ**

မြန်မာနိုင်ငံတွင် ခရိုင်နှင့် မြို့နယ်တိုင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဖွင့်လှစ်ထားသည့် ပြည်သူ့စာကြည့်တိုက်ပေါင်း ၄၀၀ ကျော်တည်ရှိသည်။ အမှန် အတိုင်းပြောရလျှင် ယင်းစာကြည့်တိုက်များ၏ ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ အားနည်းချက်အချို့ကြောင့် ပြည်သူလူထုအသုံးပြုမှုနှင့် စာငှား/စာဖတ်နည်းပါးလျက်ရှိသည်။ ၂၀၁၃ ခုနှစ်တွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက စတင်၍ ကော့မှူးမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းကာ လူမှုအခြေပြုဗဟိုဌာန(Community Centre)တစ်ခုကို စတင်အကောင်အထည်ဖော်ပေးခဲ့သည်။

> **ယခင်က ယင်းစာကြည့်တိုက်များသည် စာအုပ်/စာစောင်ငှားရမ်းပေးသည့် ဝန်ဆောင်မှုကိုသာ ဆောင်ရွက်ကြရပြီး ယခုအခါ ယင်းအဆောက်အအုံ၊ ယင်းစာကြည့်တိုက်၊ ယင်းမြေနေရာများသည် အစိုးရဌာနဆိုင်ရာများ အသုံးပြုရုံလောက်သာ မဟုတ်တော့ဘဲ သက်ဆိုင်ရာ ရပ်ရွာပြည်သူလူထုက လိုအပ်သလို အသုံးပြုနိုင်သည့် Public Ownership ပုံစံအဖြစ် ပြောင်းလဲသွားခဲ့**

ယခင်ဆောင်ရွက်ခဲ့သည့် စာကြည့်တိုက်ဝန်ဆောင်မှုများထက် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးကာ ပြည်သူလူထုအား အသိပညာပေး ဆောင်ရွက်နိုင်ခဲ့သည်။ နယ်လှည့်စာကြည့်တိုက်ယာဉ် (Mobile Library Bus) ဖြင့် အနီးအနားရှိ ကျေးရွာများ၊ စာသင်ကျောင်းများသို့ လှည့်လည်ကာ စာအုပ်စာစောင်များ ငှားရမ်းပေးခဲ့သည်။ လူမှု အခြေပြုဗဟိုဌာန အဆောက်အအုံ၌ သင်တန်းများ ဖွင့်လှစ်ခြင်း၊ ဟောပြောပွဲများနှင့် ဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ တစ်နည်းအားဖြင့် ဒီမိုကရေစီစနစ် အမြစ်တွယ်ခိုင်မာရေးနှင့် ဒီမိုကရေစီ အလေ့အထများ ပြန့်ပွားရေး၊ အသိပညာ အတတ်ပညာများ ပြည့်ဝပြီး လူလတ်တန်းစားအလွှာ ခိုင်မာအားကောင်းရေးတို့အတွက် ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ကော့မှူးမြို့နယ်ရုံး၊ အင်းစိန်ခရိုင်ရုံး၊ မြောင်းမြခရိုင်ရုံး၊ နတ်မောက်မြို့နယ်ရုံး၊ ပျဉ်းမနားမြို့နယ်ရုံး၊ မြစ်ကြီးနားခရိုင်ရုံးနှင့် မန္တလေးခရိုင်ရုံးများတွင် လူမှုအခြေပြုဗဟိုဌာန (Community Centre) များ ဖွင့်လှစ်၍ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် ကူညီပံ့ပိုးပေးလျက်ရှိသည်ကို တွေ့မြင်နေရသည်။ ထို့ပြင် ဖွင့်လှစ်ပြီး လူမှုအခြေပြုဗဟိုဌာနများတွင် လူမှုအဖွဲ့အစည်းအသီးသီးက ပါဝင်ဆောင်ရွက်နေသည့် ဆွေးနွေးပွဲများ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲများ၊ လှုပ်ရှားမှုများဖြင့် စည်ကားသက်ဝင်လျက်ရှိကြသည်ကိုလည်း တွေ့မြင်နေရသည်။ ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ဘားအံခရိုင်ရုံးအတွင်း လူမှုအခြေပြုဗဟိုဌာနတစ်ခု မကြာမီဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည့်အတွက် အားရဝမ်းသာဖြစ်မိသည်။

**အားပေးကူညီပေးသင့်သည်**

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့က လူမှုအခြေပြုဗဟိုဌာနများ ပေါ်ပေါက်လာရန် ပူးပေါင်းအကောင်အထည်ဖော်ပေးလျက်ရှိသည်။ အမှန်အတိုင်းပြောရလျှင် လူမှုအခြေပြုဗဟိုဌာန(Community Centre) များနှင့် ပတ်သက်၍ လူမှုအဖွဲ့အစည်းအသီးသီးနှင့် ပြည်သူလူထုအများစုက ပူးပေါင်းပါဝင်မှု လိုအပ်နေသေးသည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့် ယခင်က အစိုးရမှ ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များဖြစ်၍ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု (Public Engagement) အားနည်းခြင်းလည်း ဖြစ်နိုင်သည်။

တကယ်တမ်းပြောရလျှင် ယခင်က ဖွင့်လှစ်ထားသည့် ရုံးစာကြည့်တိုက်များပုံစံနှင့် ယခုပြောင်းလဲဖွင့်လှစ်နေသည့် Community Centre များ၏ သဘောသဘာဝနှင့် ရည်ရွယ်ချက်မှာ များစွာခြားနားသွားပြီ ဖြစ်သည်။ ယခင်က ယင်းစာကြည့်တိုက်များသည် စာအုပ်/စာစောင်ငှားရမ်းပေးသည့် ဝန်ဆောင်မှုကိုသာ ဆောင်ရွက်ကြရပြီး ယခုအခါ ယင်းအဆောက်အအုံ၊ ယင်းစာကြည့်တိုက်၊ ယင်းမြေနေရာများသည် အစိုးရဌာနဆိုင်ရာများ အသုံးပြုရုံလောက်သာ မဟုတ်တော့ဘဲ သက်ဆိုင်ရာ ရပ်ရွာပြည်သူလူထုက လိုအပ်သလို အသုံးပြုနိုင်သည့် Public Ownership ပုံစံအဖြစ် ပြောင်းလဲသွားခဲ့သည်။

ယင်းအဆောက်အအုံနှင့် ယင်းမြေနေရာများသည် လူမှုအဖွဲ့အစည်း အသီးသီးတို့ ဆုံစည်းရာ၊ ဆွေးနွေးတိုင်ပင်ရာ၊ အခမ်းအနားများ၊ ပွဲလမ်းသဘင်များ ကျင်းပရာစသည့် ပြည်သူများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသည့် အဆောက်အအုံနှင့် မြေနေရာများအဖြစ် အသုံးပြုနိုင်ပြီ ဖြစ်သည်။

ထို့ကြောင့် ရပ်ရွာဒေသအသီးသီးရှိ လူမှုအဖွဲ့အစည်း အသီးသီးအနေဖြင့် ဖွင့်လှစ်ပြီးဖြစ်သည့် ရပ်ရွာအခြေပြုဗဟိုဌာနများကို ဆက်လက်ရှင်သန်ဖွံ့ဖြိုးရန် ဝိုင်းဝန်းကူညီခြင်း၊ ပြည်သူလူထုအတွက် အကျိုးရှိရာ နေရာဒေသများအဖြစ် ဝိုင်းဝန်းဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသင့်သည်။ ထို့ပြင် ရပ်ရွာအခြေပြုဗဟိုဌာန (Community Centre) အဖြစ် မဖွင့်လှစ်နိုင်သေးသည့် ဒေသများရှိ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ရပ်ရွာလူမှုအဖွဲ့အစည်းများကလည်း အမြန်ဆုံးဖွင့်လှစ်အကောင်အထည်ဖော်ရန် ဝိုင်းဝန်းကူညီခြင်းတို့ကို ဆောင်ရွက် ပေးသင့်ပါသည်။ လူမှုအခြေပြုဗဟိုဌာနများ ဖွင့်လှစ်ပြီးသည့် ဒေသအသီးသီးရှိ လူမှုအဖွဲ့အစည်း အသီးသီးအနေဖြင့် မိမိတို့ဗဟိုဌာနများတွင် အောက်ပါ ဝါသနာတူရာ ကလပ်များဖွဲ့စည်း၍ သက်ဆိုင်ရာလှုပ်ရှားမှုများကို စတင်ဆောင်ရွက်ပေးသင့်ပါသည်-

(က) Women's Club များ ဖွဲ့စည်း၍ လက်မှုပညာရပ်များ၊ အိမ်တွင်းမှုပညာရပ်များ၊ ကျန်းမာရေးဆိုင်ရာများ၊ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ကာကွယ်ပိုင်ခွင့်များ၊ မိသားစုဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခြင်း၊ ပညာရှင်များ ဖိတ်ခေါ်၍ ဟောပြောပေးခြင်းတို့ကို ဆောင်ရွက်သင့်သည်။

(ခ) Language Club များ ဖွဲ့စည်း၍ (၁) အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြော လေ့ကျင့်ခြင်း၊ သင်တန်းများပေးခြင်း (၂) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ဆောင်ရွက်သင့်ပါသည်။

(ဂ) Reading Club/ Book Club များ ဖွဲ့စည်း၍ ခေါင်းစဉ်တူ/ အကြောင်းအရာတူ စာအုပ်များ ဖတ်ရှု၍ ရှုထောင့်အသီးသီးမှ ပြန်လည်ဆွေးနွေးခြင်း၊ စာရေးသူများအား ဖိတ်ခေါ်၍ ယင်း၏စာအုပ်များအား ဆွေးနွေးခြင်းနှင့် မိမိတို့မှ ပြန်လည်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

(ဃ) Youth Club များ ဖွဲ့စည်းပြီး လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခြင်း၊ Youth Network များနှင့် ချိတ်ဆက်ဆောင်ရွက်၍အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရှာဖွေပေးခြင်း၊ လူငယ်များ၏အသိဉာဏ်နှင့် စာရိတ္တဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ ရပ်ရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လူငယ်များ၏အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်း၊ လူငယ်များအချင်းချင်း အတွေးအမြင်နှင့်ကျွမ်းကျင်မှုများ ဖလှယ်ခြင်း၊ လူငယ်များ၏ ဆန်းသစ်တီထွင်မှုများအား အားပေး မြှင့်တင်ခြင်း၊ လူငယ်များ စိတ်ဓာတ်မြင့်မားလာစေရန် ဘာသာရပ်ဆိုင်ရာပညာရှင်များ ခေါ်ယူဆွေးနွေးဟောပြောခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

(င) ကလေးများအား အသက်အရွယ် အုပ်စုအလိုက် ခွဲခြား၍ ဆေးရောင်ခြယ် ပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲများနှင့် အခြားယှဉ်ပြိုင်ပွဲများပြုလုပ်၍ မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးသင့်ပါသည်။

**ပူးပေါင်းကူညီပေးစေချင်**

လူ့ယဉ်ကျေးမှု သမိုင်းတစ်လျှောက် အကျယ်ပြန့်ဆုံးသော အပြောင်းအလဲတစ်ခုကို ပြပါဆိုလျှင် ဒီမိုကရေစီသည်သာ တရားနည်းလမ်းအကျဆုံး အစိုးရ ပုံသဏ္ဌာန်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် နားလည်လက်ခံခဲ့ကြသည့် ဒီမိုကရေစီတိုင်ဖေးရှင်း တတိယလှိုင်းကြီးပင် ဖြစ်သည်။ ယင်းအချိန်မှစ၍ ကမ္ဘာ့နိုင်ငံအားလုံး၏ မျက်နှာမူရာသည် ဒီမိုကရေစီ စနစ်သာဖြစ်လာ၍ မိမိတို့နိုင်ငံနှင့်လိုက်ဖက်မည့် ဒီမိုကရေစီစနစ်ကို လိုက်ပါပုံဖော်ခဲ့ကြသည်။

နိုင်ငံတစ်နိုင်ငံ လူ့အဖွဲ့အစည်းတစ်ရပ်၌ ဒီမိုကရေစီ ဓလေ့စရိုက်နှင့် ဒီမိုကရေစီ ယဉ်ကျေးမှုများ ရှင်သန်ခိုင်မာဖို့ဆိုလျှင် ယင်းလူ့အဖွဲ့အစည်းများ၏ ပကတိအခြေအနေများကို အဓိကဦးတည်စဉ်းစားရမည် ဖြစ်သည်။ ယင်းသို့ ဦးတည်စဉ်းစားရမည့် ပကတိအခြေအနေများမှာ အထက်တွင်ဆိုခဲ့သည့်အတိုင်း စီးပွားရေးတိုးတက်မှု အခြေအနေ၊ လူလတ်တန်းစားအလွှာများ တည်ရှိမှုအခြေအနေတို့နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တည်ရှိနေမှု အခြေအနေများပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယနေ့ဖွင့်လှစ်ထားရှိသည့် လူမှုအခြေပြုဗဟိုဌာန (Community Centre) များသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရေးကို အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုပေးနေသည် ဖြစ်ရာ ယင်းလူမှုအခြေပြုဗဟိုဌာနများ ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသင့်ပေသည်။

ယင်းသို့ကူညီပေးခြင်းသည် ဒီမိုကရေစီသစ်ပင်ကြီးရှင်သန်ဖြစ်ထွန်းရေးအတွက် တစ်ဖက်တစ်လမ်းမှ ပေါင်းသင် ရေလောင်း မြေတောင်မြှောက်ပေးခြင်းပင်ဖြစ်ရာ လူထုလူတန်းစားအလွှာအသီးသီးမှ ပါဝင်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူမှုအခြေပြုဗဟိုဌာနများ ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသင့်ပေသည်။

## ဝက်လက်မြို့နယ်၌ အိမ်သုံးဆိုလာမီးလင်းရေး ဖွင့်ပွဲကျင်းပ

**ဝက်လက် အောက်တိုဘာ ၁၂** - စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသမီးလင်းရေးအတွက် တစ်အိမ်သုံးဆိုလာစနစ် မီးလင်းရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ရက်က အုန်နဲ့ဘုတ်(တ)ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

NEP ဆိုလာမီးလင်းရေးဖွင့်ပွဲအခမ်းအနားတွင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်သိန်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ခြောက်ရွာ၊ အိမ်ခြေ ၄၂၂လုံးအတွက် 30W ၁၈၁ လုံး၊ 45W ၃၁ လုံး၊ 60W ၂၁၀ စုစုပေါင်း ၄၂၂ ယူနစ် တပ်ဆင်ပေးပြီး စာသင်ကျောင်း ခြောက်ကျောင်း၊ ကျန်းမာရေးဆေးပေးခန်း သုံးခန်း၊ ဘာသာရေးကျောင်း ကိုးကျောင်း၊ လမ်းမီးတိုင် ၃၀ တို့ကိုလည်း အခမဲ့တပ်ဆင်ပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**နန်းမြင့်(ဝက်လက်)**

# ရခိုင်ပြည်နယ် ဖြစ်စဉ်နှင့်ပတ်သက်၍ အခြေအနေမှန်များကို ကမ္ဘာကသိရှိအောင် လုပ်ဆောင်ရန်လို

**နေပြည်တော် အောက်တိုဘာ ၁၂**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်သံအမတ်ကြီး H.E.Mr. Tateshi HIGUCHI အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ဧည့်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်နိုင်ငံ သံအမတ်ကြီးက ဂျပန်နိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်စဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ အကျပ်အတည်းကို နားလည်ပါကြောင်း၊ မြန်မာနိုင်ငံ အစိုးရနှင့် တပ်မတော်၏ လုံခြုံရေးဆိုင်ရာများကို အပြုသဘောဖြင့် လုပ်ဆောင်နေသည်ကို သိရှိပြီး ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကိုလည်း ရပ်တည်ချက်မပြောင်းလဲဘဲ ဆက်လက်ကူညီ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော သတင်းအချက်အလက်များအပေါ် မူတည်ပြီး ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးကိစ္စအား ဆွေးနွေးရန် လုပ်ဆောင်နေကြောင်း၊ အချို့ အချက်အလက်များသည် မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်၏ အမှန်တကယ်လုပ်ဆောင်မှုများနှင့် လွဲမှားနေသဖြင့် ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့်ပတ်သက်၍ အခြေအနေမှန်များကို ကမ္ဘာကသိရှိအောင် လုပ်ဆောင်ရန်လိုကြောင်း အကြံပြုဆွေးနွေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မြန်မာနိုင်ငံအတွင်းရှိ နေရပ်ရှောင်ရခိုင်လူမျိုးများ၊ ဒေသခံတိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် ဘင်္ဂါလီများကိုပါ ထောက်ပံ့မှုများ၊ ဆေးဝါးကုသမှုများ လုပ်ဆောင်ပေးနေကြောင်း၊ မိမိတို့နိုင်ငံတွင် လူမျိုးတုံးသတ်ဖြတ်မှုလည်း လုံးဝမရှိကြောင်း၊ ဘင်္ဂါလီများအနေဖြင့် ကြောက်ရွံ့ထိတ်လန့်၍ ပြေးခြင်းမျိုးမဟုတ်ဘဲ အေးဆေးစွာ ထွက်ခွာသွားခြင်းဖြစ်သည်ကို ဓာတ်ပုံမှတ်တမ်းများတွင် တွေ့ရကြောင်း၊ အစိုးရအုပ်ချုပ်ရေးမှ တာဝန်ရှိသူများက ထွက်ခွာခြင်းမပြုရန် ပြောဆိုသည်ကိုပင် လက်မခံကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသူများကိုလည်း ၁၉၉၃ ခုနှစ်တွင် နှစ်နိုင်ငံ ညှိနှိုင်းသဘောတူညီချက်များအရ ပြန်လည် လက်ခံသွားရန်ရှိကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လေးစားလိုက်နာရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်သံအမတ်ကြီး H. E. Mr. Tateshi HIGUCHI အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)



# ဂျပန်သံအမတ်ကြီးနှင့် ဗြိတိန်သံအမတ်ကြီးတို့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဂျပန်သံအမတ်ကြီး H.E.Mr. Tateshi HIGUCHI နှင့် ဗြိတိန်သံအမတ်ကြီး H.E. Mr. Andrew Patrick **(အပေါ်ပုံ)**တို့နှင့် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားချိန်မှစ၍ နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်နေသည့် လူသားချင်းစာနာမှုလုပ်ငန်းများ၊ ရခိုင်အရေးနှင့် ပတ်သက်၍ နိုင်ငံတကာမှနားလည်မှုလွဲမှားကာ ဝေဖန်နေသည့်ကိစ္စများ၊ လိုအပ်သောလူသားချင်းစာနာမှုအကူအညီများနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်နယ်အစိုးရ၊ တပ်မတော်နှင့် ပြည်ထောင်စုအစိုးရတို့ ပူးပေါင်း၍ ထောက်ပံ့ကူညီရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ Red Cross Movement (RCM) ၏ ဒေသတွင်း သွားရောက်ကူညီနေမှု၊ မြန်မာပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအင်အားနှင့် လူသားချင်းစာနာကူညီမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည့်ကိစ္စများ၊ ကျေးရွာများ ပြန်လည်တည်ဆောက်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်အဆင့်စီမံကိန်းများ ချမှတ်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ မကြာမီ စတင်မည့်ကိစ္စများ၊ ရခိုင်အကြံပေးကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ရာတွင် ဂျပန်နိုင်ငံမှ ပူးပေါင်းပါဝင်ကူညီပေးမည့်ကိစ္စများ၊ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများအတွက် နိုင်ငံတော်မှ ထိထိရောက်ရောက် ဆောင်ရွက်နေသော အကူအညီပေးရေးလုပ်ငန်းများအား သိရှိပြီး ဂျပန်နိုင်ငံ အနေဖြင့် အပြည့်အဝနားလည်၍ မြန်မာနိုင်ငံအား ဆက်လက်ထောက်ခံသွားမည့်ကိစ္စ၊ ရခိုင်အရေးနှင့် ပတ်သက်၍ ဗြိတိန်နိုင်ငံမှ မြန်မာနိုင်ငံအား နည်းပညာဆိုင်ရာ အကူအညီ အထောက်အပံ့နှင့် အခြားလိုအပ်သောအကူအညီများပေးမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ယခုဘဏ္ဍာနှစ်တွင် ဆန်တန်ချိန်နှစ်သန်း တင်ပို့နိုင်မည်ဟု ခန့်မှန်းထား

**နေပြည်တော် အောက်တိုဘာ ၁၂**

ဆန်တင်ပို့မှုအခြေအနေနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ယခုဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် နှစ်သန်း တင်ပို့နိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ထို့အပြင် စျေးကွက်အနေဖြင့်လည်း ယခင်နှစ်က တင်ပို့ခဲ့ခြင်းမရှိသော ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံများသို့ တိုးချဲ့တင်ပို့နိုင်ခဲ့ပါကြောင်း၊ သို့သော်လည်း အိမ်နီးချင်း ထိုင်းနိုင်ငံသည် ဆန်တန်ချိန် ၁၀ သန်း ကျော်တင်ပို့နိုင်သဖြင့် မြန်မာနိုင်ငံ၏ တင်ပို့နိုင်မှုစွမ်းရည်နှင့် အလားအလာအပေါ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိရေးအတွက် Quality Market၊ Quantity Market များကို ဆန်စပါးအမျိုးအစားအလိုက် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆိုပါ တင်ပို့မှု စျေးကွက်အလိုက် ဆန်စပါးအမျိုးအစားခွဲကာ ဇုန်အလိုက် ရွေးချယ်စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေး စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက နိုင်ငံတကာ ဆန်စျေးကွက်နှင့် မြန်မာဆန်စျေးကွက်အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ဆန်တင်ပို့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန် စပါးကုန်သည်များအသင်း၊ ဘုရင့်နောင်ဝါးတန်း၊ မူဆယ် ဆန်စပါးကုန်သည်ဒိုင်များနှင့် ကုမ္ပဏီများက ဆန်စပါးတင်ပို့ရာတွင် တွေ့ကြုံရသည်များအား ရှင်းလင်းဆွေးနွေးပြီး ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖြည့်စွက်ဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နိုင်ငံ့ဝန်ထမ်းများကို သင်တန်းပေးမည့်အစီအစဉ်နှင့် သင်တန်းအစီအစဉ်ရေးဆွဲခြင်းကိစ္စများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် Japan International Cooperation Agency (JICA) မှ Chief Representative, Mr. Masayuki KARASAWA နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် Japan International Cooperation Agency (JICA) မှ နေပြည်တော်တွင် ပြည်သူ့ဝန်ထမ်း အကယ်ဒမီလေ့ကျင့်ရေးဗဟိုဌာန (Civil Services Academy Training Center) တည်ဆောက်ရန် အခြေအနေများ၊ တည်ဆောက်ပြီးနောက် နိုင်ငံ့ဝန်ထမ်းများအား ရာထူးအဆင့်အလိုက် သင်ကြားမည့် Short-term Training Courses နှင့် Long-term Training Courses တို့တွင် လိုအပ်သည့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ စွမ်းရည်မြှင့်တင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများကို သင်တန်းပေးမည့် အစီအစဉ်များ၊ သင်တန်းအစီအစဉ် ရေးဆွဲခြင်းကိစ္စရပ်များ၊ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း ကိစ္စရပ်များ၊ သင်တန်းစီမံခန့်ခွဲမှုများနှင့် အကဲဖြတ်စနစ်များ တိုးတက်လာစေရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



*ကျောဖုံးမှ*

အဆိုပါ ဆင်သေချောင်းနှင့် ငါးလိုက်ချောင်း နှစ်ခုဆုံရာ နေရာသည် နေပြည်တော် ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်နှစ်ခုကြားမှ စီးဆင်းကာ ပေါင်းလောင်းမြစ်ထဲသို့ စီးဆင်းလျက်ရှိသည့် ရေစီးအားကောင်းသော ချောင်းတစ်ချောင်းဖြစ်သည်။ ယခုရက်ပိုင်း မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေများမြင့်တက်ကာ ဇေယျာသီရိမြို့နယ်အတွင်းရှိ ဝဲကြီးကျေးရွာတွင် မြစ်ကမ်းနံဘေးမြေပြိုမှုများ ဖြစ်ပေါ်ခြင်း၊ မြို့နယ်နှစ်ခုကို ဆက်သွယ်ထားသော တံတားတစ်စင်း ရေစီးနှင့် မျောပါပျက်စီးခြင်း၊ ချောင်းကမ်းနံဘေးရှိ စိုက်ပျိုးထားသော သီးပင်စားပင်များ ပျက်စီးခြင်း၊ ယင်းချောင်းတစ်လျှောက်ရှိ ကျေးရွာများဖြစ်သော ညောင်ပင်ကြီးကျေးရွာ၊ ချောင်းကမ်းကြီးကျေးရွာ၊ စည်ပင်ကြီးကျေးရွာတို့အတွင်း ချောင်းရေများ မြင့်တက်စီးဝင်နေသောကြောင့် ဒေသခံပြည်သူများ သွားလာရေး အခက်အခဲများနှင့် တွေ့ကြုံနေရသည်။

ထို့အတူ အဆိုပါချောင်းသည် ပျဉ်းမနားမြို့နယ်နှင့် ဇေယျာသီရိမြို့နယ် နှစ်မြို့နယ်မှ စီးဆင်းရာချောင်းဖြစ်သဖြင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံများ အခက်အခဲများနှင့် ကြုံတွေ့နေရသလို ပျဉ်းမနားမြို့နယ်အတွင်းရှိ ချောင်းရိုးတစ်လျှောက် ချောင်းကမ်းနံဘေးရှိ ကျေးရွာများမှ ဒေသခံများလည်း အခက်အခဲများနှင့် ကြုံတွေ့နိုင်ကြောင်း ဝဲကြီးကျေးရွာနေ ဒေသခံတစ်ဦးက ပြောကြားသည်။

# ရခိုင်အရေး ခက်ခဲစွာဖြေရှင်းဆောင်ရွက်နေရသည်ကို နားလည်စာနာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr.Tateshi Higuchi အား ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဂျပန်သံအမတ်ကြီးက မြန်မာနိုင်ငံအနေဖြင့် ရခိုင်အရေးကိစ္စအား ခက်ခဲစွာဖြေရှင်းဆောင်ရွက်နေရသည်ကို နားလည်စာနာမှုရှိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ကောင်းမွန်သောဆောင်ရွက်ချက်များတွင် ပူးပေါင်းပါဝင်သွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်း ရည်မှန်းချက်အောင်မြင်ရေး သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်ဆောင်ရွက်

**စစ်တွေ အောက်တိုဘာ ၁၂**

ရခိုင်ပြည်နယ် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၇ အသိပေးဆွေးနွေးပွဲကို ယနေ့ နံနက်၁၁ နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁) ၌ ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဂျပန်ဦးနှောက်ရောင်ရောဂါသည် ခြင်မှတစ်ဆင့် ကူးစက်သည့်ရောဂါဖြစ်ပြီး ရခိုင်ပြည်နယ်တွင် အများဆုံးဖြစ်ပွားနေသည်ကို တွေ့ရပါကြောင်း။ မြန်မာနိုင်ငံတွင် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်ဖြင့် အသက် ၅ နှစ်အောက် ကလေးများအား ကာကွယ်ဆေး ၁၀ မျိုးကိုအသုံးပြုပြီး ကူးစက်ရောဂါများဖြစ်ပွားမှုနှင့် သေဆုံးမှုများမရှိရအောင် ကာကွယ်ပေးနေသည်ကို သိရပါကြောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် ပိုးတွေ့လူနာပေါင်း ၁၃၉ ဦးနှင့် သေဆုံးသူ ၁၉ ဦးထိ ရှိခဲ့ကြောင်း၊ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း ရည်မှန်းချက်အောင်မြင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အစုလိုက် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ၂၀၁၇ နှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများ၏ မေးမြန်းချက်ကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။

ရခိုင်ပြည်နယ်အတွင်း အသက် ၉ လမှ ၁၅ နှစ်အထိ ကလေးပေါင်း ၁၀၆၂၅၀၀ ခန့်ကို ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ပြီး ကျောင်းနေအရွယ်များဖြစ်သော အသက် ငါးနှစ်မှ ၁၅ နှစ်အထိ ကလေးများကို နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်များတွင် စာသင်ကျောင်းများ၌ လည်းကောင်း၊ အသက် ၉ လမှ ၅ နှစ်အထိ ကလေးငယ်များကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်တွင် သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်များ၌ လည်းကောင်း နှစ်သုတ်ခွဲပြီး ထိုးနှံပေးသွားမည် ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်က၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအရာရှိကြီးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ တက်ရောက်ကြောင်း သိရသည်။

"အခုထိုးတဲ့ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးက မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက်ထိုးတာဟာ ပထမဆုံးအကြိမ်ပါ။ ဒါကြောင့် သတ်မှတ်ထားတဲ့ကလေးတွေအားလုံးကို ထိုးနှံပေးစေချင်ပါတယ်။ ဒီလုပ်ငန်းအောင်မြင်ဖို့အတွက် ဌာနဆိုင်ရာတွေ၊ မိဘပြည်သူတွေအားလုံး ပူးပေါင်း ကူညီပေးကြပါလို့ တိုက်တွန်းပါတယ်" ဟု ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က ပြောသည်။

**သတင်း-ကိုကြီးစော၊**

**ဓာတ်ပုံ-ဓညစော**

# ၂၀၁၇ ခုနှစ် ကမ္ဘာ့ မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

**မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်လာစေရန်နှင့် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများကြောင့် မျက်မမြင်ဖြစ်ပွားမှု လျော့နည်းပပျောက်သွားစေရန် ရည်ရွယ်ကျင်းပသော ၂၀၁၇ ခုနှစ် ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပရာ အမြဲတမ်းအတွင်းဝန်၊ ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။**

အမြဲတမ်းအတွင်းဝန်က ခရစ်နှစ် ၂၀၁၉ ခုနှစ်တွင် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများ၏ ၂၅ ရာခိုင်နှုန်းကို လျှော့ချနိုင်ရန် ဆောင်ရွက်လျက်ရှိရာတွင် မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေးစီမံကိန်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူပေါင်း ၂၄၆ သန်းနှင့် မျက်စိကွယ်သူပေါင်းမှာ ၃၉ သန်းခန့် ရှိပါကြောင်း၊ ၎င်းတို့၏ ၆၅ ရာခိုင်နှုန်းမှာ အသက် ၅၀ နှင့်အထက်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အမြင်အာရုံချို့တဲ့သူများ၏ ၉၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြပြီး ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ ရရှိနိုင်သည်ကို သိရှိရပါကြောင်း။

မြန်မာနိုင်ငံတွင် ကာကွယ်ကုသနိုင်သော မျက်စိရောဂါများအနက် အဓိက မျက်စိမမြင်ခြင်းကို ဖြစ်စေနိုင်သော ရောဂါများမှာ အတွင်းတိမ်၊ ရေတိမ်၊ မျက်မှန်လိုအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ဆီးချို၊ သွေးတိုးရောဂါကြောင့်ဖြစ်သောရောဂါများဖြစ်ပြီး အတွင်းတိမ်ရောဂါမှာ အားလုံး၏ ၆၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ထို့ကြောင့် မျက်စိအတွင်းတိမ်ရောဂါကို ထိထိရောက်ရောက် ကာကွယ်ကုသပေးနိုင်လျှင် မျက်မမြင်လျော့နည်းရေးကို ဦးတည်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊

မြန်မာနိုင်ငံတွင် မျက်စိဆရာဝန် ဦးရေပေါင်း ၃၅၀ ခန့် ရှိနေပြီဖြစ်သည့်အတွက် လူဦးရေ တစ်သိန်းခွဲတွင် မျက်စိဆရာဝန် တစ်ဦးနှုန်းဖြင့် စောင့်ရှောက်မှုပေးနိုင်ပြီဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် နှစ်စဉ် မျက်စိဆရာဝန်များကို တိုးတက်မွေးထုတ်လျက်ရှိပါကြောင်း၊

မြန်မာနိုင်ငံတွင် မျက်ခမ်းစပ်ရောဂါသည် WHO ၏ (Elimination Criteria for Trachoma) များဖြစ်သည့် ကူးစက်မျက်ခမ်းစပ် ဖြစ်ပွားနှုန်း (၁ နှစ်မှ ၉ နှစ်အထိ ကလေးများ) ၏ ၅ ရာခိုင်နှုန်းအောက်သို့ ကျဆင်းရေးနှင့် မျက်တောင်စိုက် မျက်တောင်မွေးစူးရောဂါ ဖြစ်ပွားနှုန်း ၀ ဒသမ ၁ ရာခိုင်နှုန်းအောက်သို့ လျော့ကျစေရေးတို့မှာ ပြည့်မီနေပြီဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် မျက်ခမ်းစပ်ရောဂါ ကင်းစင်ကြောင်း ကြေညာနိုင်ရန် ကြိုးပမ်းအားထုတ်နေပြီဖြစ်ပါကြောင်း။

မျက်မမြင်ကာကွယ်ရေး လုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မျက်မမြင် ကာကွယ်ရေး စီမံကိန်းဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဆေးရုံကြီးများ၊ ခရိုင်အဆင့် ဆေးရုံကြီးများရှိ မျက်စိကုဌာနများ၊ ကျေးလက် ကျန်းမာရေးဌာနများ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့ အစည်းများအပြင် ပြည်သူလူထုတစ်ရပ်လုံးကလည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်မှုသာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်မှန်းချက်ဖြစ်သော ၂၀၂၀ ပြည့်နှစ်တွင် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများ လျော့နည်းပပျောက်စေရန် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူတစ်ရပ်လုံး အနေနှင့်လည်း မျက်စိကျန်းမာရေးကို အလေးထားပြီး စမ်းသပ်စစ်ဆေးမှု ခံယူကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်က အမှာစကား ပြောကြားပြီး ခင်းကျင်းပြသထားသော ၂၀၁၇ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုသည်။

ယခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ ဆောင်ပုဒ်မှာ Universal Eye Health "Make Vision Count"- **"အမြင်အာရုံ ကောင်းစေဖို့ အရွယ်မရွေး မျက်စိစမ်းသပ်လို့ ကာကွယ်ကုသကြပါစို့"** ဖြစ်ပြီး ပြည်သူတစ်ရပ်လုံး မျက်စိကျန်းမာရေး ကောင်းမွန်စေရန် အသက်အရွယ်မရွေးပါဝင်၍ အချိန်မီ မျက်စိစမ်းသပ်ရန်နှင့် ကုသရန် တိုက်တွန်းနှိုးဆော်လိုခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်ကလေးငယ် ၁၀၀ ကျော်ကို အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကကြီးမှူး၍ ကမ္ဘောဇဘဏ် ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM) နှင့် စင်ကာပူနိုင်ငံ အခြေစိုက် Smile Asia ဆေးပညာအဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ကလေးငယ်များကို အခမဲ့ခွဲစိတ်ကုသပေးသည့် (8th International Friendship Medical Mission 2017) အစီအစဉ်ဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက်က ရန်ကုန်မြို့ အမျိုးသားသွေးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Mr. Robert Chua က အမှာစကားပြောကြားပြီး Smile Asia ၏ အဖွဲ့ဝင် KodomoniEgoa ၏ ဥက္ကဋ္ဌ Mr. Keiji Matsushima က Smile Asia အဖွဲ့နှင့်ပတ်သက်၍ မိတ်ဆက်စကားပြောကြားသည်။ ထို့နောက် စင်ကာပူနိုင်ငံ KK Women's & Children's Hospital ၏ Cleft & Craniofacial Centre မှ ဥက္ကဋ္ဌ Dr. Gale Lim က အတွေ့အကြုံများကို ဝေမျှပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုး၊ ခံတွင်းနှင့် ပြုပြင်မှုဆိုင်ရာခွဲစိတ်ကုဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်မိုးသူဇာနှင့် ကမ္ဘောဇအုပ်စုကုမ္ပဏီမှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်တို့က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက လူနာရှင်များနှင့် လူနာများကို လိုက်လံကြည့်ရှု အားပေးစကားပြောကြားသည်။

အဆိုပါအစီအစဉ်သည် အောက်တိုဘာ ၁၂ ရက်မှ ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ကလေးငယ် ၁၀၀ ကျော်ကို ကျန်းမာရေးစမ်းသပ် စစ်ဆေးပြီး ခွဲစိတ်ရန် သင့်လျော်သည့် ကလေးငယ်များကို ရွေးချယ်ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကျွမ်းကျင်သည့် ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ၊ Smile Asia အဖွဲ့မှ နိုင်ငံတကာ ကျွမ်းကျင်ခွဲစိတ်ဆရာဝန်ကြီးများ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများက အခမဲ့ ခွဲစိတ်ကုသမှုကို စနစ်တကျ ပြုလုပ်ပေးမည်ဖြစ်သည်။



**သဲနိုင်ဦး (မြန်မာစာ)**

# သတင်းအမှားတွေက တရားမဲ့မင်းမူ

## ဘာသာပြန် - ချိုးကလျာ

လူတွေကို ထင်ယောင်ထင်မှားဖြစ်စေတဲ့ သတင်းတု၊ သတင်းမှားဆိုတာ နေရာတိုင်းမှာ ရှိပါတယ်။ စီးပွားရေးအရ ယှဉ်ပြိုင်မှုတွေ၊ နိုင်ငံရေးအရ ဝါဒဖြန့်ချိမှုတွေ၊ သံခင်းတမန်ခင်း အငြင်းအခုံကိစ္စတွေ၊ လက်နက်ချင်း ယှဉ်ပြိုင်မှုမှာ စစ်မဟာဗျူဟာကိစ္စတွေ၊ နောက်ဆုံးရွေးကောက်ပွဲ မဲဆွယ်မှုတွေမှာတောင် သတင်းတုတွေဆိုတာရှိပါတယ်။ နေရာဒေသ သဘာဝချင်း ဘယ်လိုပင် ကွာခြားစေကာမူ သတင်းတုတွေ၊ ထုတ်လွှင့်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ အတူတူပါပဲ။ လိုချင်တဲ့ ရည်မှန်းချက်ကိုရောက်အောင် လှည့်ဖြားပြီး ကြိုးစားကြတာပါပဲ။ ဒါဟာမသမာမှု တစ်ခုပါပဲ။ တိုးတက်ဖွံ့ဖြိုးနေပါပြီဆိုတဲ့ နိုင်ငံကြီးတွေမှာတောင် ရွေးကောက်ပွဲကျင်းပတဲ့အခါ ဘယ်သူကရွေးကောက်ခံရမယ်၊ ဘယ်သူကတော့ အရွေးမခံရဘူးဆိုတာ သတင်းတုတွေပေါ်မူတည်ပြီး ဖြစ်လာရပါတယ်။ ဒါတွေကို ကြည့်ရင် လုပ်ဇာတ်ခင်းထားတဲ့သတင်းတွေဟာ ဘယ်လောက်တောင် အရေးပါတယ်ဆိုတာကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါတယ်။

ဒီလိုပါပဲ ကျွန်တော်တို့ တိုင်းပြည်ဟာလည်း သတင်းတုတွေနဲ့ သတင်းမှားတွေကို ဝါဒဖြန့်ချိမှုတွေကြောင့် အတော်လေး ထိခိုက်ခံစားနေရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ သတင်းတုတွေ မှားယွင်းစွာ စွပ်စွဲထားတဲ့ သတင်းမှားတွေကြောင့် အဆိုးရွားဆုံး ထိခိုက်ခံစားနေရတယ်လို့ပြောရင် မှားမယ်မထင်ပါဘူး။ သတင်းအမှားတွေဟာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ရိုးသားသူတွေ၊ ယုံလွယ်သူတွေကို စည်းရုံးသိမ်းသွင်းဖို့ စနစ်တကျ စီစဉ်ထားတာပါပဲ။ ဒီလိုစည်းရုံးတဲ့နေရာမှာ အာဏာပိုင်အဖွဲ့အစည်းက အရေးပါသူတွေ ၊ ကမ္ဘာ့အဖွဲ့အစည်းတွေနဲ့ နိုင်ငံ့ခေါင်းဆောင်တွေကိုလည်း အလွတ်မပေးပါဘူး။

ကျွန်တော်တို့တိုင်းပြည်ဟာ လူမျိုးတုံးသတ်ဖြတ်မှုတွေ လုပ်နေတယ်၊ မျိုးနွယ်စုအလိုက်ရှင်းပစ်ဖို့ ကြံစည်နေတယ်၊ လူ့အခွင့်အရေးကို ချိုးဖောက်ပြီး လူသားမျိုးနွယ်အပေါ်မှာ ရာဇဝတ်မှုကျူးလွန်နေတယ်ဆိုတဲ့ သတင်းအမှားတွေနဲ့ စွပ်စွဲနေကြတယ်။ လက်ဆုပ်လက်ကိုင်ပြစရာ သက်သေမရှိပါဘဲ စွပ်စွဲနေကြတယ်၊ သူတို့ရဲ့ စွပ်စွဲမှုတွေဟာ မြေပြင်က လက်ရှိအခြေအနေနဲ့ လုံးဝကွာခြားနေတယ်။ အာရကန် ရိုဟင်ဂျာ လွတ်မြောက်ရေးတပ်ဖွဲ့လို့ သူတို့ကိုယ်သူတို့ သတ်မှတ်ထားတဲ့ ARSA အစွန်းရောက် အကြမ်းဖက်သမားတွေနဲ့ သူတို့ကို ကြိုးကိုင်သူတွေဟာ မီးရှို့မှုတွေနဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေကို ကျူးလွန်ခဲ့ကြပါတယ်။ ARSA အစွန်းရောက် အကြမ်းဖက်သမားတွေဟာ သူတို့နဲ့ မျိုးနွယ်တူတွေကိုတောင် အစိုးရအာဏာပိုင်တွေနဲ့ ပူးပေါင်းတယ်လို့ သံသယရှိလာရင် အရှင်မထားပါဘူး။ သတ်ဖြတ်လိုက်ကြတာပါပဲ။ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ပဋိပက္ခတွေ ဖြစ်ပွားပြီးကတည်းက သတင်းအတုအယောင်တွေဟာ လျင်လျင်မြန်မြန် ပျံ့နှံ့လာတာကို သတိထားမိပါတယ်။ ရိုဟင်ဂျာလို့ ကိုယ့်ကိုယ်ကိုယ် သမုတ်ထားတဲ့သူတွေရဲ့ သနားဖွယ်ရာဖြစ်ရပ် အမှားတွေကိုဖြန့်ဝေဖို့ရာ လူမှုမီဒီယာတွေကို လက်နက်အဖြစ်အသုံးပြုခဲ့တာကို တွေ့ရပါတယ်။ အင်တာနက်ဝက်ဘ်ဆိုက်အချို့မှာ ကမ္ဘာတစ်လွှားက ARSA ကို တစ်ဖက်သတ်ထောက်ခံကြတဲ့ လူတွေကတင်တဲ့ အချက်အလက်အမှားတွေ၊ ဓာတ်ပုံအတုအမှားတွေနဲ့ ပင်လယ်ဝေပြည့်နှက်နေပါတယ်။ တချို့သော နာမည်ကြီး နိုင်ငံတကာမီဒီယာအုပ်စုတွေဟာ သတင်းမှားတွေကို ပုံနှိပ်ဖော်ပြတာတွေရှိသလို အသံလွှင့်မီဒီယာတွေကလည်း သတင်းအမှားတွေ ထုတ်လွှင့်တာမျိုး တွေ့ရှိနေပါတယ်။

ရိုဟင်ဂျာဆိုတဲ့ အခေါ်အဝေါ်ဟာ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်းက ပေါ်ထွက်လာတာဖြစ်ပြီး အဲဒီအချိန်တုန်းက လူသိမများပါဘူး။ ရခိုင်ပြည်နယ်အပြင်ဘက်က လူတွေဟာဆို ဒီနာမည်ကို ကြားတောင် မကြားဖူးပါဘူး။ အဲဒီအချိန်တုန်းက ရခိုင်ပြည်နယ်မှာတောင် လက်တစ်ဆုပ်စာ လူလောက်ကပဲ ရိုဟင်ဂျာဆိုတဲ့ နာမည်ကို ကြားဖူးကြတာပါ။

ရိုဟင်ဂျာဆိုတဲ့ ဖန်တီးထားတဲ့အခေါ်အဝေါ်ဟာ ရိုဟင်ဂျာ မူဆလင်လွတ်လပ်ရေးတော်လှန်ရေးတပ်ဦး (RMIRF) ဆိုတဲ့ မြေအောက်အဖွဲ့အစည်းရဲ့ လှုပ်ရှားမှုတွေနဲ့ ဆက်စပ်မှုတွေ ရှိနေပါတယ်။ အဲဒီအဖွဲ့ဟာ ဖမ်းဆီးထောင်ချခြင်း ခံရပေမယ့် အဲဒီခေတ်က သတင်းစာတွေမှာတော့ ဖော်ပြမှုတွေမရှိခဲ့ပါဘူး။ ဒါပေမယ့် ၂၀၁၂ ခုနှစ် ပဋိပက္ခဖြစ်ပြီးတဲ့နောက်မှာတော့ ဝါဒဖြန့်ချိတဲ့သူတွေဟာ အဲဒီအခေါ်အဝေါ်ကို လူသိများအောင် လုပ်လာခဲ့ပါတယ်။

ဝါဒဖြန့်ချိသူတွေက ၎င်းတို့ရဲ့ ဘိုးဘေးဘီဘင်အဆက်ဆက်ဟာ လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာကတည်းက ရခိုင်ဒေသအတွင်းမှာ ကာလရှည်ကြာနေထိုင်လာခဲ့ကြတာဖြစ်ပြီး အဲဒီလိုနေထိုင်လာတဲ့အတွက်ကြောင့် ၎င်းတို့ဟာ ဗမာတိုင်းရင်းသားမျိုးနွယ်စု တစ်ခုဖြစ်တယ်လို့ အခိုင်အမာပြောဆိုနေခဲ့တာ ဖြစ်ပါတယ်။ အဲဒီစကားဟာ မှားယွင်းနေပြီး မှန်ကန်ကြောင်းထောက်ခံနိုင်တဲ့ သမိုင်းအထောက်အထားတစ်ခုမှ မရှိပါဘူး။ တကယ်တော့ ရာစုနှစ်ပေါင်းများစွာတုန်းက အိန္ဒိယနိုင်ငံရဲ့အရှေ့ဘင်္ဂလားပြည်နယ်ကနေ ရွှေ့ပြောင်းရောက်ရှိလာကြတဲ့ အဲဒီလူတွေဟာ ရိုဟင်ဂျာလို့ ခေါ်ဝေါ်ခဲ့တယ်ဆိုတဲ့မှတ်တမ်း ဘယ်တုန်းကမှ မရှိခဲ့သလို ဘင်္ဂါလီလို့ ခေါ်ဆိုခဲ့တဲ့ မှတ်တမ်းလည်း မရှိပါဘူး။နည်းပရိယာယ်တွေ မအောင်မမြင်ဖြစ်လာရတဲ့အခါမှာတော့ ဒီလူတွေဟာ ခွဲခြားဆက်ဆံ ခံနေရပါတယ်၊ဒုက္ခပေးတိုက်ခိုက် ခံနေရပါတယ်၊နှိပ်စက်ခံနေရပါတယ်လို့ ပြောဆိုလာကြပြီး နိုင်ငံသားအဖြစ်ခံယူခွင့်ကို တရားမျှတမှုမရှိစွာ ငြင်းပယ်ခံခဲ့ရတယ်လို့ စွပ်စွဲခဲ့ပါတယ်။

၎င်းတို့စွပ်စွဲနေတာတွေအားလုံး တစ်ခုမှမမှန်ပါဘူး။ တကယ်တော့ ယနေ့အခါမှာ သူတို့အားလုံးဟာ တရားမဝင်ရွှေ့ပြောင်းသွားလာသူတွေပဲဖြစ်ပြီး နိုင်ငံသားလို့ ခေါ်ဆိုစဉ်တပ်ခွင့် မရှိတဲ့သူတွေပါ။ ရခိုင်ပြည်နယ်ကို ဗြိတိသျှတွေ ကျူးကျော်မှုပြုလုပ်ခဲ့တဲ့ ၁၈၂၄ ခုနှစ်ကစပြီး နိုင်ငံသားအဖြစ်ခံယူခဲ့တဲ့ စစ်မှန်တဲ့ဆွေစဉ်မျိုးဆက်တွေကိုသာ နိုင်ငံသားအဖြစ်သတ်မှတ်ပြီး ၎င်းတို့ရဲ့မျိုးဆက်တွေဟာ ယနေ့အထိ ရှိနေတုန်းဖြစ်ပါတယ်။ နောက်ဆုံးဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေအတွင်းမှာ ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့ဟာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနဲ့ မီးရှို့မှုတွေကို ရက်စက်ကြမ်းကြုတ်စွာ လုပ်ဆောင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ ကုလသမဂ္ဂအကြီးအကဲ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးခေါင်းဆောင်တွေ၊ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်နဲ့ အနောက်နိုင်ငံက ခေါင်းဆောင်အချို့ဟာ ကျွန်တော်တို့ နိုင်ငံကို လူမျိုးတုံးသတ်ဖြတ်မှုတွေ လုပ်တယ်၊ ရက်စက်ကြမ်းကြုတ်စွာ ဆက်ဆံတယ်၊ လူသားချင်းစာနာ ထောက်ထားမှုမရှိဘဲ ရာဇဝတ်မှုတွေ ကျူးလွန်တယ်ဆိုပြီး ပြင်းထန်တဲ့စကားလုံးတွေနဲ့ သက်သေခိုင်လုံမှုမရှိဘဲ စွပ်စွဲနေပါတယ်။

အသေအချာ ပြောနိုင်တာတစ်ခုကတော့ သူတို့ရဲ့ စွပ်စွဲချက်တွေအားလုံးဟာ ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့တွေကို အားပေးထောက်ခံနေတဲ့ တစ်ဖက်သတ် ရေးသားထားသော လူသိများတဲ့ နိုင်ငံတကာသတင်းမီဒီယာဆီက သတင်းမှားတွေ၊ လုပ်ကြံသတင်းတွေအပေါ်မှာ အခြေခံထားတဲ့ စွပ်စွဲမှုတွေ ဖြစ်တယ်ဆိုတာပါပဲ။ ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးသွားကြတယ်ဆိုတဲ့ လူအရေအတွက်နဲ့ ပတ်သက်တဲ့ နောက်ဆုံးသတင်း ဖော်ပြမှုတွေဟာဆိုရင်လည်း သိပ်ကိုမသင်္ကာစရာကောင်းနေပါတယ်။ ကျွန်တော့်အယူအဆကို ပြောရရင် သူတို့ဟာ ရည်ရွယ်ချက်ရှိရှိနဲ့ကို သတင်းတွေဖွဖို့ ကြိုးစားနေတာပါ။ စက်တင်ဘာ ၅ ရက်မှာ နယ်မြေရှင်းလင်းရေးလုပ်ငန်းတွေ အားလုံးကို ရပ်နားထားလိုက်ပြီဖြစ်ပေမယ့် သူတို့တွေကတော့ ဒုက္ခသည်တွေဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆီကို ဆက်ပြီးစုပြုံဝင်လာနေတုန်းပဲဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဒါဘယ်လိုမှ မမှန်နိုင်ပါဘူး။

တစ်နေ့က သတင်းတစ်ခုမှာ ဒုက္ခသည် ၂၇၀၀၀၀ လောက် အဲဒီကိုရောက်ရှိလာကြတယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမယ့် နောက်တစ်ရက်မှာ အရေအတွက်ဟာ လေးသိန်းအထိ ထိုးတက်သွားပါတယ်။ ဒီတော့ နောက်ထပ် ၂၄ နာရီအတွင်းမှာ အဲဒီကို နောက်ထပ်လူ ၁၃၀၀၀၀ ကျော် ထပ်ရောက်လာတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ အဲဒီနေရာကို ကျွန်တော် ရင်းနှီးကျွမ်းဝင်မှုရှိပါတယ်။ထွက်ပြေးနေကြတဲ့သူတွေက မြစ်ကိုဖြတ်ကျော်ပြီး ၁၉၇၉ ခုနှစ်မှာ တရားမဝင် ရွှေ့ပြောင်းသွားလာသူတွေကို မြစ်ကိုဖြတ်ပြီး နေရပ်ကိုပြန်ပို့ခဲ့တာတွေကို ကြုံတွေ့ခဲ့ရဖူးပါတယ်။ ဓာတ်ပုံတွေနဲ့ ဗီဒီယိုဖိုင်တွေကို ကြည့်ပြီးဆုံးဖြတ်ရရင် လူအနည်းအကျဉ်းလောက်သာ မြစ်ကိုကျော်ဖြတ်ခဲ့တာကို တွေ့ရပါတယ်။ ပြီးတော့ ကျွန်တော့်အတွေ့အကြုံကို အခြေခံပြီးပြောရရင် သက်ကြီးရွယ်အိုတွေအပါအဝင် မသန်စွမ်းသူတွေ၊ ကလေးငယ်တွေနဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ ပါဝင်နေတဲ့ လူတစ်သိန်းကျော်လောက်ဟာ ၂၄ နာရီအတွင်းမှာ မြစ်ကိုကျော်ဖြတ်ပြီး ရောက်ရှိသွားဖို့ ဘယ်လိုမှ မလွယ်ကူပါဘူး။ ဒါဟာ လုံးဝမဖြစ်နိုင်တဲ့ အချက်ပါ။

ဒီလုပ်ကြံသတင်းမှားတွေအားလုံးကို ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ရည်ရွယ်ချက်ရှိရှိ ဖြန့်နေတာပါ။ ဒါပေမယ့် အဓိက ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံကို ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဖို့ဖြစ်ပြီး တစ်ချိန်တည်းမှာပဲ ဘင်္ဂလားဒေ့ရှ်ဆီ ထွက်ပြေးသွားတဲ့သူတွေကို ပြန်ပြီးလက်ခံဖို့ ကျွန်တော်တို့ကို ဖိအားပေးအောင် ကုလသမဂ္ဂရဲ့ အားပေးထောက်ခံမှုကို ရရှိအောင်လုပ်နေတာ ဖြစ်ပါတယ်။ ၁၉၇၀ ပြည့်နှစ်များအတွင်းမှာ ကျွန်တော်တို့က မြန်မာနိုင်ငံကနေ အမှန်တကယ်နှင်ထုတ်လိုက်တဲ့ အရေအတွက်ရဲ့နှစ်ဆလောက်ကို ပြန်ပြီးလက်ခံဖို့ အတင်းအကျပ် ဖိအားပေးခံခဲ့ရပါတယ်။

သတင်းမှားတွေနဲ့ပတ်သက်ပြီး ကျွန်တော်ရေးရမယ်ဆိုရင် ရေးလို့ဆုံးနိုင်မှာမဟုတ်ပါဘူး။ ဒါပေမယ့် ၎င်းတို့ဟာ ကျွန်တော်တို့နိုင်ငံကို ထိခိုက်အောင်လုပ်နေတယ်ဆိုတဲ့ အချက်ကိုတော့ ကျွန်တော်မဖြစ်မနေ ထောက်ပြရလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဘာလို့လဲဆိုတော့ သူတို့ရဲ့ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုတွေကြောင့် ကျွန်တော်တို့ဟာ အပြစ်တင်ခံရတယ်၊ ဝေဖန်ရှုတ်ချခံရတယ်၊ လှောင်ပြောင်ခံရတယ်၊ ဖိအားပေးခံရတယ်၊ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ကျွန်တော်တို့ဟာ မတရားအနိုင်ကျင့် ဖိနှိပ်ခံနေရတာပဲ ဖြစ်တယ်။

ကမ္ဘာ့အဖွဲ့အစည်းတွေအနေနဲ့ ဒီလိုအခြေအမြစ်မရှိတဲ့ လုပ်ကြံသတင်းအမှားတွေကို ခုလိုလွယ်လွယ်ကူကူနဲ့ ယုံကြည်လိမ့်မယ်လို့ ကျွန်တော်တစ်ခါမှ မတွေးမိခဲ့ဖူးဘူး။ဒီဖြစ်ရပ်အရ နောင်အနာဂတ်မှာ ဘယ်သူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခု ဒါမှမဟုတ် ဘယ်နိုင်ငံတကာ သတင်းမီဒီယာမဆို ရှေ့လျှောက်ယုံကြည်ဖို့ဆိုတာဟာ တော်တော်လေးကို ခက်ခဲလာတော့မှာပါ။ ။

**လုပ်ကြံသတင်းမှားတွေအားလုံးကို ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ရည်ရွယ်ချက်ရှိရှိ ဖြန့်နေတာပါ။ ဒါပေမယ့် အဓိက ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံကို ဂုဏ်သိက္ခာကျဆင်းအောင်လုပ်ဖို့ ဖြစ်ပြီး တစ်ချိန်တည်းမှာပဲ ဘင်္ဂလားဒေ့ရှ်ဆီ ထွက်ပြေးသွားတဲ့သူတွေကို ပြန်ပြီးလက်ခံဖို့ ကျွန်တော်တို့ကို ဖိအားပေးအောင် ကုလသမဂ္ဂရဲ့ အားပေးထောက်ခံမှုကိုရရှိအောင် လုပ်နေတာ ဖြစ်ပါတယ်။ ၁၉၇၀ ပြည့်နှစ်များအတွင်းမှာ ကျွန်တော်တို့က မြန်မာနိုင်ငံကနေ အမှန်တကယ် နှင်ထုတ်လိုက်တဲ့ အရေအတွက်ရဲ့နှစ်ဆလောက်ကို ပြန်ပြီးလက်ခံဖို့ အတင်းအကျပ် ဖိအားပေးခံခဲ့ရ**

(အောက်တိုဘာ ၁ ရက်ထုတ် The Global New Light of Myanmar သတင်းစာပါ ဆောင်းပါးရှင် ခင်မောင်မြင့်၏ Fake News are Rampant ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆို ဖော်ပြအပ်ပါသည်။)

# ပျဉ်းမနားမြို့နယ်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လုပ်ဆောင်ချက်များအား လူထုထောက်ခံပွဲကျင်းပနိုင်ရန် လုပ်ငန်းအကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လုပ်ဆောင်ချက်များအား လူထုထောက်ခံပွဲ ကျင်းပနိုင်ရန်အတွက် လုပ်ငန်းအကြို ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်က အမှာစကားပြောကြားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လုပ်ဆောင်ချက်များအား ထောက်ခံပွဲကျင်းပနိုင်ရန် မြို့နယ် ရှစ်မြို့နယ်မှ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းသည် ကောင်းမွန်သည့် အစဉ်အလာဖြစ်ပါကြောင်းနှင့် လူထု ထောက်ခံပွဲကို မည်သူကဦးဆောင်သည် ဖြစ်စေ၊ မည်သည့်အဖွဲ့အစည်းက ဦးဆောင်သည်ဖြစ်စေ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ တက်ရောက်လာသူများက မြို့နယ်အလိုက် အစုအဖွဲ့ဖွဲ့ပြီး ဦးစီးကော်မတီ ဖွဲ့စည်းရာတွင် ပါဝင်ဆောင်ရွက်နိုင်ရေး ရွေးချယ်ကြသည်။ ရှစ်မြို့နယ်မှ ဦးစီးကော်မတီ ၁၅ ဦးကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပြီး တက်ရောက်သူများက ကျင်းပမည့် နေရာသတ်မှတ်ခြင်း၊ နေရက်နှင့် အချိန်တို့အား လျာထားပြီး ဦးစီးကော်မတီသို့ အကြံပြုဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ နေပြည်တော်အတွင်းရှိ မြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းများ တက်ရောက်ခဲ့ကြသည်။

**နေပြည်တော် (မြန်/ဆက်)**



# အာရှဗုဒ္ဓဘာသာအသင်းဖွဲ့စည်းတည်ထောင်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၂

**မြတ်ဗုဒ္ဓ၏သာသနာတော်ကြီး အစွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေးနှင့် ညီညွတ်ပေါင်းစည်းရေးအတွက် အာရှတိုက်အတွင်းရှိ သံဃာတော်များ၊ ဘုန်းတော်ကြီးများက စုပေါင်း၍ အာရှဗုဒ္ဓဘာသာအသင်းတည်ထောင်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက်က ဗဟန်းမြို့နယ် ကန်တော်ကြီးဝင်းအတွင်း ကရဝိက်နန်းတော်၌ ကျင်းပသည်။**



အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံမှ ဦးဆောင်ဆရာတော် သံဃာတော်များ၊ ထိုင်း၊ ကိုရီးယား၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် သီရိလင်္ကာ စသည့်နိုင်ငံတို့မှ ဦးဆောင်ဆရာတော်များ ကြွရောက်တော်မူကြသည်။

ဖွင့်ပွဲအခမ်းအနားကို ကရဝိက်နန်းတော်မုခ်ဦးရှေ့၌ ကျင်းပရာ သဘာပတိဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုမာရဓဇ ဒ္ဓိဗလနှင့် ကြွရောက်လာကြသော ပြည်ပဆရာတော်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးတော်မူကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ကျင်းပရာခန်းမအတွင်း၌ ကိုရီးယားနိုင်ငံမှ ဦးဆောင်ဆရာတော် ဒေါက်တာမုတ်တက်နှင့် မြန်မာနိုင်ငံမှ သဘာပတိ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရဓဇ ဒ္ဓိဗလတို့က ဘုရားရှင်အား ဆီမီးများဖြင့် ပူဇော်ပြီး တက်ရောက်လာကြသော ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်နှင့် ထိုင်းနိုင်ငံမှ ဦးဆောင်ဆရာတော်တို့က မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။ ဆက်လက်၍ သဘာပတိ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရဓဇ ဒ္ဓိဗလက အဖွင့်သြဝါဒကထာ ချီးမြှင့်တော်မူပြီး တက်ရောက်လာသော နိုင်ငံအသီးသီးမှ ဦးဆောင်ဆရာတော်များက သြဝါဒကထာများ ချီးမြှင့်ပေးတော်မူကြသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေနှင့် ထိုင်းနိုင်ငံ ဇောမိဂယာဝိဇယလျှ (၉၀၀) အသင်းအထွေထွေအတွင်းရေးမှူး ဒေါက်တာစူပါချိုင်း ဗီရာပူချောင်တို့က နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာပေါ်၌ လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် အာရှ ဗုဒ္ဓဘာသာအသင်းဖွဲ့စည်းတည်ထောင်ရခြင်းနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံမှ ပူးတွဲအလှူရှင် ဒေါက်တာ စူပါချိုင်းဗီရာပူချောင်က ရှင်းလင်းလျှောက်ထားပြီး ဒေါက်တာခင်ရွှေက အသင်းအဖွဲ့ တည်ထောင်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားကာ အခမ်းအနား ပထမပိုင်း နံနက် ၁၁ နာရီတွင် ပြီးဆုံးခဲ့သည်။ ညနေ ၃ နာရီတွင် ဖွဲ့စည်းပုံ စည်းမျဉ်းအား ဝိုင်းဝန်းဆွေးနွေးကြကာ အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် ဆက်လက်တင်ပြသွားမည်ဖြစ်ပြီး အခမ်းအနားကို အောက်တိုဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-တင်မောင်ဦး(အလုံ)**



**အောက်တိုဘာ ၁၂ ရက်က ဂျာမနီနိုင်ငံ ပေါင်းစည်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဇနီး ဒေါ်စန်းစန်းယုတို့အား မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mrs. Dorothee Janetzke - Wenzel က ကြိုဆိုနှုတ်ဆက်စဉ်** (သတင်းစဉ်)

◆ *ကျောဖုံးမှ*

"လက်ရှိမှာ အဲဒီ GSM စခန်းတွေကို တည်ဆောက်သွားဖို့ ရည်ရွယ်ထားပေမယ့် လုပ်မယ့်နေရာကိုတော့အတိအကျပြောလို့မရသေးပါဘူး။ သက်ဆိုင်ရာဒေသအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းရဦးမှာပါ။ လုပ်ငန်းတွေကိုတော့ အောက်တိုဘာလကုန်ပိုင်းလောက် စတင်ဆောင်ရွက်ဖို့စီစဉ်နေပါတယ်။ အခုဆောင်ရွက်မယ့် GSM စခန်းတွေပြီးရင်တော့ လိုင်းအားလုံးချိတ်ဆက်လို့ ရသွားမှာပါ" ဟု ရခိုင်ပြည်နယ် ဆက်သွယ်ရေးမန်နေဂျာ ဦးဆွေသိန်းက ပြောကြားခဲ့သည်။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် မောင်တောမြို့နယ်တွင် GSM စခန်း ၁၈ ခုနှင့် ဘူးသီးတောင်မြို့နယ်တွင် GSM စခန်း ၁၆ ခု ရှိပြီး ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုစေရေးရည်ရွယ်ကာ စုစုပေါင်း GSM စခန်း ၂၂ ခု ထပ်မံတည်ဆောက်သွားမည်ဖြစ်ရာ ယင်းဆောင်ရွက်ချက်ပြီးစီးခဲ့ပါက မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့တွင် GSM စခန်း စုစုပေါင်း ၅၆ ခု ရှိလာမည်ဖြစ်သည်။

● *ကျောဖုံးမှ*

ပြည်ပနိုင်ငံများ၌ ကျင်းပသွားရန် စီစဉ်လျက်ရှိပြီး ယခုတတိယအကြိမ်မြောက်ကျင်းပမည့် WLC-3 မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် တွဲဆိုင်းရှစ်ဆိုင်းပါဝင်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်ကာ အဓိက Main Fight ပွဲစဉ်အဖြစ် မစ်ဒယ်ဝိတ်တန်း(၇၁-၇၅ကီလို)တန်းတွင် တူးတူး (မြန်မာ)နှင့် မိုက်ကယ်ဘာဒါတို(ဩစတြေးလျ)၊ ဒုတိယ Main Fight ပွဲစဉ် (၇၅ -၇၉ ကီလို) တန်းတွင် မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံဟောင်း တစ်ကျော့ပြန် ဝါရင့်လက်ဝှေ့ကျော် စောငမန်း(မြန်မာ)နှင့် အက်ဒီဖာရယ် (ဩစတြေးလျ)တို့ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်ကာ ၆၇ - ၇၁ ကီလိုတန်း(မစ်ဒယ်ဝိတ်တန်း)တွင် စိုးလင်းဦး (မြန်မာ)နှင့် Umar Semata(ယူဂန္ဓာ)၊ လိုက်မစ်ဒယ် (၆၇-၇၁) ကီလိုဝိတ်တန်းတွင် ပြည်ပမွေထိုင်း လက်ဝှေ့ကျော်များဖြစ်သော Artur Saładiak (ပိုလန်) နှင့် Alex Bublea (ရိုမေးနီးယား)၊ လိုက်မစ်ဒယ်(၆၇-၇၁ ကီလို)ဝိတ်တန်းတွင် သွေးသစ်ဝင်းလှိုင်(Adventure) နှင့် ရှမ်းကို (ဝင်းထွန်း)၊ လိုက်မစ်ဒယ်ဝိတ်တန်း(၆၇-၇၁ကီလို)တွင် ဖိုးလပြည့် (မြန်မာ) နှင့် Rinsaroth (ကမ္ဘောဒီးယား)၊ ဖယ်သာဝိတ်တန်း (၅၄-၅၇ ကီလို)တွင် မိုက်ရိုင်း(ရွှေဖူး) နှင့် ကျော်ဟဲ (မြဝတီ)၊ လိုက်ဝိတ်တန်း (၅၇-၆၀ ကီလို)တွင် ချစ်မောင်မောင် (တောင်ကလေး) နှင့် ဒိုးလေး (ရိုးရာပုဂံ)တို့ ပါဝင်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါ WLC ပြိုင်ပွဲကို နိုင်ငံတကာအဆင့်မီ အခမ်းအနား အပြင်အဆင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကာ အနယ်နယ်အရပ်ရပ်မှ မြန်မာ့လက်ဝှေ့ပရိသတ်များ ကြည့်ရှုအားပေးနိုင်ရန် Sky Net Sport - 4 ရုပ်သံလိုင်းမှ တိုက်ရိုက်ပြသသွားမည်ဖြစ်ပြီး အွန်လိုင်းမှလည်း Live Stream ကြည့်ရှုနိုင်အောင် စီစဉ်လျက်ရှိကြောင်း သိရသည်။

## စစ်တွေမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ နေရပ်စွန့်ခွာပြည်သူများအတွက် အလှူငွေများထောက်ပံ့

**စစ်တွေ အောက်တိုဘာ ၁၂**

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မှ ဆရာတော် သံဃာတော် ၃၁ ပါးနှင့် လူပုဂ္ဂိုလ် ၃၀ တို့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိပြီး ဧည့်ဝတီ အားကစားကွင်းရှိ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့တို့မှ နေရပ်စွန့်ခွာလာသူ အိမ်ထောင်စု ၂၀၃ စု အတွက် ငွေကျပ် ၃၇ သိန်းကို လည်းကောင်း၊ စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက် မရမာကြီးဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၉၅ စုအတွက် ငွေကျပ် ၁၄ သိန်းကျော်ကို လည်းကောင်း၊ စက်ရုံစုရပ်ကွက် မဟာဗေယျသိဒ္ဓိ အဓိဋ္ဌာန်ကျောင်းရှိ အိမ်ထောင်စု ၃၅ စုအတွက် ငွေကျပ် ၆၅ သိန်းကို လည်းကောင်း၊ ကျောင်းတက်လမ်းရပ်ကွက် ဟိန္ဒူဘုရားကျောင်းရှိ ဟိန္ဒူဘာသာဝင် အိမ်ထောင်စု ၁၁၃ စုအတွက် ငွေကျပ် ၂၉ သိန်းကျော်ကို လည်းကောင်း ထောက်ပံ့လှူဒါန်းခဲ့သည်။

ထို့ပြင် အလိုတော်ပြည့်ကယ်ဆယ်ရေးစခန်းရှိ ဒေသခံတိုင်းရင်းသား အိမ်ထောင်စု ၂၇ စုအတွက် စစ်တွေမြို့နယ် ငတောက်တက်ကျေးရွာမှ ရွာသူ ရွာသားများ စုပေါင်းပြီး ဆန်အိတ် ၁၃ အိတ်ကို ညနေပိုင်းတွင် လှူဒါန်းခဲ့ရာ စခန်းအကျိုးတော်ဆောင် ဦးမောင်မောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ကမ္ဘာ့အဆင့်ကာယဗလပြိုင်ပွဲတွင် ရွှေ၊ ငွေ ရရှိခဲ့သော အားကစားအဖွဲ့အားကြိုဆို

**ရန်ကုန် အောက်တိုဘာ ၁၂**



မွန်ဂိုလီးယားနိုင်ငံ၌ အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည့် ၂၀၁၇ ခုနှစ် (၉)ကြိမ်မြောက် ကမ္ဘာ့ကာယဗလပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အမိမြန်မာနိုင်ငံအတွက် မြန်မာ့ကာယဗလအားကစားအဖွဲ့က ကမ္ဘာ့အဆင့် ရွှေတံဆိပ်တစ်ဆုနှင့် ငွေတံဆိပ်တစ်ဆုတို့ကို ယူဆောင်ကာ အောင်ပွဲဆင်နိုင်ခဲ့သော မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း၊ အမှုဆောင်အဖွဲ့ဝင် နှစ်ဦး၊ ရွှေတံဆိပ်ဆုရှင် ထွန်းထွန်းအောင်နှင့် ငွေတံဆိပ်ဆုရှင် ထွန်းမင်းတို့သည် ယမန်နေ့ည ၁၂ နာရီက လေယာဉ်ခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး ဦးဗလကျော်သူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိန်သန်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) သင်တန်းကျောင်းမှ အားကစားသမား မောင်/မယ်များက ပန်းစည်းများ၊ ပန်းကုံးများကမ်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကာယဗလအဖွဲ့သည် ယင်းပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ရွှေတံဆိပ်တစ်ဆုနှင့် ငွေတံဆိပ်တစ်ဆုကို ထိုက်ထိုက်တန်တန် အောင်မြင်မှုရအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ကီလို ၆၀ ပြိုင်ပွဲ၌ ထွန်းထွန်းအောင်(မြန်မာ)က ရွှေတံဆိပ်ဆုကိုရရှိကာ ဒုတိယဆုကို မလေးရှားနှင့် တတိယဆုကို ကမ္ဘောဒီးယားကစားသမားများကလည်းကောင်း၊ ၆၅ ကီလိုတန်းပြိုင်ပွဲတွင် ထိုင်းနိုင်ငံက ရွှေတံဆိပ်ဆုရရှိကာ ထွန်းမင်း (မြန်မာ)က ငွေတံဆိပ်ဆုကို ထပ်မံရယူနိုင်ခဲ့ပြီး တတိယဆုကို ကနေဒါနိုင်ငံက လည်းကောင်း ရရှိခဲ့သည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## KBZ Bank Women's League ဘောလုံးပြိုင်ပွဲ သစ္စာအားမာန်အသင်း အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၁၂**

၂၀၁၆-၂၀၁၇ ရာသီ KBZ Bank Women's League ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၁) နောက်ဆုံးနေ့ကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ သစ္စာအားမာန်အသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

သစ္စာအားမာန်အသင်းသည် ထိပ်ဆုံးမှ မြဝတီအသင်းကို ဆက်လက်ဖိအားပေးနိုင်ရန် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ဇွဲကပင်အသင်း၏ ရုန်းကန်မှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၂၅၊ ၄၅+၁ မိနစ်တွင် သွင်းယူခဲ့သည်။ ပွဲစဉ် (၁၁) အပြီးတွင် မြဝတီအသင်းက ကိုးပွဲကစား ၂၅ မှတ်၊ သစ္စာအားမာန်အသင်းက ၁၀ ပွဲကစား ၂၄ မှတ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ၁၀ ပွဲကစား ၂၀ မှတ်၊ ဂန္ဓမာအသင်းက ကိုးပွဲကစား ၁၀ မှတ်၊ အား/ကာ သိပ္ပံအသင်းက ၁၀ ပွဲကစား ရှစ်မှတ်၊ ဇွဲကပင်အသင်းက ၁၀ ပွဲကစား ငါးမှတ်၊ YREO အသင်းက ကိုးပွဲကစား တစ်မှတ်ရရှိထားသည်။

**ရဲရင့်ရှိုင်း**

# အိမ်ငှားနှင့် ဧည့်သည်များ တစ်လနှင့်အထက် နေထိုင်ပါက တာဝန်ရှိသူထံ အသိပေးရန်လိုအပ်မည်

ရန်ကုန် အောက်တိုဘာ ၁၂

**အိမ်ငှားနေထိုင်သူများ၊ ဧည့်သည်များအနေဖြင့် တစ်လနှင့်အထက် ကျော်လွန်နေထိုင်ပါက သတ်မှတ်နည်းလမ်းနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးအကြောင်းကြားရန် လိုအပ်ကြောင်း တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးက ပြောကြားသည်။**

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးလှဒွေး၏ အိမ်ငှားနေထိုင်သူများသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ ဧည့်စာရင်းတိုင်ကြားရန် လိုအပ်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် ရပ်ကွက်အတွင်းနေထိုင်ကြောင်း ထောက်ခံစာရယူလိုပါက မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သိရှိလိုကြောင်း မေးခွန်းကိုဖြေကြားရာ၌ ဝန်ကြီးက ယင်းကဲ့သို့ ထည့်သွင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးလှဒွေးက "ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်မှာ ဧည့်စာရင်းတိုင်ကြားခြင်း ဥပဒေကို ဖျက်သိမ်းခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ ဥပဒေပျက်ပြယ်သွားသော်လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများမှာ အထက်မှ ညွှန်ကြားချက်များ ပေးပို့လာခြင်းမရှိသေးတဲ့ အတွက်ကြောင့် တိုင်ချင်လဲရတယ်၊ မတိုင်ချင်လဲရတယ်ဆိုသော စနစ်တစ်ခု ဖြစ်ပေါ်နေပါတယ်။ သို့သော် နှစ်ချုပ်၊ လချုပ်နဲ့ အိမ်ငှားနေထိုင်သူတွေဟာ လုပ်ငန်းဆောင်တာ အချို့အတွက် ရပ်ကွက်အတွင်း နေထိုင်ကြောင်း ထောက်ခံစာတောင်းတဲ့အခါ ဧည့်စာရင်းတိုင်ကြားထားခြင်း မရှိတဲ့အခါမှာ ထောက်ခံစာ မထုတ်ပေးတဲ့အတွက်ကြောင့် အငြင်းပွားမှုတွေလည်း တွေ့မြင်နေရပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အနေဖြင့်လည်း ရပ်ကွက်အတွင်းမှာ မည်သည့်နေအိမ်မှာ မည်သူတွေ ဝင်ရောက်နေထိုင်ကြောင်း မသိတဲ့အတွက်ကြောင့် အခက်အခဲများရှိနေကြောင်းလည်း သိရှိရပါတယ်။ ရွေးကောက်ပွဲမဲစာရင်း အမည်စာရင်းတင်သွင်းတဲ့အခါ သတ်မှတ်ထားတဲ့ရက်ပေါင်းအရေအတွက်ကိုလည်း မည်သည့်စာရင်းနဲ့ ရေတွက်ရမည်ကို ဇဝေဇဝါဖြစ်နေတာမျိုးလည်း ရှိနေပါတယ်"ဟု လွှတ်တော်တွင် မေးခွန်း မေးမြန်းရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အဆိုပါမေးခွန်းနှင့် ပတ်သက်၍ ပြန်လည်ဖြေကြားရာ၌ အိမ်ငှားနေထိုင်သူများ၊ ဧည့်သည်များအနေဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ဧည့်စာရင်းတိုင်ကြားရန် မလိုအပ်ကြောင်း၊ သို့သော်လည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၄ အရ ရပ်ကွက်အတွင်း တစ်လနှင့်အထက် ကျော်လွန်နေထိုင်ပါက သတ်မှတ်နည်းလမ်းနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးအကြောင်းကြားရန် လိုအပ်ကြောင်း၊ ရပ်ကွက်များအတွင်း၌ တရားဥပဒေစိုးမိုးရေးကိစ္စ၊ လူစိမ်းများ ရောက်ရှိနေထိုင်မှုအားသိရှိစေရန်၊ လုံခြုံရေးကျိုးပေါက်မှုမရှိစေရန်နှင့် အိမ်ထောင်စုလူစာရင်း ပြည့်စုံတိကျစွာ သိရှိနိုင်ရန်အတွက် အိမ်ငှားနေထိုင်သူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ အသိပေးအကြောင်းကြားရန်အတွက် အိမ်ရှင် သို့မဟုတ် မြေရှင်ကိုယ်တိုင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ အသိပေးဆောင်ရွက်သင့်ကြောင်း၊ ရပ်ကွက်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းပုံစံဖြင့် နေထိုင်သူဖြစ်ပါက သန်းခေါင်စာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မှုရင်း သို့မဟုတ် မိတ္တူဖြင့် ထောက်ခံချက်ကို ရယူနိုင်မည်ဖြစ်ပြီး အိမ်ငှားနေထိုင်သူဖြစ်ပါက ရပ်ကွက်အတွင်း သတ်မှတ်နည်းလမ်းနှင့်အညီ သက်ဆိုင်ရာ တာဝန်ရှိသူထံ အသိပေးအကြောင်းကြားထား၍ သက်ဆိုင်ရာ တရားဝင် အိမ်ငှားစာချုပ်၊ ကာယကံရှင်၏ မှတ်ပုံတင်မူရင်း၊ မိတ္တူတို့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် နေထိုင်ကြောင်း ထောက်ခံစာကို ရယူနိုင်ပါကြောင်း ဖြေကြားခဲ့သည်။

ထို့အပြင် ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးစံကျော်က နေ့စဉ်စားသုံးနေကြသည့် စားသုံးကုန်များတွင် ဓာတုဗေဒပစ္စည်းများ ပါဝင်ခြင်းကို ကြိုတင်တားဆီးနိုင်ရန်နှင့် စစ်ဆေးတွေ့ရှိပါက စားသုံးကုန်၊ လူသုံးကုန်များအား ပြည်သူလူထုသုံးစွဲခြင်း မပြုနိုင်ရေးနှင့် တားဆီးကာကွယ်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခဲ့သည်။

အဆိုပါ မေးခွန်းနှင့်ပတ်သက်၍ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြန်လည်ဖြေကြားရာတွင် စားသုံးမှုထဲ၌ ဓာတုဗေဒပစ္စည်းများ ထည့်သွင်းရောင်းချခြင်း အပါအဝင် စားသုံးသူများ ထိခိုက်နစ်နာမှုကို အကာအကွယ်ပေးရန်၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့်အညီ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ အဆိုပါအဖွဲ့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ်တိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ (FDA)၊ တိုင်းဒေသကြီး စက်မှုလက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် စီးပွားရေးလုပ်ငန်းရှင်များကိုယ်စားလှယ်များ၊ စားသုံးသူကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များ ထည့်သွင်းဖွဲ့စည်းထားကြောင်း၊ အဖွဲ့၏ လုပ်ငန်းစဉ်များ ပိုမိုထိရောက်အောင်အတွက် ထုတ်ကုန်များလုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့် စားသုံးသူများ၏ တိုင်ကြားချက်များကို လက်ခံဆောင်ရွက်ပေးရေး လုပ်ငန်းကော်မတီဆိုသည့် လုပ်ငန်းကော်မတီနှစ်ရပ်ကိုလည်း သီးခြားဖွဲ့စည်းထားကြောင်း၊ အဆိုပါအဖွဲ့များဖြင့် တိုင်းဒေသကြီးအတွင်း စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စားသောက်ကုန်များနှင့် ကုန်စည်များ၌ အန္တရာယ်ရှိစေသော ဓာတုဗေဒ ရောနှောပါဝင်ခြင်း ရှိ/မရှိကို ပုံမှန်ကွင်းဆင်းစစ်ဆေးခြင်းနှင့် တိုင်ကြားမှုအရ ကွင်းဆင်းစစ်ဆေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အန္တရာယ်ရှိသော ပစ္စည်းများပါဝင်သည်ကိုတွေ့ရှိပါက သက်ဆိုင်ရာဥပဒေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# တရားဝင်သွားရောက်ခဲ့သော်လည်း အလုပ်ထုတ်ခံရသည့် မြန်မာအလုပ်သမား ၁၀၀ ကျော်၏ နစ်နာမှုများအား ဖြေရှင်းမပေးပါက တရားစွဲဆိုမည်ဟုဆို

**မြဝတီ အောက်တိုဘာ ၁၂**

ရွှေစင်ကိုးပွင့်ကုမ္ပဏီနှင့် ရန်အေးကုမ္ပဏီတို့နှင့် ချိတ်ဆက်ပြီး တရားဝင် MoU စနစ်ဖြင့် သွားရောက်ခဲ့သော်လည်း ထိုင်းနိုင်ငံသို့ ရောက်ရှိသည့်အခါ စာချုပ်ပါ အချက်အလက်များအတိုင်း အလုပ်လုပ်ကိုင်ခွင့်နှင့် အခွင့်အရေးဆုံးရှုံးခဲ့သည့်အပြင် အလုပ်ပါ ထုတ်ခံရသည့် မြန်မာအလုပ်သမား ၁၁၇ ဦးသည် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကူညီစောင့်ရှောက်ရေးကော်မတီ (AAC) မဟာမိတ်အဖွဲ့၏ ကူညီဆောင်ရွက်မှုဖြင့် အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီခန့်က မြဝတီမြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ကျောက်လုံးကြီး ပြန်လည်ကြိုဆိုလက်ခံရေးစခန်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်သမားများအနေဖြင့် အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရွှေစင်ကိုးပွင့်ကုမ္ပဏီနှင့် ရန်အေးကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းမှုများ ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါ ကုမ္ပဏီနှစ်ခုအနေဖြင့် အလုပ်သမားများ၏ နစ်နာမှုကိုကျေနပ်လောက်အောင် ပြန်လည်ဖြေရှင်းမှုများ ဆောင်ရွက်နိုင်ခြင်းမရှိပါက ကုမ္ပဏီနှစ်ခုအား တရားစွဲဆိုရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလုပ်သမားများထံမှ သိရသည်။

"ခေါ်သွားတုန်းက စာချုပ်ထဲမှာ မန်ပူရီမြို့ ထိုင်းစဖိုင်းဖုစက်ရုံမှာ အလုပ်လုပ်ရမယ်ဆိုပြီး ခေါ်သွားတာပါ၊ သစ်သီးအချိုရည်စက်ရုံပါ၊ ဒီ၂၀၁၇ ခုနှစ် ၃ လပိုင်း ၁၅ ရက်မှာ ဒီကထွက်တယ်။ ၁၈ ရက်မှာ ရောက်တယ်။ လုပ်ငန်းခွင်ထဲဝင်တာ ၂၁ ရက်မှာဝင်တယ်၊ တချို့လည်း ၂၇ ရက်၊ ၂၈ ရက်မှ လုပ်ရတယ်၊ မတူပါဘူး။ နောက်တစ်ခုပိုဆိုးတာက မြို့များကို ခွဲပြီးပို့လိုက်တယ်။ မန်ပူရီ၊ ဝိုင်တ၊ ကမ်ချမ်နပူရီစတဲ့မြို့တွေ ပို့လိုက်တယ်၊ စာချုပ်ချုပ်တာ သက်တမ်းက နှစ်နှစ်ဆိုပေမယ့် ခြောက်လလောက်ပဲ လုပ်ရတယ်။ စက်ရုံက သူ့ရဲ့တရားဝင်လူ မဟုတ်ဘဲ ပွဲစားလူဆိုပြီး အလုပ်ထုတ်လိုက်တယ်။ အလုပ်ရှိတုန်းက ခိုင်းတယ်။ မရှိတော့ ထုတ်လိုက်တယ်။ စာချုပ်က ဝက်ပါမစ်ပါ အပြီးဆိုပြီး ဟိုရောက်တော့ ဝက်ပါမစ်ကြေး ဘတ် ၁၅၀၀ ထပ်ပေးရတယ်၊ MoUနဲ့ တရားဝင် သွားခဲ့ပေမယ့် အဲ့ဒီထိုင်းပွဲစား မစ္စတာ နိုင်ဖာခင်ဆိုသူက ပို့ချင်တဲ့နေရာပို့တော့ အလုပ်ရှင်မတူတော့ဘူး။ အဲ့ဒီတော့ ထိုင်းရဲလာဖမ်းရင် ပုန်းရတဲ့ဘဝ မိရင် အဖမ်းခံရတဲ့ဘဝအထိ ဖြစ်ခဲ့ရပါတယ်၊ ဒီစာချုပ်ထဲမှာပါတဲ့ အလုပ်သမားခံစားခွင့်တွေကို တစ်ခုမှ မရရှိပါဘူး။ အလုပ်သမားဌာနကို တောင်းဆိုချင်တာက အလုပ်သမားဌာနအနေနဲ့ ဒီ MoU အေးဂျင့်တွေကို ထိထိရောက်ရောက် မှန်မှန်ကန်ကန် အရေးယူပေးပါလို့ တောင်းဆိုချင်ပါတယ်၊ အခုလည်း ကျွန်တော်က ရွှေစင်ကိုးပွင့်ကုမ္ပဏီနဲ့ သွားတာပါ တရားဝင် MoU နဲ့ပါ၊ မြန်မာငွေကျပ် ရှစ်သိန်းလောက် ကုန်ကျခဲ့ပါတယ်။ အဲ့ဒါတွေကို ဘယ်လို ဖြေရှင်းပေးမလဲ၊ ကျွန်တော်တို့ ပြန်လည်တောင်းဆိုမယ်။ ကျေနပ်လောက်အောင်မဖြေရှင်းနိုင်ရင် တရားစွဲဆိုသွားမှာပါ"ဟု ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်မှ အလုပ်သမားတစ်ဦးက ပြောသည်။



"အခုလာကြတဲ့ အလုပ်သမားတွေက "ရွှေစင်ကိုးပွင့်" ကုမ္ပဏီနဲ့ "ရန်အေး" ကုမ္ပဏီနဲ့က စာချုပ်ထဲမှာ နှစ်နှစ်အလုပ်လုပ်ဖို့ ချုပ်ထားပေမယ့် အခု ခြောက်လပဲလုပ်ရပြီး အလုပ်ရှင်က အလုပ်ဖြုတ်ပစ်လိုက်တဲ့ အလုပ်သမားတွေပါ။ အလုပ်ဖြုတ်ပစ်တော့ သူတို့မှာ ဒုက္ခတွေဖြစ်ပြီး ကျွန်တော့်ဆီရောက်လာကြလို့ အခုဒီနေ့ မြဝတီကို ပြန်ခေါ်လာခဲ့တာပါ။ အဓိကကတော့ ဒီကအေးဂျင်စီတွေက စာချုပ်ချုပ်ပြီး ခေါ်သွားပေမယ့် ထိုင်းကိုရောက်တော့ စာချုပ်ထဲပါတဲ့ အလုပ်ရုံတွေမှာ မပို့ပေးဘဲ ထိုင်းပွဲစားတွေက တစ်ဆင့် တခြားစက်ရုံတွေကို ပို့ပေးလိုက် တယ်။ အဲဒီစက်ရုံတွေက အလုပ်ရှိရင် ခိုင်းတယ်။ အလုပ်မရှိတော့ ဖြုတ်ပစ်လိုက်တယ်။ ဒီတော့ ဒါတွေကို မြန်မာဘက်က တာဝန်ရှိသူတွေအနေနဲ့ ဒီလိုမျိုးတွေမဖြစ်ဖို့ သေသေချာချာ စိစစ်မှုတွေ မရှိဘူး။ မရှိတော့ အေးဂျင်စီတွေကလည်း သူတို့ပိုက်ဆံရရင် ပြီးရောဆိုပြီး လုပ်နေကြတယ်။ နောက်ပြီး ထိုင်းကပွဲစားတွေက မြန်မာဘက်က အလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီတွေနဲ့ပေါင်းပြီး မသမာမှုတွေ လုပ်ကြတယ်။ အဲဒီလို မသမာမှု လုပ်နေတဲ့ နာမည်ကြီး ထိုင်းပွဲစားတစ်ဦးဖြစ်တဲ့ မစ္စတာ နိုင်ဖာခင်ကို ဘားအံထိသွားပြီး စာချုပ်မဲ့ကိစ္စတွင် အောက်တိုဘာ ၁၀ ရက်က မြဝတီမှာ ဖမ်းမိထားလိုက်ပြီလို့ သိရတယ်။ သူ့ကို နယ်မြေကျော်ဖြတ်သန်းမှုနဲ့ လဝကအက်ဥပဒေ ၁၃(၁)နဲ့ အမှုဖွင့်ထားပါတယ်။ ပြောချင်တာက အဲဒီလို ထိုင်းပွဲစားတွေကြောင့် မြန်မာအလုပ်သမားတွေ ဒုက္ခဖြစ်နေတာပါ။ ဒါကို သက်ဆိုင်ရာတာဝန်ရှိသူတွေက စိစစ်ဖော်ထုတ် အရေးယူသင့်ပါတယ်"ဟု မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကူညီစောင့်ရှောက်ရေးကော်မတီ (AAC)မဟာမိတ်အဖွဲ့၏အထွေထွေတာဝန်ခံ ကိုရဲမင်းက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မြစ်ရေဝင်ရောက်မှုကြောင့် အခြေခံပညာမူလတန်းကျောင်းသုံးကျောင်း ခေတ္တပိတ်ထားရ

**တံတားဦး အောက်တိုဘာ ၁၂**

တံတားဦးမြို့နယ်အတွင်း အောက်တိုဘာ ၁၂ ရက် နံနက် ၆ နာရီအထိ မိုးရေချိန် သုံးလက်မခန့် ရွာသွန်းမှုကြောင့် ပန်းလောင်မြစ်ကမ်းဘေးရှိ စကားအင်း၊ သဲမောင်းကန်၊ သားများဘ၊ ကန်ချော စသည့် ကျေးရွာအုပ်စုများ၌ မြစ်ရေ ၁၀ လက်မခန့် ဝင်ရောက် မှုကြောင့် ကျောင်းသုံးကျောင်း ခေတ္တပိတ်ထားရကြောင်း သိရသည်။

အဆိုပါ မြစ်ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စုများ လူနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ ပြောင်းရွှေ့မှုမရှိသော်လည်း ကျောင်းသား၊ ကျောင်းသူများ သွားလာရေး၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် သားများဘကျေးရွာ၊ ခံလူးလေး ကျေးရွာနှင့် ဝန်ပတော့ကျေးရွာများရှိ အခြေခံပညာ မူလတန်းကျောင်းသုံးကျောင်းမှာ အောက်တိုဘာ ၁၂ ရက်မှ စ၍ ခေတ္တပိတ်ထားရကြောင်း သိရသည်။

ရေဝင်ရောက်သည့် ကျေးရွာများမှ ရေကင်းဖြင့် စောင့်ကြည့်လျက်ရှိပြီး မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီက လိုအပ်သော ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ထိုမြစ်ရေဝင်ရောက်မှုကြောင့် ပိတ်ထားရသော စာသင်ကျောင်းများကို ရေများပြန်လည် လျော့နည်းကျဆင်းပါက အပတ်စဉ် စနေနေ့အား အစားထိုးပြန်လည် ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ထားကြောင်း သိရသည်။

မြစ်ရေ ဝင်ရောက်မှုကြောင့် ပိတ်ထားရသည့် သားများဘကျေးရွာတွင် ကျောင်းသား ကျောင်းသူ ၇၈ ဦး၊ ခံလူးလေး ကျေးရွာတွင် ၅၂ ဦးနှင့် ဝန်ပတော့ကျေးရွာတွင် ၆၉ ဦးတို့ ပညာသင်ကြားနေကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# ရန်ကုန်-သာစည်-ရွှေညောင် အမှတ်(၉) အဆန်ရထားဘီးချော်

**ပိန်းဇလုပ် အောက်တိုဘာ ၁၂**

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ဘူတာအနီး ထော်နွတ်ကျေးရွာနှင့် ကလိန်ခင်ကျေးရွာအကြား ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း မိုင်တိုင်အမှတ် ၉၉/၂၀-၂၄ တွင် အောက်တိုဘာ ၁၂ ရက် ညနေ ၄ နာရီ ၃ မိနစ်က ရန်ကုန်မှ စတင်ထွက်ခွာလာသော ရန်ကုန်-သာစည်-ရွှေညောင် အမှတ် (၉) အဆန်လူစီးရထားစက်ခေါင်းအမှတ် DF 2024 သည် ရထားကုန်တွဲဘီးချော်မှုဖြစ်ပွားရာ စက်ခေါင်းအနောက် ကိုးတွဲမြောက် ကုန်တွဲအမှတ် GBHV -40015 တွဲ၏ ဘီးနှစ်ဘီး ချော်ကျမှုဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ မြန်မာ့မီးရထား တိုင်းအမှတ် (၆)သွားလာရေးမန်နေဂျာ ဦးနိုင်ဇော်ဦး၊ ကြီးကြပ်ရေးမှူး(သွားလာ)ပဲခူးနှင့် ပိန်းဇလုပ်မြို့ရုံပိုင်ကြီး ဦးအောင်ကျော်စိုး၊ ရဲတပ်ဖွဲ့ဝင်တို့က ရထားများ ပုံမှန်အတိုင်းသွားလာနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပိန်းဇလုပ်-သိန်းညွန့်**

## ပြင်ဦးလွင် - မန္တလေးအဆင်းလမ်း ကျင်ဂနိုင်ကျေးရွာတံတားအနီး ယာဉ်တိမ်းမှောက်မှုဖြစ်



**ပြင်ဦးလွင် အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်နယ်မြေ မိုင်တိုင်အမှတ် (၃၀/၁)နှင့်(၃၀/၇)ကြား ပြင်ဦးလွင် -မန္တလေး အဆင်းလမ်း ကျင်ဂနိုင်ကျေးရွာ တံတားအနီးတွင် အောက်တိုဘာ ၁၁ ရက် ညနေ ၄ နာရီက ယာဉ်မောင်း ဇော်မျိုးထက် (၃၄နှစ်) အုန်းချော ကျေးရွာ ပုသိမ်ကြီးမြို့နယ်နေသူ မောင်းနှင်လာသော MDY 4F/- --- SINO TRUCK ၁၀ ဘီးယာဉ်သည် အခင်းဖြစ်နေရာ အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ချောင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ **(ဓါတ်ပုံ)**

ယာဉ်တိမ်းမှောက်ရာသို့ ပြင်ဦးလွင်မြို့နယ် မီးသတ်စခန်းမှုလက်ထောက် ညွှန်ကြားရေးမှူး လုမင်းဦးဆောင်သော သန္တေမီးသတ်တပ်ဖွဲ့ဝင်များက ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား လူမှုကူညီရေးအသင်း ယာဉ်ဖြင့် ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား ပြင်စာရဲစခန်းမှ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ဇော်မျိုးထိုက်(ခရိုင် ပြန်/ဆက်)**

## စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၄ပြားနှင့်အတူ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချသူလေးဦး ဖမ်းဆီးရမိ

**တနင်္သာရီ အောက်တိုဘာ ၁၂**

တနင်္သာရီမြို့နယ် မောတောင်မြို့ မောတောင်နယ်စပ်ဂိတ်တာဝန်ခံ ရဲအုပ်ဝင်းဇော် ဦးစီးသည့်အဖွဲ့နှင့် နယ်မြေခံတပ်မှတပ်မတော်သားများ ပါဝင်သောပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ အောက်တိုဘာ ၁၀ ရက် ည ၁၀ နာရီခွဲက မောတောင်မြို့ ဘက်မှ မောတောင်နယ်စပ် ဂိတ်ဘက်သို့ ပိုင်စိုးဝေ(၂၄နှစ်) မောတောင်မြို့မရပ်ကွက် နေသူမောင်းနှင်ပြီး ချစ်ဆန်းမောင် (၁၉နှစ်)ကုန်းကြီးကျေးရွာ မြန်အောင်မြို့နယ် နေသူ လိုက်ပါလာသော ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၄ ပြား (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၈၅၇၀၀၀၀)၊ ဖုန်းနှစ်လုံး၊ ဆိုင်ကယ်တစ်စီးတို့ သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ၎င်းတို့နှစ်ဦးအား စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများသည် တစ်ဖက်နိုင်ငံသို့ သွားရောက်ရောင်းချရန် ကျော်ဦးဆိုသူမှ ပို့ဆောင်စေခဲ့ကြောင်း စစ်ဆေးသိရသဖြင့် ကျော်ဦး(၄၈နှစ်) မောတောင်မြို့ ရပ်ကွက်နေသူအား ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ကျော်ဦးအားစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား တစ်ပြားလျှင် ထိုင်းဘတ်ငွေ ၇၀ ဖြင့် အောင်မြတ်သူ(ခ)မြတ်သူ (၃၄နှစ်) မြို့မရပ်ကွက် မောတောင်မြို့နေသူထံမှတစ်ဆင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် အောင်မြတ်သူ(ခ)မြတ်သူကိုလည်း ဆက်လက်ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့ထံမှ ထိုင်းဘတ်ငွေ ၃၀၀၀၀ နှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပိုင်စိုးဝေ၊ ချစ်ဆန်းမောင်၊ ကျော်ဦးနှင့် အောင်မြတ်သူ(ခ)မြတ်သူတို့ကို အောက်တိုဘာ ၁၁ ရက် ညနေ ၄ နာရီခွဲက တနင်္သာရီမြို့ရဲစခန်းသို့ ပို့ဆောင်၍ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## မြဝတီမြို့တွင် ဖယောင်းတိုင်မီးမှတစ်ဆင့် နေအိမ်နှစ်လုံးနှင့် တန်းလျားနှစ်ခု မီးလောင်မှုဖြစ်ပွား

**မြဝတီ အောက်တိုဘာ ၁၂**

ကရင်ပြည်နယ် မြဝတီမြို့တွင် အောက်တိုဘာ ၁၀ ရက် ည ၁၁ နာရီခန့်က ဖယောင်းတိုင်မီးမှတစ်ဆင့် နေအိမ်နှစ်လုံးနှင့် တန်းလျားနှစ်ခု မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့ အမှတ်(၁) ရပ်ကွက် နှင်းဆီလမ်းရှိ ဦးမင်းလွင်၏ လုံးချင်းနေအိမ်တွင် အိမ်ငှားနေထိုင်သူ ဦးစိန်သောင်း (၅၁နှစ်)သည် မိသားစုနှင့်အတူ နေအိမ်၌ အိပ်နေစဉ် သားဖြစ်သူ မောင်ပြည့်ဇော်ဟိန်း၏ အခန်း၌ မီးမလာသဖြင့် မိခင်ဖြစ်သူ မတူမာက ဖယောင်းတိုင်မီးထွန်းပေးခဲ့ပြီး မီးမငြိမ်းဘဲ အိပ်ပျော်သွားကြစဉ် ည ၁၀ နာရီခွဲခန့်တွင် မောင်ပြည့်ဇော်ဟိန်းက မီးမီးဟု အော်သံကြားသဖြင့် မတူမာက အိပ်ရာမှ ထကြည့်ရာ သားဖြစ်သူ မောင်ပြည့်ဇော်ဟိန်း အိပ်သည့်အခန်းမှ သစ်သားနံရံနှင့် မွေ့ရာမီးစွဲလောင်နေသည်ကို တွေ့ရှိရ၍ နေအိမ်အပြင်သို့ ပြေးထွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဦးစိန်သောင်း၏ နေအိမ်မှတစ်ဆင့် ယာဘက်ကပ်လျက်ရှိ မအေးသီတာလှိုင်၏ သွပ်မိုး၊ ပျဉ်ကာ ခုနစ်ခန်းတွဲ တန်းလျား တစ်လုံး၊ ဝဲဘက်ကပ်လျက်ရှိ ဦးထွန်းသိန်း၏ သွပ်မိုး၊ ပျဉ်ကာ ငါးခန်းတွဲ တန်းလျားတစ်လုံး၊ နှင့် ဦးငြိမ်း၏ သွပ်မိုး၊ ပျဉ်ကာ လုံးချင်း နေအိမ်တစ်လုံး၊ စုစုပေါင်း နေအိမ် နှစ်လုံးနှင့် တန်းလျားနှစ်ခု မီးလောင်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ ခရိုင်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် လေးစီး ရေသယ်ယာဉ်ငါးစီးတို့နှင့် သွားရောက်ငြိမ်းသတ်ရာ ည ၁၁ နာရီခွဲခန့်တွင် မီးညွှန့်ကျိုးသွားခဲ့သည်။

မီးလောင်မှုကြောင့် အိမ်ထောင်စု ၁၄ စု လူဦးရေ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၂၂ ဦးတို့မှာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပြီး မြဝတီခရိုင်မှ သက်ဆိုင်ရာ တာဝန်ရှိသူများက နေထိုင်စားသောက်ရေးများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆစွာ အသုံးပြုသည့် ဦးစိန်သောင်းအား မြဝတီမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် မုန့်မျိုးစုံဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်အစီး ၃၃၀၊ သွင်းကုန် ၃၅၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၃၀၊ သွင်းကုန် ၇၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၈၃၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၄၉၅ သန်းခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၃၂၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၁ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် Canter ခြောက်ဘီးယာဉ်တစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံလုပ် မုန့်မျိုးစုံ



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံလုပ်မုန့်မျိုးစုံ**

စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ခုနစ်သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မကွေး၌ အချုပ်ခန်းဖောက်ပြေးသူ ခြောက်ဦးအနက် တစ်ဦးဖမ်းမိ

**မကွေး အောက်တိုဘာ ၁၂**

မကွေးမြို့ မြို့မရဲစခန်းတွင် အောက်တိုဘာ၁၁ရက်က အချုပ်ခန်းဖောက်ပြေးမှု ဖြစ်ပွားခဲ့ပြီး အချုပ်သားခြောက်ဦး လွတ်မြောက်သွားခဲ့ရာ တစ်ဦးအား ယင်းနေ့ညက ဖမ်းဆီးရမိခဲ့ကြောင်း မကွေးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဒုရဲမှူး ဝင်းကျော်သည် အောက်တိုဘာ ၁၁ ရက် နံနက် ၆ နာရီက မကွေးမြို့မရဲစခန်းတွင် စခန်းမှူးတာဝန်ဆောင်ရွက်နေစဉ် ကင်းလဲတာဝန်လွှဲပြောင်း ဆောင်ရွက်သည့် ရဲတပ်သားသိန်းနိုင်ဦးက အချုပ်ခန်းအားစစ်ဆေးစဉ် အချုပ်ခန်း အမှတ်(၆)၌ အချုပ်သား ၁၅ ဦး ချုပ်နှောင်ထားသည့်အနက် ကိုးဦးသာတွေ့ရှိခဲ့သဖြင့် စခန်းမှူးထံ သွားရောက်သတင်းပို့ခဲ့သည်။

တာဝန်ရှိသူများက အဆိုပါ အချုပ်ခန်း အမှတ်(၆)အား စစ်ဆေးခဲ့ရာ စိုင်းသီဟ (၂၁နှစ်) (၁၆)လမ်း ရွာသစ်ပွဲကြိုရပ်ကွက် မကွေးမြို့နေသူ၊ ဘိုဘိုလတ် (၂၆နှစ်) မင်းရွာ မင်းဘူး(စကု) မြို့နယ်နေသူ၊ ချစ်ကိုကို(၂၄နှစ်) အင်းနက် ကျေးရွာ မကွေးမြို့နယ်နေသူ၊ အောင်ဇော်လင်း(၂၈နှစ်) လျောင်းတော်ဦးကျေးရွာ မကွေးမြို့နယ် နေသူ၊ သိန်းမင်းထိုက်(၁၈နှစ်) အလယ်ချောင်းကျေးရွာ မကွေးမြို့နယ်နေသူ၊ ခိုင်စိုး (၂၈နှစ်) သစ်ရာကောက်ကျေးရွာ မကွေးမြို့နယ်နေသူတို့ ခြောက်ဦးမှာ အချုပ်ခန်း အိမ်သာအခန်းမှတစ်ဆင့် အချုပ်ခန်းအမိုးကိုကျော်၍ ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မကွေးမြို့မရဲစခန်းမှ ထွက်ပြေးလွတ်မြောက်သွားသော အချုပ်သားများအား ရှာဖွေခဲ့ရာ အောက်တိုဘာ ၁၁ ရက် ည ၈ နာရီခွဲက သိန်းမင်းထိုက်(၁၈နှစ်)အား အလယ်ချောင်းကျေးရွာရှိ ၎င်း၏မိဘများ နေအိမ်မှ ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

## ကလေး - မော်လိုက် ကားလမ်း၌ ယာဉ်တစ်စီးတိမ်းမှောက်၍ လူလေးဦးသေဆုံး

**ကလေး အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် မော်လိုက်မြို့ကို ဆက်သွယ်ထားသည့် လက်ဆေးကန်သွားရာ ကားလမ်းပေါ်တွင် အောက်တိုဘာ ၁၁ ရက် နံနက် ၃ နာရီခန့်က ယာဉ်တစ်စီး ဘရိတ်ပေါက်၍ တိမ်းမှောက်ရာ ယာဉ်မောင်းအပါအဝင် လူလေးဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မော်လိုက်မြို့မှ ကလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်သည် လက်ဆေးကန်အနီး တောင်တက်လမ်းတွင် ဘရိတ်ပေါက်ကာ လမ်းယာဖက်သို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာရသူ လေးဦးမှာ ကလေးမြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသ မှုခံယူနေကြပြီး မစိုးရိမ်ရကြောင်း သိရသည်။

**ဂျူနိုင်း**

## ရေတာရှည်မြို့ စည်ပင်သာယာဈေးအတွင်းရှိ အထည်ဆိုင်ဖောက်ထွင်းခံရမှုဖြစ်ပွား

**ရေတာရှည် အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ စည်ပင်သာယာဈေးတောင်ဘက်တန်းရှိ အထည် ဆိုင်တစ်ဆိုင်မှာ အောက်တိုဘာ ၁၁ ရက် ညပိုင်းက ဖောက်ထွင်းခိုးယူခံရကြောင်း သိရသည်။

"ကျွန်တော်တို့ဈေးက မနက် ၆ နာရီဆိုဆိုင်စဖွင့်ပြီ။ ညပိုင်းလုံခြုံရေး အစောင့်က တွေ့လို့ပြောမှ သိရတာ။ တံခါးပတ္တာ သုံးခုကို ဖြုတ်ပြီး ဖွင့်သွားတာ" ဟု ရေတာရှည်မြို့ အမှတ်(၁)ရပ်ကွက်နေ ဆိုင်ရှင် ဦးသန့်ဇင်အောင်က ပြောသည်။ ဖောက်ထွင်းခံရသည့် ဆိုင်ခန်းအား ရဲတပ်ဖွဲ့ဝင်များနှင့် ဈေးကော်မတီဝင်များက စစ်ဆေးခဲ့ရာ ကလေး၊ လူကြီးအရွယ်စုံဝတ် အထည်မျိုးစုံ ငွေကျပ် ခြောက်သိန်းနီးပါး တန်ဖိုးရှိသည့် ပစ္စည်းများခိုးယူခံရခြင်းဖြစ်ကြောင်း သိရသည်။

ယခင်လ ၂၆ ရက် ညပိုင်းကလည်း ဖောက်ထွင်းခိုးယူခံရသော ဟန်းဆက်မျိုးစုံ ၁၇ လုံး၊ ငွေဖြည့်ကတ်၊ ဖုန်းဆင်းကတ်၊ ငွေကျပ်တစ်သိန်းသုံးသောင်း စုစုပေါင်း ငွေကျပ်၂၇ သိန်းဖိုးခန့် ခိုးယူခံရမှုအား ရဲတပ်ဖွဲ့က စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၂**

မိုင်းခတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၀ ရက် နံနက် ၁၁ နာရီက မိုင်းခတ်မြို့ အမှတ်(၁)ရပ်ကွက် ပါဆံကျကျေးရွာနေ အားဂျွေ၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၉ ပြား၊ အိပ်ခန်းအတွင်းမှ ဘိန်းစိမ်း ၆၅ ဂရမ်၊ ငွေကျပ် ၅၇၅၀၀ နှင့် တူမီးသေနတ် သုံးလက်တို့ကို သိမ်းဆည်း ရမိခဲ့သည်။

သထုံခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၀ ရက် ည ၇ နာရီ ၄၅မိနစ်က ပေါင်မြို့နယ် သဲအိမ်ကျေးရွာ ရှုခင်းသာကုန်းထိပ်တွင် ငွေသန်းနိုင်(ခ)သန်းနိုင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၀၀ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ဆက်လက်၍ ပေါင်မြို့နယ် အီးဖြစ်ကျေးရွာရှိ ငွေသန်းနိုင်(ခ)သန်းနိုင် နေထိုင်သည့် နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကိုလည်းကောင်း သိမ်းဆည်း ရမိသဖြင့် ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မကြာသေးမီက ရွာသွန်းခဲ့သောမိုးကြောင့် ဗီယက်နမ်တွင် လူ ၃၇ ဦးခန့်သေဆုံး

**ဟန္နိုင်း အောက်တိုဘာ ၁၂**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် လွန်ခဲ့သည့်ရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကြောက်မက်ဖွယ်ရေကြီး၊ မြေပြိုမှုဖြစ်ပွားခဲ့ပြီးနောက် လူ ၃၇ ဦးသေဆုံးခဲ့ပြီးလူ ၄၀ ခန့်ပျောက်ဆုံးနေကြောင်း ဗီယက်နမ်သဘာဝဘေးကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဦးဆောင်ဗဟိုကော်မတီက မကြာသေးမီကပြောခဲ့သည်။

ရေကြီးမှုဖြစ်စဉ်တွင် နေအိမ် ၁၆၇၀၀ ရေလွှမ်းမိုးခဲ့ပြီး လူ ၂၁ ဦး ဒဏ်ရာရရှိခဲ့ကာ ရေနုတ်မြောင်းနှစ်ခု၊ ကောက်ပဲသီးနှံစိုက်ဧက ၃၉၃၀၀ ကျော်ပျက်စီးသွားကြောင်း၊ ကျွဲ၊ နွားအကောင် ၁၂၀၀ နှင့် ကြက်ငှက် ၄၀၀၀၀ ခန့်သေဆုံးခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံအတွင်းရှိလမ်းများလည်း ပျက်စီးခဲ့ပြီး မြေပြိုမှုများလည်းဖြစ်ပွားခဲ့ကြောင်း သိရသည်။ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုဖြစ်စဉ်များကြောင့် နိုင်ငံမြောက်ပိုင်း ဟွာဘင်ပြည်နယ်တွင် လူ ၁၁ ဦး၊ အလယ်ပိုင်း ငှါအန်းပြည်နယ်နှင့် သန်ဟွာပြည်နယ်တို့တွင် သေဆုံးသူ ရှစ်ဦး၊ မြောက်ပိုင်းဆွန်လာပြည်နယ်တွင် သေဆုံးသူငါးဦး၊ မြောက်ပိုင်း ယန်ဘိုင်ပြည်နယ်တွင် သေဆုံးသူ လေးဦးနှင့် မြို့တော်ဟန္နိုင်းတွင် သေဆုံးသူတစ်ဦး စုစုပေါင်း ၃၇ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဆွန်လာ၊ ယန်ဘိုင်၊ ဟွာဘင်၊ သန်ဟွာနှင့် ချင်ထရီပြည်နယ်များတွင် လူ ၄၀ ခန့် ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံတွင် ယခုနှစ်ကိုးလအတွင်း သဘာဝဘေးကြောင့်ပျောက်ဆုံးသူ သို့မဟုတ် သေဆုံးသူ ၁၆၉ဦး၊ ဒဏ်ရာရသူ ၂၃၂ ဦးနှင့်နေအိမ် ၂၃၆၀၀၀ ခန့်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့အပြင် ကောက်ပဲသီးနှံစိုက်ဧက ၄၅၄၀၀ ရေများဖုံးလွှမ်းပျက်စီးခဲ့ကြောင်း သိရသည်။ ပထမကိုးလအတွင်း ရေကြီးမှုကြောင့် ဆုံးရှုံးမှုများသည် တန်ဖိုးငွေဗီယက်နမ်ဒေါင် ၂၁ ဒသမ ၅ ထရီလီယံကျော် ရှိခဲ့ကြောင်း စာရင်းစစ်ရုံးမှ ထုတ်ပြန်ကြေညာချက်အရ သိရသည်။ (ဆင်ဟွာ)



# အကြမ်းဖက်မှုနှိမ်နင်းရန် ဖိလစ်ပိုင်နိုင်ငံသို့ စစ်ဘက်ဆိုင်ရာအကူအညီများ ရုရှားပေးတော့မည်

**မနီလာ အောက်တိုဘာ ၁၂**

အကြမ်းဖက်မှုနှိမ်နင်းရန် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာရုရှားနိုင်ငံသံရုံးက အောက်တိုဘာလအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ အေကေ-၄၇ သေနတ်အလက် ၅၀၀၀၊ ကျည်ဆန် ၁၀၀၀၀၀၀ နှင့် စစ်ဘက်ဆိုင်ရာသုံး ကုန်တင်ကားအစင်း ၂၀ တို့ကို ပေးပို့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအစ်ဂေါခိုဗေးက ရုရှားနိုင်ငံအနေဖြင့် ဖိလစ်ပိုင်တောင်ပိုင်းတွင်ဖြစ်ပွားနေသော အကြမ်းဖက်နှိမ်နင်းရေးလှုပ်ရှားမှုများတွင် အစိုးရတပ်ဖွဲ့ကို အစွမ်းကုန် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အောက်တိုဘာလ ၂၂ ရက်နေ့တွင် ရုရှားမှ ကူညီထောက်ပံ့မည့် လက်နက်များသည် ဖိလစ်ပိုင်သို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း အောက်တိုဘာလ ၂၅ ရက်နေ့တွင် တရားဝင်လွှဲပြောင်းမှုများ ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး လော်ရန်ဇာနာက ပြောခဲ့သည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေး ရုရှားနိုင်ငံသို့ ယခုနှစ်မေလ ၂၃ ရက်က သွားရောက်လည်ပတ်နေစဉ်အတွင်း ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မာလဝီတွင် အစိုးရနှင့် အကြမ်းဖက်အဖွဲ့တို့ ထိတွေ့မှုဖြစ်ပွားခဲ့ရာ အကြမ်းဖက်အဖွဲ့က ယင်းမြို့ကို သိမ်းပိုက်ခဲ့ကြောင်း သိရသည်။ အခင်းဖြစ်ပွားပြီးနောက် ဖိလစ်ပိုင်သမ္မတက အရေးပေါ်နိုင်ငံသို့ ပြန်လည်ထွက်ခွာလာခဲ့ပြီး တိုက်ပွဲများဆင်နွှဲရန် ညွှန်ကြားမှုများပေးခဲ့ကြောင်း သိရသည်။ တိုက်ပွဲကြောင့် အကြမ်းဖက်သမား ၈၀၀ ကျော်နှင့် အစိုးရတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၆၀ ခန့် သေဆုံးနေပြီဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်ဆိုင်ရာ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် ဖိလစ်ပိုင်သမ္မတ ဒူတာတေးအနေဖြင့် လတ်တလောတွင် ဖိလစ်ပိုင်နိုင်ငံအတွင်း မူးယစ်ဆေးဝါးနှိမ်နင်းမှုများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာနသာလျှင် တစ်ခုတည်းသောအဖွဲ့အစည်းဖြစ်ပြီး အမျိုးသားရဲတပ်ဖွဲ့နှင့် အမျိုးသားစုံစမ်းစစ်ဆေးရေးဌာနစသည့် အခြားသောအဖွဲ့အစည်းများပါဝင်ဆောင်ရွက်တော့မည် မဟုတ်ကြောင်း နားလည်မှုစာချွန်လွှာတစ်ခုကိုလည်း လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ (ဆင်ဟွာ)



## တရုတ်ရောက် အမေရိကန်ဆရာတစ်ဦး ကျောက်ကပ်နှင့် မျက်ကြည်လွှာလှူ

**နန်ကျင်း အောက်တိုဘာ ၁၂**

အသက် ၄၁ နှစ်ရှိ အမေရိကန်ဆရာတစ်ဦးသည် တရုတ်နိုင်ငံအရှေ့ပိုင်းကျန်းစူးပြည်နယ်တွင်သေဆုံးပြီးနောက် ၎င်း၏ကျောက်ကပ်နှင့် မျက်ကြည်လွှာကို လှူဒါန်းခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ချန်စုမြို့တွင် အင်္ဂလိပ်ဆရာအဖြစ် လာရောက်လုပ်ကိုင်နေသော ဝါရှင်တန်မှ အာမရီစကော့သည် အောက်တိုဘာ ၁ ရက်က ရုတ်တရက်လေဖြတ်ရောဂါခံစားခဲ့ရပြီး အောက်တိုဘာ ၁၀ ရက်က သေဆုံးခဲ့ကြောင်း သိရသည်။

၎င်း၏ကျောက်ကပ်နှင့် မျက်ကြည်လွှာကို တရုတ်ဝေဒနာရှင်များထံသို့ ပေးလှူခဲ့ကြောင်း ဆူကျို့မြို့ရှိ ဆူးချွာတက္ကသိုလ် ပထမဆုံးတွဲဖက်ဆေးရုံမှ ဒေါက်တာဂိုချင်က ပြောခဲ့သည်။

အောက်တိုဘာ ၁ ရက်က တရုတ်အမျိုးသားနေ့အထိမ်းအမှတ်တွင် ၎င်းက ဝီချက်မှတစ်ဆင့် မိမိရောက်ရှိခဲ့သောနိုင်ငံသည် မိမိ၏ လက်ရှိအိမ်ပင်ဖြစ်၍ ငြိမ်းချမ်းသာယာဝပြောမှုများအခွန့်ရှည်ပါစေကြောင်းနှင့် ပျော်ရွှင်သော အမျိုးသားနေ့ဖြစ်ပါစေကြောင်း ရေးသားဖော်ပြခဲ့သည်။ ၎င်း၏မိသားစုကလည်း စကော့သည် ၎င်း၏အစိတ်အပိုင်းများကို လှူဒါန်းရန်သဘောတူခဲ့ကြောင်း ပြောခဲ့သည်။ (ဆင်ဟွာ)

## အမေရိကန်စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းနေစဉ် အရေးပေါ်ဆင်းသက်ခဲ့ရ

**ဝါရှင်တန် အောက်တိုဘာ ၁၂**

CH-53E Super Stallion ရဟတ်ယာဉ်သည် ပျံသန်းနေစဉ်မီးလောင်မှုဖြစ်ပေါ်ခဲ့သောကြောင့် အိုကီနာဝါ ဂျပန်လေတပ်အခြေစိုက်စခန်း၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အမေရိကန်ကမ်းတက်တပ်ဖွဲ့က ပြောခဲ့သည်။ ကမ်းတက်တပ်ဖွဲ့၏ တရားဝင်ဝက်ဘ်ဆိုက်အရ အရေးပေါ်ဆင်းသက်ခဲ့သော လေယာဉ်ကို 1st Marine Aircraft ကပိုင်ဆိုင်ကြောင်း သိရသည်။

အဆိုပါ မတော်တဆမှုသည် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀တွင် မြောက် ပိုင်းလေ့ကျင့်ရေးဧရိယာအပြင်ဘက် လယ်ကွင်းတစ်ခု၌ ပုံမှန်လေ့ကျင့်ပျံသန်းနေစဉ်အတွင်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အရေးပေါ်ဆင်းသက်ခဲ့ရသည့်အကြောင်း ရင်းကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ (ဆင်ဟွာ)

# NAFTA ဆွေးနွေးမှုမအောင်မြင်ခဲ့လျှင် ကနေဒါသို့မဟုတ်မက္ကဆီကို နှစ်နိုင်ငံကုန်သွယ်ရေးစာချုပ်ချုပ်ဆိုရန် ထရန့်လမ်းဖွင့်ထား

**ဝါရှင်တန် အောက်တိုဘာ ၁၂**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် အကယ်၍သုံးပွင့်ဆိုင်သဘောတူညီမှုက မြောက်အမေရိကလွတ်လပ်စွာကုန်သွယ်ရေးစာချုပ်ကို ကောင်းမွန်စွာပြင်ဆင်တည်းဖြတ်နိုင်သည့်အခြေအနေသို့မရောက်ရှိခဲ့လျှင် ၎င်းအနေဖြင့် ကနေဒါသို့မဟုတ် မက္ကဆီကိုနိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်ရေးပဋိညာဉ်စာချုပ်ချုပ်ဆိုမှုပြုလုပ်သွားရန် လမ်းဖွင့်ထားပြီဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

အကယ်၍ မြောက်အမေရိက ကုန်သွယ်ရေးစာချုပ်ကိစ္စဆွေးနွေးမှုသည် မက္ကဆီကိုနှင့်အဆင်မပြေခဲ့လျှင် လွတ်လပ်စွာကုန်သွယ်ရေးကိစ္စရပ်ကို ကနေဒါနှင့် စာချုပ်ချုပ်ဆိုသွားရန်ရှိမရှိ သတင်းထောက်တစ်ဦးကမေးမြန်းခဲ့ရာတွင် ထရန့်ကထိုသို့ပြုလုပ်ရန်သေချာကြောင်း တစ်ဦးတစ်ယောက်နှင့်သဘောတူစာချုပ်ချုပ်ဆိုရန် အဆင်မပြေလျှင် အဆင်ပြေနိုင်မည့်အခြားသူနှင့် စာချုပ်ချုပ်ဆိုသွားရလိမ့်မည်သာဖြစ်ကြောင်း ဖြေကြားခဲ့သည်။

မြောက်အမေရိကကုန်သွယ်ရေးစာချုပ်၏ အကျိုးကျေးဇူးများကိုမြှင့်တင်ရေးအတွက် ဝါရှင်တန်သို့ရောက်ရှိနေသည့် ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒီရူနှင့် အိမ်ဖြူတော်၌တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့စဉ်အတွင်း ထရန့်ကထိုသို့မှတ်ချက်ချပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစာရှင်းလင်းပွဲ၌ ထရန့်၏သဘောထားမှတ်ချက်ကိုမေးမြန်းခဲ့ရာတွင် ထရူးဒီရူက ၎င်းအနေဖြင့် ၁၉၉၄ ခုနှစ် ကုန်သွယ်ရေးဆိုင်ရာပဋိညာဉ်စာချုပ်ကို ပြန်လည်ဆန်းသစ်နိုင်မည့်အခွင့်အလမ်းနှင့်ပတ်သက်၍ ကောင်းသည်ဟုထင်မြင်နေဆဲ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(ရိုက်တာ)



## နိုင်ငံတကာ သတင်းတိုထွာ

### အခွန်ပြုပြင်ပြောင်းလဲရေး အကျိုးသက်ရောက်မှု မရှိဟု ထရန့်ပြော

**ဝါရှင်တန် အောက်တိုဘာ ၁၂**
ဒေါ်နယ်ထရန့်၏ လူမှုစာမျက်နှာဖြစ်သော တွစ်တာပေါ်၌အငြင်းပွားမှုသည် အခွန်ပြုပြင်ပြောင်းလဲရေး ကြိုးစားမှုအပေါ် အကျိုးသက်ရောက်မှုရှိမည်မဟုတ်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မကြာသေးမီက ပြောကြားခဲ့သည်။

"ရှေ့တိုးရကောင်းနိုးနိုး နောက်ဆုတ်ရကောင်းနိုးနိုးကိစ္စ"သည် အခွန်ပြုပြင်ပြောင်းလဲရေးကြိုးစားမှုအပေါ် အကျိုးပြုလိမ့်မည် မဟုတ်ကြောင်း ထရန့်က ၎င်း၏ ဘဲဥပုံရုံးခန်း၌ ပြောခဲ့သည်။ "ပြည်သူတွေဟာ အခွန်ဖြတ်တောက်မှုတွေကို တွေ့ချင်မြင်ချင်ကြတယ်။ သူတို့ဟာ သူတို့ရဲ့အခွန်တွေမှာ ကြီးကြီးမားမားလျှော့ချမှုတွေကို တွေ့ချင်နေကြတယ်။ သူတို့တွေဟာ အခွန်ပြုပြင်ပြောင်းလဲရေးကို မြင်ချင်နေကြတယ်။" ဟု အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့သည်။

ထို့အပြင် အစိုးရအဖွဲ့အနေဖြင့်လည်း ၎င်းတို့၏ အခွန်ပြုပြင်ပြောင်းလဲရေးဆိုင်ရာအစီအစဉ်ကို အကောင်းဆုံးပြုပြင်ထိန်းညှိမှုများပြုလုပ်ပြီး ဟာကွက်မရှိပိုမိုကောင်းမွန်သည့် စနစ်တစ်ခုအဖြစ်လာမည့် ရက်သတ္တပတ်များအတွင်း အကောင်အထည်ပေါ်လာအောင် ကြိုးစားလုပ်ဆောင်နေကြောင်း ထရန့်က ဆက်လက်ပြောကြားခဲ့သည်။ **(ရိုက်တာ)**

### ကိုရီးယားကျွန်းဆွယ်အရေးတွင် တရုတ်နှင့် ရုရှား၏ ရပ်တည်ချက်ခိုင်မာ

**ပေကျင်း အောက်တိုဘာ ၁၂**
တရုတ်နှင့်ရုရှားတို့သည် အရှေ့မြောက်အာရှဒေသလုံခြုံရေးနှင့် ပတ်သက်၍ စကားပြောဆိုဆွေးနွေးမှုပြုလုပ်ခဲ့စဉ်အတွင်း ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားလက်နက်လျှော့ချရေးကို ဆောင်ရွက်ရာတွင် ရပ်တည်ချက်သဘောထားခိုင်မာမှုရှိကြောင်းကို ထပ်မံအတည်ပြု ပြောကြားခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ဗုဒ္ဓဟူးနေ့တွင်ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကွန်ကျန်ယူနှင့် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အီဂေါ်မော်ဂူလော့ဗ်တို့သည် အင်္ဂါနေ့တွင်အရှေ့မြောက်အာရှဒေသအတွင်းရှိလုံခြုံရေးနှင့်ပတ်သက်၍ တရုတ်-ရုရှား ရှစ်ကြိမ်မြောက်ညှိနှိုင်းဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ပူးတွဲဆောင်ရွက်ခဲ့ပြီး ကိုရီးယားကျွန်းဆွယ်အရေးကိစ္စအပါအဝင် အခြားသော လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ကိုရီးယားကျွန်းဆွယ်အရေးကိစ္စတွင်ပါဝင်နေသည့် အဖွဲ့များအားလုံးသည် ဒေသအတွင်း၌ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိပါးနှောင့်ယှက်လာသည့် တင်းမာမှုများကို ဖြစ်ပွားစေမည့် မည်သည့် လှုပ်ရှားဆောင်ရွက်မှုမျိုးကိုမဆိုရပ်တန့်စေရန်လုပ်ဆောင်ကြမည်ဖြစ်သည်ဟု တရုတ်နှင့် ရုရှားတို့က သဘောတူညီခဲ့ကြကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အပြန်အလှန်ဗီဇာရပ်ဆိုင်းမှုကြောင့် အမေရိကန်နဲ့ တူရကီဆက်ဆံရေး ဝေးသထက်ဝေးကွာ

◇◇◇◇◇◇◇◇ **ကလျာမိုးမြင့်** ◇◇◇◇◇◇◇◇



တူရကီနဲ့အမေရိကန်တို့ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်ဗီဇာရပ်ဆိုင်းမှုဟာ နဂိုကမှနွေးနွေးထွေးထွေးမရှိလှတဲ့ နှစ်နိုင်ငံဆက်ဆံရေး အခြေအနေကို ဆိုးသထက်ဆိုးသွားစေခဲ့ပြီဆိုတဲ့ သတိထားဖွယ်နိမိတ်လက္ခဏာတွေကိုပြသလာနေပါတယ်။ နေတိုးမဟာမိတ်အဖွဲ့ဝင် နှစ်နိုင်ငံလုံးဟာ အပြင်းထန်ဆုံးစိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေကြရပြီလို့ ဒေသဆိုင်ရာ နိုင်ငံရေးကျွမ်းကျင်သူတွေက အင်္ဂါနေ့မှာ စိုးရိမ်ဖွယ် မှတ်ချက်ချခဲ့ကြပါတယ်။

ဆက်ဆံရေးတွေ ချောချောမွေ့မွေ့မရှိလှတဲ့ အခြေအနေမျိုးမှာ အန်ကာရာနဲ့ဝါရှင်တန်တို့က တစ်ဖက်နဲ့တစ်ဖက်အပြန်အလှန် ဗီဇာရပ်ဆိုင်းမှုတွေပြုလုပ်လိုက်ကြတာဟာ တော်တော်လေးထိချက်ပြင်းတဲ့လုပ်ဆောင်မှုလို့ဆိုရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလိုရပ်ဆိုင်းလိုက်ခြင်းအားဖြင့်တိုက်ရိုက်ထိခိုက်ခံစားကြရမှာက အဲဒီနိုင်ငံသားတွေပဲ ဖြစ်လိမ့်မယ်လို့ ဟာရီရက်နေ့စဉ်သတင်းစာမှာ ပုံမှန်ဆောင်းပါးရေးသားသူဖြစ်တဲ့ ဒန်းနစ်ဇေရက်က ပြောခဲ့ပါတယ်။

ယခုနောက်ဆုံးထွက်ပေါ်လာတဲ့ ကတောက်ကဆတ်ဖြစ်မှုဟာ အစ္စတန်ဘူလ်မှာရှိတဲ့ အမေရိကန်ကောင်စစ်ဝန်ရုံးက တူရကီအမှုထမ်းတစ်ဦးဖြစ်သူမက်တင်တိုပတ်စ်ကို ဖမ်းဆီးလိုက်ပြီးတဲ့ အချိန်ကစတင်လာခဲ့တာပါ။ မက်တင်တိုပတ်စ်ကို ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်မှာ တူရကီမှာဖြစ်ပွားခဲ့တဲ့ အာဏာသိမ်းကြိုးပမ်းမှုကို ကြိုးကိုင်စီမံခဲ့တယ်လို့ တူရကီက စွပ်စွဲထားတဲ့ အမေရိကန်အခြေစိုက် မွတ်စလင်ဘုန်းတော်ကြီး ဖက်တူလာဂူလန်နဲ့ ပတ်သက်ဆက်နွှယ်နေတဲ့အပြင် လျှို့ဝှက်ထောက်လှမ်းမှု လုပ်ဆောင်တယ်ဆိုပြီး ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။

တူရကီနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက အခုလိုဖမ်းဆီးလိုက်တာနဲ့ ပတ်သက်ပြီး အမှုထမ်းတစ်ယောက်ကို စွပ်စွဲချက်တွေနဲ့ ဖမ်းဆီးတာဟာ အခြေအမြစ်မရှိတဲ့ လုပ်ရပ်ဖြစ်ပြီး ခုလိုဖမ်းဆီးလိုက်တဲ့အတွက် အမေရိကန်ဟာ အကြီးအကျယ်နှောင့်ယှက်မှုတွေခံနေရပြီလို့ ဝေဖန်ရှုတ်ချခဲ့ပါတယ်။

တနင်္ဂနွေနေ့အရောက်မှာတော့ အမေရိကန်သံရုံးက ကြေညာချက်တစ်ခုကိုထုတ်ပြန်လာပါတယ်။ အမေရိကန်ရဲ့ မစ်ရှင်တွေနဲ့ ဝန်ထမ်းတွေရဲ့လုံခြုံမှုအတွက် တူရကီကအာမခံပေးနိုင်မယ်ဆိုတဲ့အချက်ကို ပြန်လည်ဖော်ပြနိုင်မယ့်အချိန်အထိ ရွှေ့ပြောင်းလုပ်သားမဟုတ်သူတွေအားလုံးရဲ့ ဗီဇာဝန်ဆောင်မှုတွေကိုရပ်နားထားမယ်လို့ ကြေညာခဲ့တာဖြစ်ပါတယ်။ အမေရိကန်ဘက်က အဲဒီဆုံးဖြတ်ချက်ကိုကြေညာခဲ့ပြီး နာရီအနည်းငယ်အကြာမှာပဲ တူရကီဟာ အမေရိကန်ပြည်ထောင်စုအတွင်းမှာ သံတမန်ရေးအရဝန်ဆောင်မှုပေးနေတဲ့ ရွှေ့ပြောင်းလုပ်သားမဟုတ်သူအားလုံးကိုဗီဇာရပ်ဆိုင်းလိုက်ခြင်းအားဖြင့် ဆတ်ဆတ်ထိမခံ ချက်ချင်းတုံ့ပြန်လိုက်ပါတယ်။

တူရကီနိုင်ငံခြားရေးဝန်ကြီးဟာ တနင်္လာနေ့မှာ အန်ကာရာမှာရှိတဲ့ အမေရိကန်သံရုံးက သံမှူးကိုဆင့်ခေါ်လိုက်ပြီး ကြောင်းကျိုးဆီလျော်မှုမရှိတဲ့ ဗီဇာရပ်ဆိုင်းမှုကို အဆုံးသတ်ဖို့ကိုလည်း တိုက်တွန်းပြောကြားခဲ့ပါတယ်။အဲဒီနေ့မှာပဲ အစ္စတန်ဘူလ် ပြည်သူ့ရှေ့နေချုပ်ရုံးက မြို့တွင်းမှာရှိတဲ့ အမေရိကန်ကောင်စစ်ဝန်ရုံးအဖွဲ့ဝင်တစ်ဦးကို သံသယရှိသူအဖြစ်စစ်ဆေးဖို့ ဆင့်ခေါ်ခဲ့ပါတယ်။

သံသယရှိသူအဖြစ် ရုံးအဖွဲ့ဝင်ကို ဆင့်ခေါ်ရုံမက ၎င်းရဲ့ဇနီးနဲ့သားကိုလည်း ဂူလန်လှုပ်ရှားမှုကိုကူညီအားပေးတယ်ဆိုပြီးဘလက်ဆီးပြည်နယ်ထဲမှာ ဖမ်းဆီးလိုက်ပါတယ်။ အမေရိကန်ဟာ သူ့ရဲ့ဆုံးဖြတ်ချက်အပေါ်မှာပြန်ပြီး ဆင်ခြင်စဉ်းစားဖို့မျှော်လင့်တယ်လို့ တူရကီတရားရေးဝန်ကြီး အဗ္ဗဒူလ်ဟာမစ်ဂါလ်ကရပ်မြင်သံကြား အင်တာဗျူးတစ်ခုမှာ ပြောကြားခဲ့ပါတယ်။ တူရကီဟာ အမေရိကန်နဲ့အတူ တရားရုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်သွားဖို့ လမ်းဖွင့်ထားတယ်။ ဒါပေမယ့် အစိုးရအနေနဲ့ တရားရေးအရစီရင်ဆုံးဖြတ်မှုတွေမှာ ကြားဝင်ဖျန်ဖြေမှုတွေလုပ်ဆောင်ပေးမှာမဟုတ်ဘူးလို့ ၎င်းကထပ်ဖြည့်ပြောကြားပါတယ်။

တူရကီမှာဗီဇာဝန်ဆောင်မှုတွေကို ဘယ်လောက်ထိကြာအောင် ရပ်ဆိုင်းထားမလဲဆိုတာကိုမသိဘူး။ ဒီကိစ္စက အမေရိကန်ကောင်စစ်ဝန်ရုံးအဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားရတဲ့ အကြောင်းပြချက်နဲ့ပတ်သက်ပြီး တူရကီအစိုးရနဲ့ ညှိနှိုင်းဆွေးနွေးသွားမှုအပေါ် မူတည်နေတယ်လို့ တူရကီဘက်က ပြောကြားခဲ့ပါတယ်။ တူရကီဟာ ခေးစခံမူဝါဒတစ်ခုကို ကျင့်သုံးနေတယ်ဆိုတာကို အမေရိကန်အစိုးရက သဘောပေါက်လာပုံပဲလို့ ၎င်းကဆိုပါတယ်။

တူရကီမှာ နှစ်ပေါင်း ၂၀ကျော်လောက်နေထိုင်လာခဲ့တဲ့ အမေရိကန် သင်းအုပ်ဆရာ အန်ဒရူးဘာဆန်ဟာလည်း ပြီးခဲ့တဲ့နှစ်ကဘုန်းတော်ကြီးဖက်တူလာဂူလန်နဲ့ပတ်သက်နေတယ်ဆိုပြီး ဖမ်းဆီးအကျဉ်းချခံခဲ့ရဖူးတာကို ဇေရက်ကထောက်ပြပါတယ်။ အဒါနာတောင်ပိုင်းပြည်နယ်မှာ အမေရိကန်ကောင်စစ်ဝန်ရုံးက နောက်ထပ်အမှုထမ်းတစ်ဦးဖြစ်တဲ့ ဟမ်ဇာအူလူကေကိုလည်း အစိုးရဆန့်ကျင်တဲ့ ကာ့ဒ်အလုပ်သမားပါတီပီကေကေရဲ့အဖွဲ့ဝင်ဖြစ်ခဲ့တယ်ဆိုပြီး မတ် ၇ ရက်မှာ ဖမ်းဆီးခဲ့ပါတယ်။

အမေရိကန်နိုင်ငံသားတွေကို ဖမ်းဆီးနေတာတွေနဲ့ပတ်သက်ပြီး စိတ်မသက်မသာဖြစ်ရကြောင်း အမေရိကန်အာဏာပိုင်တွေက စောစောကတည်းကဖော်ပြခဲ့ကြတာပါ။ ဒါပေမယ့် ဗီဇာရပ်ဆိုင်းလိုက်မယ်လို့တော့မထင်ခဲ့မိဘူးလို့ တူရကီအာဏာပိုင်တစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့ပါတယ်။ အမေရိကန် ဘုန်းတော်ကြီးကို ပြန်ပို့ပေးဖို့ တူရကီကိုဖိအားပေးနေတယ်။ ဒါပေမယ့် တခြားဘုန်းတော်ကြီးတစ်ယောက်ကို ပြန်လွှဲပေးဖို့ကျတော့ ငြင်းဆန်နေတယ်လို့ တူရကီသမ္မတ ရီဆက်တေရစ် အာဒိုဂန်က ပြောဆိုခဲ့ပါတယ်။

တူရကီနဲ့အမေရိကန်ရဲ့ဆက်ဆံရေးတင်းမာမှုတွေဟာ အန်ကာရာက ပီကေကေရဲ့ အစွယ်အပွားလို့ရှုမြင်နေတဲ့ဆီးရီးယားရှိကာ့ဒ် ပြည်သူ့ကာကွယ်ရေးယူနစ်အဖွဲ့ကို အမေရိကန်က ကူညီထောက်ပံ့မှုပြုလုပ်ခဲ့တာကနေ ပိုမိုပြင်းထန်လာခဲ့တာပါ။ ပြီးခဲ့တဲ့မေလအတွင်းမှာ သမ္မတအာဒိုဂန် အမေရိကန်သို့လာရောက်ခဲ့တဲ့ခရီးစဉ်အတွင်းမှာ ၎င်းရဲ့အစောင့်အကြပ်တွေကို ဆန့်ကျင်တဲ့ မပြေမလည်ဖြစ်ပွားမှုတွေနဲ့ ရုရှား ဒုံးကျည်ကာကွယ်ရေးစနစ်S-400 ကိုတူရကီက ဝယ်ယူဖို့ ဆုံးဖြတ်လိုက်တာတွေနဲ့ ပတ်သက်ပြီး နှစ်ဖက်ဆက်ဆံရေးမှာ အစိုင်အခဲတွေ ဖြစ်လာခဲ့တာပါ။

ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာဆီးရီးယားပဋိပက္ခပေါ်ထွက်လာချိန်ကစတင်ပြီး နှစ်နိုင်ငံဆက်ဆံရေးဟာ ဆုတ်ယုတ်လာခဲ့တာဖြစ်ပါတယ်။ ဒီအချိန်မှာ ဗီဇာကန့်သတ်မှုကို လုပ်ဆောင်လိုက်တာဟာ တင်းမာမှုတွေအမြင့်ဆုံးအဆင့်ကို ရောက်ရှိသွားတာလို့ဆိုရမှာဖြစ်ကြောင်း အယ်လ်တင်ဘတ်စ်တက္ကသိုလ်က နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များ နီးနှောဖလှယ်သူ ဘဟာဒါကေနတ်က သုံးသပ်ပြောကြားခဲ့ပါတယ်။

ဂျာမနီနိုင်ငံသားတွေကို ဖမ်းဆီးခဲ့ရာကနေ တူရကီနဲ့ဂျာမနီနှစ်နိုင်ငံအကြားဖြစ်ပွားခဲ့တဲ့ အငြင်းပွားမှုတွေကို ကိုးကားပြောဆိုရမယ်ဆိုရင် တူရကီဟာ အခုလိုဖမ်းဆီးမှုတွေကြောင့်ပဲ တခြားနိုင်ငံတွေနဲ့လည်း ပြဿနာတွေဆက်ဖြစ်နေဦးမှာပဲလို့ ကေနတ်က ဝေဖန်ခဲ့ပါတယ်။
**(ဆင်ဟွာ)**

**တစ်ဖက်နဲ့တစ်ဖက်အပြန်အလှန် ဗီဇာရပ်ဆိုင်းမှုတွေ ပြုလုပ်လိုက်ကြတာဟာ တော်တော်လေးထိချက်ပြင်းတဲ့ လုပ်ဆောင်မှုလို့ဆိုရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလိုရပ်ဆိုင်းလိုက်ခြင်းအားဖြင့် တိုက်ရိုက်ထိခိုက်ခံစားကြရမှာက အဲဒီနိုင်ငံသားတွေပဲ ဖြစ်လိမ့်မယ်**

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၉၀)

# အငြိမ်းစားဥပဒေအရာရှိများ “စံ” ထားပါသည်



ဦးဟန်ညွန့် (ဥပဒေ)

**နှိုးဆော်**

အငြိမ်းစားဥပဒေအရာရှိ ကျေးဇူးရှင် သက်ကြီးဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ပညာချွန်သားသမီးများအား ဆုပေးပွဲကိုကျင်းပမည်။ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရှေ့နေချုပ်ဓမ္မာရုံ၌ (၈-၁၀-၂၀၁၇၊ နံနက် ၁၀) တွင် ကျင်းပမည်ဟု နှိုးဆော်ထားသည်။

အလုပ်တွေ ဘယ်လိုမအားသော်ငြား၊ ကျန်းမာရေးစွမ်းအား အနည်းငယ် လျော့ပါးသော်ငြား အားခဲ၍ မပျက်မကွက်တက်ရောက်ခဲ့ပါသည်။ အသင်းအပင်း မျိုးစုံများထဲတွင် အငြိမ်းစားအသင်းဝင်ဖြစ်ရခြင်းကဖြင့် ဂုဏ်ယူဖွယ်၊ ကြည်နူးဖွယ်၊ ငယ်ဘဝကို တမ်းတဖွယ်၊ ဌာန၊ ရုံးကို ဂုဏ်ပြုစဖွယ် ဖြစ်ရပေသည်။ အသက်တွေ ဘယ်လိုကြီးသွားသော်ငြား ပို၍ ပို၍ပင် ပြန်ငယ်သွားသည်ဟု ယုံကြည်မိသည်။ ဟုတ်ပါမည်လား။ ကြုံဖူးသူများ သိပြီးသားပါ။ လေ့လာမိသမျှ စုစည်းတင်ပြပါရစေ...။

**အသင်းဖွဲ့စည်းခြင်း**

“မြန်မာနိုင်ငံ အငြိမ်းစား ဥပဒေအရာရှိများအသင်းဟု အမည်တွင်ပါသည်။ ၂-၁၂-၂၀၁၄ နေ့တွင် ရန်ကုန်ရှေ့နေချုပ်ရုံး ဓမ္မာရုံ မှာ အသင်းဖွဲ့ဖို့ စတင်စည်းရုံးခဲ့ကြပါသည်။

အသင်းနာယက (ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်များဖြစ်ကြသော) ဦးကျော်မိုးနိုင်နှင့် ဦးဟန်ထူးတို့က စတင်အခြေတည်ခဲ့ပါသည်။ စတင်ဖွဲ့စည်းစဉ်က အသင်းဝင်အင်အား ၆၅ ဦး ရှိခဲ့ပါသည်။ ၁၅-၉-၂၀၁၇ နေ့အထိ အသင်းဝင်အင်အား ၃၀၉ ဦး ရှိလာပါပြီ။ ထပ်ဆင့်အသင်းဝင်လျှောက်လွှာများပါ တင်သွင်းဆဲဖြစ်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊ ပြည်တွင်းအသင်းအဖွဲ့များ မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်ပါသည်။

**အသင်းစည်းမျဉ်းရေးဆွဲရေးအဖွဲ့**

မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း ဖွဲ့စည်းမည်ဟုဆိုသောအခါ ဥပဒေအရာရှိများပီပီ ဥပဒေနှင့်အညီ စနစ်တကျ အသင်းစည်းမျဉ်းရေးဆွဲကြပါသည်။ အဖွဲ့ခေါင်းဆောင်ဦးစန်းလွင်၊ အတွင်းရေးမှူး ဦးမင်းသွင်၊ အဖွဲ့ဝင်များမှာ ဒေါ်အေးမြင့်၊ ဦးစံလှကျော်၊ ဦးကြည်မြင့်၊ ဦးသန်းဝင်း၊ ဦးအုန်းမြင့်၊ ဦးလှဝင်း၊ ဒေါ်မြတ်မြတ်ကျော်၊ ဒေါ်လှလှလွင်၊ ဦးထွန်းရီတို့ ပါဝင်ရေးဆွဲကြပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

နာယကများမှာ ရန်ကုန်ဥပဒေချုပ်များဖြစ်ပါသည်။ လက်ရှိ အလုပ်အမှုဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်တင့်၊ ဒုဥက္ကဋ္ဌ (၁) ဦးဝိရှူး၊ ဒုဥက္ကဋ္ဌ (၂) ဦးဝင်းမြင့်၊ အတွင်းရေးမှူး ဦးမြသန်း၊ တွဲဖက်အတွင်းရေးမှူး ဦးယုတင်နှင့် ဦးသိန်းဝင်း၊ ဘဏ္ဍာရေးမှူး ဦးအုန်းမြင့်၊ ဦးဝင်းကျော်၊ စာရင်းစစ်မှူး ဒေါ်အေးမြင့်နှင့် ဦးလှဝင်း၊ စည်းရုံးရေးမှူး ဦးဝင်းဆွေနှင့် ဦးမောင်မောင်၊ မှတ်တမ်းပြုစုရေးမှူး ဦးစန်းဝင်းနှင့် ဦးမောင်မောင်ကြည်ဝင်း၊ အဖွဲ့ဝင်များမှာ ဦးခင်ဇော်၊ ဦးသိန်းဝင်း၊ ဦးဇော်မင်းတို့ ဖြစ်ပါသည်။ ပြည်နယ်၊ တိုင်းဒေသကြီးကိုယ်စားလှယ်များက အဖွဲ့ဝင်များ ဖြစ်ကြပါသည်။

**ရန်ပုံငွေရှာဖွေရေးကော်မတီ**

ခေါင်းဆောင်ဦးခင်ဇော်၊ အတွင်းရေးမှူး ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များမှာ ဦးစန်းဝင်း၊ ဒေါ်ပိုပိုကြည်၊ ဒေါ်အေးမြင့်၊ ဒေါ်ခင်လှနွဲ့၊ ဒေါ်ယဉ်ယဉ်အေး၊ ဦးတင်မောင်ဦးတို့ ဖြစ်ကြပါသည်။

**အသင်းဆောင်ပုဒ်နှင့် တံဆိပ်**

“အငြိမ်းစားအကျိုး တို့သယ်ပိုး၊ ကျန်းမာလူမှုထောက်ကူပြု” အသင်းဆောင်ပုဒ်ကို ဦးထိပ်ပန်ဆင်လျက် အငြိမ်းစားဥပဒေအရာရှိများ၏ လူမှုရေး၊ သာရေး၊ နာရေးကိစ္စအဝဝကို ပံ့ပိုးကူညီနိုင်ဖို့ အဓိကဦးတည်ချက် ထားရှိလျက်ပါ။ အသင်းတံဆိပ်မှာ ဥပဒေစာအုပ်၊ ချိန်ခွင်နှင့် အသင်းအမည်ပါရှိ၊ လက်နှစ်ဖက်ဖြင့် မြှင့်တင်ထားသည့်အသွင်ပါ။ လစာငွေကြေးနှင့် တာဝန်ထမ်းခဲ့သော ဥပဒေအရာရှိများ အငြိမ်းစားယူသွားသည့်အချိန်မှာ စေတနာမေတ္တာ အခြေခံကာ၊ ကိုယ်ကျိုးမဖက်၊ အငြိမ်းစားများအတွက် အားကြိုးမာန်တက် ထမ်းရွက်သည့် လူမှုအဖွဲ့အစည်း အသင်းကြီးပါ။ ရေးတာမပြည့်စုံလျှင် ဖြည့်စွက်ပေးကြပါ။

**လက်တွဲဖေးကူ၊ တွန်းလှည်းယူ၍ အငြိမ်းစားဆရာကြီးများ ကြွရောက်လာပါပြီ။ ရှုပါ။**

(၁) အသက် ၉၅ နှစ်အရွယ် (ကျန်းမာရွှင်လန်းဆဲဆိုသော်ငြား လက်တွဲဖေးကူသူဖြင့်သာ ရှေ့နေချုပ်ရုံး ဓမ္မာရုံအပေါ်ထပ်သို့ တက်ရောက်ချီးမြှင့်နိုင်သော နိုင်ငံတော်ရှေ့နေချုပ် (ငြိမ်း) ဥပဒေပါမောက္ခ ဆရာကြီးဦးလှအောင် ဖြစ်ပါသည်။ ဆရာကြီးက ခပ်ပြုံးပြုံးပါပဲ။

(၂) ဒုတိယရောက်ရှိလာသူ ဆရာကြီးမှာ ဦးကြည်ဝင်းဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ဥပဒေအရာရှိ တာဝန်များထမ်းခဲ့သူ၊ ရှေ့နေချုပ်ရုံး (ရုံးချုပ်) တွင် ဒုတိယညွှန်ကြားရေးမှူး တာဝန်ထမ်းခဲ့သူ၊ N.L.D ဥပဒေအကြံပေး တရားလွှတ်တော်ရှေ့နေကြီးအဖြစ် ဆောင်ရွက်ခဲ့သော ဆရာကြီး ဦးကြည်ဝင်းမှာ လမ်းမလျှောက်နိုင်ရှာပါ။ ဇရာအရွယ် (၈၀) နှစ် ကျော်ပြီမို့ တွန်းလှည်းအကူဖြင့် ဓမ္မာရုံအောက်ထပ်မှာပင် ဆင်နွှဲရပါသည်။ ဓမ္မာရုံအပေါ်ထပ်သို့ မတက်နိုင်ချေပြီ။ သို့သော်ငြား ဆရာကြီး၏အသံက မာဆဲ။ တက်ကြွဆဲ။ (ကိုယ်တွေ့အတွေ့အကြုံများ ဆောင်းပါးရေးပြီး စာအုပ်ထုတ်ဖို့ အမေစု၏ အမှာစာနှင့် စီစဉ်နေတယ်ကွ) ဟု တပည့်ရင်း (ကျွန်တော့်) အား တိုးတိုးကလေး ပြောသွားသေးသည်။ စောင့်မျှော်လျက်ပါ ဆရာကြီးခင်ဗျာ။

(၃) ဆင့်ကဲ၊ ဆင့်ကဲ၊ ရှေ့နေချုပ်ရုံး ဓမ္မာရုံထဲသို့ အကန်တော့ခံ ကြွရောက်လာကြသော ဥပဒေအရာရှိကြီးများမှာ အစိုးရအဖွဲ့ရုံး (ငြိမ်း) ဝန်ကြီး သရေစည်သူ ဦးသောင်းညွန့်နှင့် ရှေ့နေချုပ် (ငြိမ်း) သရေစည်သူ ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ် (ငြိမ်း)နှင့် တရားရုံးချုပ်တရားသူကြီး (ငြိမ်း) ဦးခင်မောင်အေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးညီညီ၊ တရားလွှတ်တော် ရှေ့နေကြီးနှင့် နိုတြီပဗ္ဗလစ်ဆရာကြီး ဦးစိန်လှ၊ ဆရာကြီးများဖြစ်ကြသော ဦးတင်မောင်အေး၊ ဦးစံသာကျော်၊ ဦးခင်မောင်လေး၊ ဦးလှဝင်း၊ ဦးတင်ရှိန်၊ ဦးဟန်ရီ၊ ဦးသိန်းရွှေနှင့်



ဆရာကြီးများ၊ အသက် ၉၀ ကျော်ပြီဖြစ်သော်ငြား ကျန်းမာရွှင်လန်းဆဲ ဥပဒေပညာရှင် ဆရာမကြီး ဒေါ်မူမူဝင်းနှင့် ဆရာမကြီးဒေါ်စောဝင်းတို့မှာ အမျိုးသမီး (ဆရာမကြီး) များအဖြစ် ရှားရှားပါးပါး ဥပဒေသမိုင်းကမ္ပည်းတင်ထားခဲ့ပြီ။ နောင်အမျိုးသမီးဥပဒေအရာရှိများ (မျိုးဆက်သစ်လူငယ်များ) အနေနှင့် သမိုင်းအမွေဆက်ခံစေလိုသည်။ “စံ” ပြုစေလိုသည်။

**“စံ” ထားစရာ၊ “စံ” ဆိုသည်မှာ**

“စံ” ၏ အဓိပ္ပာယ်ကို (နှိုင်းယှဉ်သည်။ ဂုဏ်ချင်းတူညီပုံကို ချင့်ချိန်သည်။ အရည်အချင်းနှိုင်းယှဉ်ရန် အခြေခံပြုထားသောအရာ။ နှိုင်းယှဉ်အပ်သောအရာ။ အကောင်းဆုံးနမူနာ) ဟူ၍ မြန်မာအဘိဓာန် အတွဲ (၁) (က) မှ (စ) စာ-၂၀၆ တွင် ဖွင့်ဆိုသည်။

**ဆရာကြီး၊ ဆရာမကြီးများ၏ စံနမူနာ**

အကန်တော့ခံဆရာကြီး၊ ဆရာမကြီး အများစုမှာ အသက် ၉၀ ကျော်လွန်ခဲ့သူ၊ ဥပဒေပညာရှင်ကြီးများ ဖြစ်ကြသည်။ အတွေ့အကြုံတွေစုံလင်သည်။ တိုင်းပြည်အတွက် တာဝန်ကျေကျေ ထမ်းခဲ့ကြပြီ။ မျိုးဆက်သစ်လူငယ်ဥပဒေပညာရှင်များအား မှာကြားစရာ၊ ဆုံးမစရာ၊ သွန်သင်စရာတွေ များလှပေမည်။ မှတ်သား၍မကုန်၊ ဆင့်ပွား၍ မကုန်၊ အဖုံဖုံအလီလီ ဦးညွတ်ဂါရဝပြုစရာများ များပြားလှပါပေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်၊ ချစ်စရာဓလေ့ထုံးတမ်းအဖြစ် သီတင်းဝါကျွတ်ချိန်ခါတွင် ရိုသေစွာ ရှိခိုးဂါရဝပြု ကန်တော့ကြခြင်းမှာ မင်္ဂလာရှိလှပေသည်။

**ဥပဒေပါမောက္ခ ဆရာကြီး ဦးလှအောင်**

ဥပဒေကျောင်းသားဘဝကပင် မွန်မြတ်သောဥပဒေပညာကို မျိုးစေ့ချသင်ပြပေးခဲ့သူ၊ နိုင်ငံတော်ရှေ့နေချုပ်တာဝန်ထမ်းဆောင်ချိန်မှာလည်း ဥပဒေအရာရှိ (တပည့်အပေါင်း) အား မြေတောင်မြှောက်၊ ဂုဏ်တင့်အောင် မြှင့်ပေးခဲ့သော ဆရာကြီးဖြစ်ပေသည်။ ထိုနေ့က ဥပဒေပညာကို တန်ဖိုးထားဖို့၊ ယနေ့တိုင် လက်ဆင့်ကမ်းအမွေပေးဆဲ၊ ဆုံးမဩဝါဒချီးမြှင့်ဆဲ။ ဥပဒေဘာသာရပ်နှင့် ဗုဒ္ဓဘာသာ၏ အဆုံးအမကို ဒွန်တွဲဆက်စပ်လျက် ဆရာကြီး ဦးလှအောင်၏ ဆုံးမသွန်သင်မှုကို ကျွန်တော်တို့ ဂုဏ်ယူဖွယ် လက်ခံရရှိခဲ့ပေသည်။ ယနေ့ခေတ်သစ်ချိန်ခါအထိ ဥပဒေပညာ၏ အကျိုးပြုနိုင်မှုကို ဆက်လက်သယ်ဆောင်သွားကြရန် ဥပဒေအရာရှိ အပေါင်းအား သွန်သင်ဆုံးမခဲ့ပါသည်။

**ဝန်ကြီး(ငြိမ်း) သရေစည်သူ ဦးသောင်းညွန့်**

ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းခဲ့သော၊ တရားမဆိုင်ရာ တရားသူကြီးဖြစ်ခဲ့သော ဥပဒေပညာရှင် ဆရာကြီး ဦးသောင်းညွန့် ဝန်ကြီး(ငြိမ်း) က “ဥပဒေပညာသည် အကျင့်သိက္ခာနှင့် ပြည့်စုံသော ပညာဖြစ်သည်” (The Legal Profession is a Noble Profession) အကြောင်း ရှင်းလင်းပြောပြဆုံးမဩဝါဒပေးခဲ့သည်။ ဥပဒေပညာ၏ သဘောသဘာဝနှင့် ယနေ့တိုင် အငြိမ်းစားယူသည့်အချိန်အထိ ထားရှိရမည့် စိတ်နေစိတ်ထားများကို “စံ” ပြုပြောကြား ဆုံးမဩဝါဒချီးမြှင့်ခဲ့သည်။

**ရှေ့နေချုပ်(ငြိမ်း) ဦးအေးမောင်နှင့် ဆရာကြီးများ**

အစီအစဉ်တွေကများ၍ ဆုံးမစကားများ သီးခြားမပြောနိုင်ခဲ့သော်လည်း ဥပဒေပညာပြန့်ပွားဖို့ လူထုကြားမှာ ဖြန့်ဝေဖို့၊ ခက်ခက်ခဲခဲ အတုံးလိုက်၊ အတစ်လိုက် ပညာမပေးဖို့၊ လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်း ဆွေးနွေးပေးဖို့၊ အသံလွှင့်ဟောပြောရုံသာမက သတင်းစာမှာ အများဖတ်နိုင်၊ လေ့လာနိုင်အောင် ဆောင်းပါးတွေ များများရေးဖို့ ဆရာကြီး ဦးအေးမောင်က အထူးမှာကြားသည်။ ဆောင်းပါးရှင်အနေနှင့် ရိုသေစွာ မှတ်သားလိုက်နာမည်ဟု ကတိပြုခဲ့ပါသည်။ အခြားအခြားသော ဥပဒေအရာရှိ တပည့်အပေါင်းကိုလည်း ဆရာကြီးက မှာကြားမှုအဖုံဖုံ စုံလင်စေခဲ့ပါသည်။ ခုံရုံးအဖွဲ့ဝင်ဆရာကြီး ဦးညီညီသည် ကျန်းမာရွှင်လန်းတက်ကြွစွာ တပည့်အပေါင်းအား တွေ့ဆုံရ၍ ဝမ်းသာနေပါသည်။ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်များလည်း ပြောကြားနေပေသည်။ အခြားသော ဆရာကြီးများလည်း ဤသို့ပါပဲ။

ဒုတိယရှေ့နေချုပ်(ငြိမ်း) ဆရာကြီး ဦးခင်မောင်အေးက စကားနည်းသည်။ ဥပဒေ၊ တရားရေးနယ်ပယ်စုံလင်အောင် တာဝန်ထမ်းခဲ့သူပီပီ စာနယ်ဇင်းကောင်စီ (ယာယီဥက္ကဋ္ဌ) လုပ်ခဲ့ဖူးသည်။ စာရေးဆရာတစ်ဦးလည်းဖြစ်သည်။ ကလောင်အမည် **အင်ခိုင်ဘွမ်**ဖြစ်သည်။ စာမရေးတာကြာ၍ ဆရာကြီးကို မေ့နေပြီ။ ဆရာကြီး ဦးခင်မောင်အေး၏ ခွင့်ပြုချက်အရ ထိုနေ့က သတင်းဂျာနယ်များတွင် ဆရာကြီးရေးခဲ့သော “ကချင်မြေကို လာပ့ါ။ တကယ်ပျော်တယ်နော” အခန်းဆက်ဆောင်းပါးများစာအုပ်ကို လက်ဆောင်အဖြစ် ကျွန်တော်ဝေငှခဲ့သည်။ စာတွေ ဆက်ရေးပါဦး ဆရာကြီးခင်ဗျာ။

**မတက်ရောက်နိုင်သူ ဆရာကြီးများ**

ထိုနေ့က မတက်ရောက်နိုင်သော ဆရာကြီးများမှာ ပခုက္ကူသား ဦးကျော်ဝင်း (ဒုတိယရှေ့နေချုပ်-ငြိမ်း)၊ စာရေးဆရာ၊ တရားမကျမ်းပြုဆရာကြီး ဦးကျော်အေး (ညွှန်ချုပ်-ငြိမ်း)၊ ဆရာကြီး ဦးကျော်ညွန့် (ညွှန်မှူး-ငြိမ်း)၊ ဆရာကြီး ဦးဘဇော် (ညွှန်မှူး-ငြိမ်း)၊ ဆရာကြီး ဦးခင်အောင် (ညွှန်မှူး-ငြိမ်း)၊ ဆရာကြီး ဦးထွန်းနိုင် (ဒုညွှန်မှူး-ငြိမ်း)၊ ဆရာကြီး ဦးဗကြိုင် (ညွှန်မှူး-ငြိမ်း)၊ ဆရာကြီး ဦးခင်မောင်မြင့် (ဒုညွှန်မှူး-ငြိမ်း)၊ ဆရာကြီး ဦးအောင်စိန် (ဒုညွှန်မှူး-ငြိမ်း)တို့ ဖြစ်ကြသည်။ ကျန်းမာရေးအရ၊ အလုပ်တာဝန်အရ မတက်ရောက်နိုင်သော်ငြား တပည့်အပေါင်းက ဆရာကြီးအပေါင်း ကျန်းမာသက်ရှည်ကြစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ အသက် ၈၀ ပြည့်ခဲ့ပြီဖြစ်သော ဥပဒေအရာရှိ (ငြိမ်း) ဦးကျင်စိန်နှင့် ဦးတင်အုန်းတို့ကိုလည်း ဂါရဝပြုလက်ဆောင်ပေးအပ်ခဲ့ပါသည်။ တတ်နိုင်သမျှ စုံစုံလင်လင် ဂါရဝပြု၊ အရိုအသေပြုမှု၊ အလှူဒါနပြုမှုများ၊ ပညာချွန်ဆုချီးမြှင့်မှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်နယ်၊ တိုင်းဒေသကြီးဥပဒေချုပ်များလည်း စုံစုံညီညီ တက်ရောက်ခဲ့ကြသည်။

**ကွယ်လွန်သူများ**

ဆရာကြီး ဦးအောင်ခင်၊ ဆရာကြီး ဦးမြင့်အောင် (ဘိုးတော်)တို့ ကွယ်လွန်ရှာပြီ။ အခြားအခြားသော ဆရာကြီးအချို့လည်း ကျန်းမာရေးချို့တဲ့နေကြပြီ။ အောင်ဆန်း (၆) က သူငယ်ချင်း မောင်မောင်ခင်၊ အောင်သန်းစိုးတို့လည်း မနေ့တစ်နေ့က ကွယ်လွန်ခဲ့ရှာပြီ။ သထုံဦးရီလည်း အိပ်ရာထဲမှာ လဲနေရှာသည်။ သူတို့၊ သူတို့တစ်တွေ သူ့ခေတ်သူ့အခါ တာဝန်ကျေခဲ့ပေပြီ။ အမျိုးသားလွှတ်တော်ဒုဥက္ကဋ္ဌ (ငြိမ်း) ဦးမြညိမ်းနှင့် ခုံရုံးအဖွဲ့ဝင် (ငြိမ်း) ဦးတင်မြင့်တို့ ယနေ့မတက်ရောက်နိုင်။ ဦးမြညိမ်းက သူ့ဖခင်၏ နာရေးရှိသည်။ ဦးတင်မြင့်က ခရီးလွန်နေသည်။ အဝေးက လှမ်း၍ ကန်တော့ကြသည်။ အခြားအခြားသော မိတ်ဆွေသူငယ်ချင်းများလည်း ဒီနှစ်မလာနိုင်။ နောင်နှစ်တွေအတွက် အားခဲလျက်...။ ဥပဒေချုပ်များကိုယ်တိုင် ဖိတ်ခေါ်စည်းရုံးဂါရဝပြုကြပါစို့။

**စေတနာ**

(၁) အငြိမ်းစားဥပဒေအရာရှိ ဆရာကြီး၊ ဆရာမကြီးများက သူ့ခေတ်၊ သူ့အခါ စေတနာဝေဆာစွာဖြင့် တာဝန်ကျေခဲ့ကြပြီ။ ဥပဒေပညာ၊ ဥပဒေအရာရှိ ကျင့်ဝတ်များလေးစားစွာ ထိန်းသိမ်းခဲ့ကြပြီ။ နမူနာယူစရာ၊ လေးစားဖွယ်ရာ “စံ” တန်ဖိုးများ ဝေငှခဲ့ကြပြီ။

(၂) တပည့်များ၏ ကန်တော့ငွေကို အသင်းကြီးအတွက်၊ အများအတွက် ပြန်လည်လှူဒါန်းသော ဆရာကြီး၊ ဆရာမကြီးများကိုလည်း လေးစားရိုသေဖွယ်။ အငြိမ်းစားဥပဒေအရာရှိကြီးများအား “စံ” ထားလျက် ယနေ့လူငယ်မျိုးဆက်သစ်တို့ ဥပဒေတာဝန် ကျေပွန်ကြမည်ဟု တွေးမိသော ကျွန်တော်၏စေတနာဥပဒေအတွေးမျှသာပါ...။ ။

**အကန်တော့ခံဆရာကြီး၊ ဆရာမကြီးအများစုမှာ အသက် ၉၀ ကျော်လွန်ခဲ့သူ၊ ဥပဒေပညာရှင်ကြီးများဖြစ်ကြသည်။ အတွေ့အကြုံတွေစုံလင်သည်။ တိုင်းပြည်အတွက် တာဝန်ကျေကျေ ထမ်းခဲ့ကြပြီ။ မျိုးဆက်သစ်လူငယ်ဥပဒေပညာရှင်များအား မှာကြားစရာ၊ ဆုံးမစရာ၊ သွန်သင်စရာတွေ များလှပေမည်။ မှတ်သား၍ မကုန်၊ ဆင့်ပွား၍ မကုန်၊ အဖုံဖုံအလီလီ ဦးညွတ်ဂါရဝပြုစရာများ များပြားလှပါပေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်၊ ချစ်စရာဓလေ့ထုံးတမ်းအဖြစ် သီတင်းဝါကျွတ်ချိန်ခါတွင် ရိုသေစွာ ရှိခိုးဂါရဝပြု ကန်တော့ကြခြင်းမှာ မင်္ဂလာရှိလှပေသည်**

## ကရာတေးဒိုနည်းပြ၊ ဒိုင်သင်ကြားပေးမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

ကရာတေးဒိုအားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူးပြီး နည်းပြဒိုင်လူကြီးသင်တန်း (၂/၂၀၁၇) ကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ပွဲဝင် ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၂၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကရာတေးဒိုအသင်းများမှ တစ်သင်းလျှင် နည်းပြ၊ ဒိုင်တစ်ဦးစီတက်ရောက်နိုင်ကြကာ ဖုန်း ၀၁-၃၇၉၉၃၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**တင်စိုး (မြန်မာ့အလင်း)**

## လျှပ်စစ်မော်တာအပ်ချုပ်စက် သင်တန်းဆင်း

**မြိတ် အောက်တိုဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု တောင်ပြို့ရွာတွင် ကျေးလက်ဒေသတွင်နေထိုင်သည့် အမျိုးသမီးများအား ကိုယ်တိုင် အသက်မွေးဝမ်းကျောင်းပညာရပ်များတတ်မြောက်ပြီး ယင်းပညာရပ်များဖြင့် လက်တွေ့အသုံးချနိုင်ရေးရည်ရွယ်၍ နှစ်လကြာဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်မော်တာအပ်ချုပ်စက်သင်တန်းကို အောက်တိုဘာ ၁၀ ရက်က ကျေးရွာဓမ္မာရုံ၌ သင်တန်းဆင်းပွဲကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချိုက သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် သင်တန်းသူများအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဝေက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အသက်မွေးဝမ်းကျောင်းပညာတွေ ထူးချွန်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး သင်တန်းဆင်းလက်မှတ်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူးက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## အရန်မီးသတ် လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**မိုင်းရယ် အောက်တိုဘာ ၁၂**

လားရှိုးခရိုင် မိုင်းရယ်မြို့နယ်မီးသတ်စခန်းတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက အမှာစကားပြောကြားပြီး မီးသတ်စခန်းတာဝန်ခံ ဒုမီးသတ်ဦးစီးမှူး ဦးဝေဖြိုးလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ဌာနဆိုင်ရာ ၁၀ ဦး၊ နားဖျိုင်း၊ နားခို၊ ဟိုယ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက် ၁၊ ၂၊ ၃ တို့မှ သင်တန်းသား ၅၀ တို့ကို မြို့နယ်မီးသတ်နှင့် မိုင်းရယ်မြို့မရဲစခန်းရှိ သင်တန်းနည်းပြဆရာများက သင်တန်းပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ်လေးပတ်ကြာ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မာလာ (မကွေး)**

## တိုင်းရင်းဆေး ဆေးရုံဆောက်လုပ်မည့်မြေနေရာ သတ်မှတ်ညှိနှိုင်းဆွေးနွေး

**တောင်တွင်းကြီး အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လက်ပံရှည်ကျေးရွာ၌ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေး ဆေးရုံတည်ဆောက်နိုင်ရေးအတွက် မြေနေရာသတ်မှတ်ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၁ ရက်က ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ တိုင်းဒေကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်လှိုင်နှင့် ဦးဇော်မင်းထွန်း၊ စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဌေးအောင်၊ မြို့နယ်တိုင်းရင်းဆေးမှူး ဦးမင်းဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများ စုံညီစွာတက်ရောက်ကြပြီး တိုင်းရင်းဆေး ဆေးရုံတည်ဆောက်မည့်မြေနေရာအား သတ်မှတ်ညှိနှိုင်းဆွေးနွေးကာ သတ်မှတ်နေရာများအား ပန္နက်များရိုက်ခဲ့ကြကြောင်း သိရသည်။

**နိုင်ဝင်း**

# ရှာငံမြို့နယ်ရှိ တောကျယ်ရေတံခွန်လှပမှုကြောင့် ဧည့်သည်စည်ကားစပြုလာ



**ရှာငံ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း ရှာငံမြို့နယ်တွင် တောကျယ်ရေပြာအိုင်နှင့် တောကျယ်ရေတံခွန်ဟူ၍ ရှိရာ ရေတံခွန်၏ လှပသာယာမှုကြောင့် ခရီးသွားဧည့်သည်များ တစ်စတစ်စနှင့် စည်ကားများပြားလျက်ရှိနေကြောင်း သိရသည်။

တောကျယ်ရေပြာအိုင်နှင့် ရေတံခွန်သည် ဟံမြင့်မိုရ်-ရှာငံ-အောင်ပန်းလမ်းမပေါ်တွင်တည်ရှိနေပြီး ရှာငံမြို့နှင့် ၁၄ မိုင်ခန့်ကွာဝေးသည်။ လမ်းမကြီးပေါ်မှ ကျောက်ချောလမ်းအတိုင်း တစ်မိုင်ကျော်ထပ်မံဝင်ရောက်ပြီးလျှင် ထူးခြားသော သဘာဝရေပြာအိုင်နှင့် လှပသော သဘာဝရေတံခွန်သို့ ရောက်ရှိနိုင်သည်။

ရေပြာအိုင်နှင့် ရေတံခွန်တို့သည် သဘာဝတောတွင်း၌ တည်ရှိနေသကဲ့သို့ အနီးပတ်ဝန်းကျင်ရှိ သစ်ပင်သစ်တောများကိုလည်း တွေ့မြင်နိုင်သည်။ ရေပြာအိုင်သို့ သွားရာလမ်းကို ကျောက်ခင်း၊ ကွန်ကရစ်ခင်း၊ အုတ်စီလှေကားများဖြင့် ပြုပြင်မွမ်းမံဆောင်ရွက်ထားရှိသော်လည်း ရေတံခွန်မှာမူ သဘာဝအတိုင်းဖြစ်နေလျက် မြေသားလမ်း၊ သစ်မြစ်သစ်ဆုံများ၊ ရေချောင်းအသီးသီးတို့ပေါ်မှ ဖြတ်သန်းသွားလာနေရသေးသည်။

သို့သော်လည်း ရေတံခွန်သည် ပေ ၅၀ အမြင့်ကျော်မှ သဘာဝကျောက်ဆောင် ကျောက်တုံးကြီးများကို ဖြတ်ကျော်ဖြာကျ စီးဆင်းလာခြင်း၊ ရေတံခွန်၏ ရေကျနေရာများ ကျယ်ဝန်းခြင်း၊ ရေတံခွန်နှင့်အတူ ရေဆော့ရေကစားနိုင်ရန် ရေပြင်ကျယ်များ ရှိနေခြင်း၊ သစ်တော သစ်ပင်များနှင့် အရိပ်အာဝါသ ကောင်းမွန်အေးမြခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းတို့ကြောင့် လာရောက်သူများပြားလာကြောင်း သိရသည်။

"တောကျယ်ရေတံခွန်ကို ဒီထက်ပိုမိုသာယာလှပပြီး လူသွားလမ်းတွေကအစ ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်သွားမှာပါ။ နောင်တစ်ချိန်မှာ ခရီးသွားပြည်သူတွေ မသွားမဖြစ်သွားလာလည်ပတ်ရန် နေရာတစ်ခုဖြစ်လာသည်အထိ ထင်ပေါ်ကျော်ကြားလာအောင်လည်း လုပ်ကိုင်ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်"ဟု ဒေသခံပြည်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**

# ကျိုင်းတုံ၌ မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးသင်တန်းဖွင့်

**ကျိုင်းတုံ အောက်တိုဘာ ၁၂**

မြို့နယ်အဆင့် သန်းခေါင်စာရင်း အချက်အလက်များ အသိပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၁ ရက်က ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ ပြည်နယ်အာခါတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးအာဇေလှ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို UNFPA နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်၍ ရှေ့ဆောင်မြန်မာအဖွဲ့အစည်းမှ CSO ဦးစိုင်းအောင်ဝင်းနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက သင်တန်းနည်းပြများဖြစ်ကြသည်။

"၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ ကောက်ယူခဲ့တဲ့ သန်းခေါင်စာရင်းအရ လူဦးရေနဲ့ လူမှုစီးပွားရေးဆိုင်ရာတွေ၊ ပညာရေး အချက်အလက်တွေ၊ မွေးဖွားခြင်း၊ သေဆုံးခြင်း၊ မသန်စွမ်းမှုတွေ၊ အိမ်နဲ့ အိမ်ထောင်စုအကြောင်းအရာ အစရှိပြီး အရေးပါတဲ့ အချက်အလက်တွေကို မြို့နယ်အဆင့် အလွှာစုံ အသိပညာပေးသင်တန်း ဖြစ်ပါတယ်။ ဒီအတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သူတွေ၊ လူမှုအဖွဲ့အစည်းတွေအနေနဲ့ စီမံကိန်းတွေချမှတ်တဲ့အခါ ဒီအချက်အလက်တွေကို အသုံးပြုနိုင်ပြီး များစွာအထောက်အကူ ဖြစ်စေနိုင်ပါတယ်" ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) ခေတ္တပြည်နယ်ဦးစီးမှူး ဦးရဲရင့်ထွန်းက ပြောသည်။



"ကျောင်း၊ ဆေးရုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ၊ ကလေးသူငယ်နဲ့သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းတွေ၊ မသန်စွမ်းသူနဲ့ လူငယ်လူရွယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေးနိုင်ဖို့ အစရှိတဲ့ လုပ်ငန်းစဉ်တွေအတွက်လည်း မြို့နယ်အလိုက်၊ ကျား/မ အလိုက်၊ အသက်အရွယ်အလိုက် အချက်အလက်တွေ သိနိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

**မောင်မောင်နိုင် (ကျိုင်းတုံ)**

## စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခြင်း

**ပိုးသတ်ဆေးဖျန်းသည့်အခါ**

- အဝတ်အစားကိုလုံခြုံစွာဝတ်ဆင်ပါ။
- ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ လည်ရှည်ဖိနပ်စသည့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများကို ဝတ်ဆင်ပြီးမှ ဆေးဖျန်းပါ။
- လေတင်အရပ်မှနေ၍ ဆေးမဖျန်းရ။
- ဆေးဖျန်းစဉ် အစားအသောက် မစားရ၊ ကွမ်းမစားရ၊ ဆေးလိပ်မသောက်ရ။
- ဆေးဖျန်းခေါင်းပိတ်နေပါက ပါးစပ်ဖြင့်မမှုတ်ရ။

**ပိုးသတ်ဆေးဖျန်းပြီးလျှင်**

- မျက်နှာနှင့် လက်များကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ။ ရေချိုးပါ။
- တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများကို လျှော်ဖွပ်ပါ။
- ပိုးသတ်ဆေးများကို ကလေးများ လက်လှမ်းမမီသောနေရာတွင် သော့ခတ်သိမ်းထားပါ။
- ပိုးသတ်ဆေးဘူးခွံဟောင်းများကို အစားအသောက်မထည့်ရ။ ဆီပုံး၊ ဆန်ပုံး အဖြစ် မသုံးရ။
- အစားအစာများနှင့် ပိုးသတ်ဆေးကို အတူရောနှောမထားရ။ ပိုးသတ်ဆေးအဆိပ်သင့်လျှင် နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းသွားပါ။ ပိုးသတ်ဆေးဘူးကိုပါ ဆေးရုံသို့ ယူဆောင်သွားပါ။ ရုတ်တရက် ပိုးသတ်ဆေးအဆိပ်သင့်လျှင် ချက်ချင်း အသက်သေဆုံးနိုင်ပါသည်။ ခန္ဓာကိုယ်ထဲသို့ နည်းနည်းချင်းနှင့် နှစ်ရှည်လများဝင်ပါက သားလျှောခြင်း၊ မျိုးဆက်ပွား ကျန်းမာရေးထိခိုက်ခြင်း၊ ကင်ဆာရောဂါဖြစ်ပွားခြင်းတို့အထိ ဖြစ်နိုင်သည်။

သို့ဖြစ်ပါ၍ ပိုးသတ်ဆေးများကို ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျ အသုံးပြုကြပါရန်နှင့်ပိုးသတ်ဆေးအဆိပ်သင့်ပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းသွားရောက်၍ ကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ချယ်လ်ဆီးရဲ့ အစဉ်အလာကို ချိုးဖြတ်ပြသူ ခရစ္စတန်ဆန်

အောင်က

ရုရှားသူဌေး အီဘရာမိုဗစ်ဟာ ၂၀၀၃ ခုနှစ်မှာ ချယ်လ်ဆီးအသင်းကို ဝယ်ယူခဲ့တယ်။ သူဟာ သန်းပေါင်းများစွာ အကုန်အကျခံပြီး အသင်းကိုအကောင်းဆုံးဖြစ်အောင်တည်ဆောက်ခဲ့တယ်။ အသင်းကို ပိုင်ဆိုင်ခဲ့စဉ်ကတည်းက အောင်မြင်မှုတွေ ဆက်တိုက်ရရှိဖို့အတွက် ပါရမီရှင်လူငယ်ကစားသမားပေါင်းများစွာကိုလည်း ခေါ်ယူခဲ့တယ်။ ချယ်လ်ဆီးအသင်းဟာ ရုရှားသူဌေး မဝယ်ယူခင်ကတည်းက ပရီမီယာလိဂ်မှာတော့ အတန်အသင့် အောင်မြင်မှုရှိတဲ့အသင်းလို့ ဆိုနိုင်တယ်။ သူဟာ မြင့်မားတဲ့ရည်ရွယ်ချက်တွေနဲ့အတူ အသင်းကို အကောင်းဆုံးတည်ဆောက်ဖို့ ကြိုးစားခဲ့တယ်။ မအောင်မြင်တဲ့အခါ ထိပ်တန်းမန်နေဂျာတွေကို အချိန်မဆိုင်းပဲ ချက်ချင်းထုတ်ပယ်တာကိုကြည့်တာနဲ့ သူ့ရဲ့ရည်မှန်းချက်တွေ ကြီးမားလွန်းတယ်ဆိုတာဟာ မြင်သာထင်သာရှိတယ်။



ဒါတင်မကဘူး။ အီဘရာဟီမိုဗစ်ဟာ အသင်းကို အကောင်းဆုံးဖြစ်ဖို့အတွက် လူငယ်အကယ်ဒမီတွေ အကောင်းဆုံးဖြစ်ဖို့ ကြိုးစားခဲ့တယ်။ ချယ်လ်ဆီး ယူ-၁၈ အသင်းကလည်း ယူအီးအက်ဖ်အေလိဂ် ၂၀၁၅၊ ၂၀၁၆ တို့မှာ ဆုဖလားတွေ ရရှိခဲ့တယ်။ ဒါ့အပြင် ယူ ၁၈ ပရီမီယာလိဂ်ဆုဖလားကို ၂၀၁၇ မှာ ရရှိခဲ့တယ်။ ပြီးခဲ့တဲ့ ရှစ်နှစ်အတွင်း ချယ်လ်ဆီးလူငယ်အသင်းဟာ အက်ဖ်အေဆုဖလားကို ခြောက်ကြိမ်ရရှိခဲ့တယ်။ ဒါပေမယ့် အသင်းရဲ့အကယ်ဒမီကစားသမားတွေဟာ အသင်းကြီးမှာ အကောင်းဆုံး ပါဝင်ကစားခွင့် မရရှိခဲ့ကြဘူး။ ပရီမီယာလိဂ် မြက်ခင်းစိမ်းတွေပေါ်မှာ လုံလောက်အောင် ကစားခွင့်မရရှိခဲ့ဘူး။

လူငယ်ကစားသမားတွေအနေနဲ့ အသင်းကြီးမှာ လုံလောက်အောင် ကစားခွင့်မရတဲ့အခါ အခြားအသင်းတွေကို အငှားနဲ့ ထွက်ခွာခဲ့ကြတယ်။ အောက်တန်းအသင်းတွေကို အရောင်းထုတ်ခံခဲ့ရတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းမှာတော့ လူငယ်ကစားသမားတွေဟာ အသင်းကြီးမှာ ပါဝင်ကစားခွင့်မရဘူးဆိုတာဟာ ကြီးမားတဲ့အစဉ်အလာလိုတောင် ဖြစ်လာခဲ့တယ်။ လူငယ်ကစားသမားကောင်းတွေဖြစ်တဲ့ ပီဇွန်၊ မက်အက်ခ်ရန်တို့ဆိုရင် ချယ်လ်ဆီးအသင်းရဲ့ အနာဂတ်မှာ အဓိကကျလာနိုင်တဲ့ ကစားသမားကောင်းတွေအဖြစ် သတ်မှတ်ခြင်းခံခဲ့ရဖူးတယ်။ ဒါပေမယ့် အသင်းမှာ ရပ်တည်နိုင်ခြင်းမရှိဘဲ အခြားအရပ်ကို ဝေးလွင့်သွားခဲ့ကြရတယ်။

မက်အက်ခ်ရန်ဆိုရင် ချယ်လ်ဆီးလူငယ်အသင်းမှာ ကစားခဲ့ရာ ခြေစွမ်းပြနိုင်ခဲ့တာကြောင့် တစ်နှစ်တာ အကောင်းဆုံးလူငယ်ကစားသမားအဖြစ် ဆုရရှိခဲ့တယ်။ အသင်းကြီးမှာ ၂၀၁၀-၁၁ ရာသီမှာ စတင်ကစားခွင့်ရရှိခဲ့တယ်။ ဒါပေမယ့် သူဟာ ၂၀၁၂ ဇန်နဝါရီလအထိ အသင်းမှာ ၁၇ ပွဲပါဝင်ကစား ခွင့်ရရှိခဲ့ပြီး အငှားနဲ့ အသင်းပြင်ပမှာ သုံးနှစ်ကြာကစားနေခဲ့ရတယ်။ အဲ့ဒီနောက်ပိုင်း သူဟာ လိဂ်ချန်ပီယံ ရှစ်ကလပ် ဘာရန်ဖို့ဒ်အသင်းကို ၂၀၁၅ ခုနှစ်မှာ အပြီးသတ်ပြောင်းသွားခဲ့တယ်။ အဲ့ဒါဟာ ချယ်ဆီးဆီးအသင်းရဲ့ တစ်နှစ်တာ လူငယ် အကောင်းဆုံးကစားသမားအဖြစ် ဆုရရှိခဲ့တဲ့ မက်အက်ခ်ရန်ရဲ့ အဆုံးသတ်လို့လည်း ပြောရမယ်။

နောက်ထပ်ပြောရမယ်ဆိုရင် ၂၀၁၂ ခုနှစ်က တစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုရရှိခဲ့တဲ့ ပီဇွန်ဆိုရင်လည်း လက်ရှိအချိန်အထိ ချယ်လ်ဆီးအသင်းကစားသမားအဖြစ် ရှိနေသေးတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ငါးနှစ်အတွင်းအသင်းကနေ အငှားနဲ့သာ ထွက်ကစားနေရတယ်။ ပီဇွန်နောက်ပိုင်း အကောင်းဆုံးလူငယ်ကစားသမားဆုရရှိခဲ့တဲ့ နာသန် အာကီ၊ ဘာကာ၊ လိုတက်ချက်ခ်တို့ ဆိုရင်လည်း အခုဆိုရင် အသင်းမှာ ရှိမနေတာကတော့သေချာတယ်။ နာသန်အာကီဆိုရင် ၂၀၁၇ မှာအသင်းကနေ ရောင်းထုတ်ခံခဲ့ရတယ်။ လိုတက်ချက်ဇ်ကလည်း အငှားနဲ့ ထွက်ခွာသွားရတယ်။ ဒါဟာ ချယ်လ်ဆီးအသင်းရဲ့ အကောင်းဆုံးလူငယ်ကစားသမားတွေရဲ့အဆုံးသတ်လို့တောင် ပြောရမယ်။ ချယ်လ်ဆီးအသင်းဟာ မန်နေဂျာကွန်တီရဲ့ လက်အောက်မှာ လူငယ်ကစားသမားတွေကို နေရာပေးမှုတွေရရှိလာတာကိုတွေ့ရတယ်။ ဒါပေမယ့် အတိုင်းအတာတစ်ခုအထိသာရှိနေသေးတာကို တွေ့ရတယ်။

ဒါပေမယ့် အခုလို ချယ်လ်ဆီးအသင်းရဲ့အစဉ်အလာတွေကို ချိုးဖြတ်ပြီး အသင်းမှာ ပါဝင်ကစားခွင့်ရရှိနေတဲ့ ကစားသမားတစ်ဦးကတော့ ဒီနှစ်ရာသီမှာ ရှိပါတယ်။ သူကတော့ ဟော်လန်ခံစစ်မှူး ခရစ္စတန်ဆန်ဖြစ်ပါတယ်။ အသက် ၂၁ နှစ်အရွယ်ရှိတဲ့ ခရစ္စတန်ဆန်ဟာ ပြီးခဲ့တဲ့နှစ် ရာသီမှာ မိုချန်ဂလာဘတ်မှာ အငှားနဲ့သွားရောက်ကစားခဲ့ပြီး ကောင်းမွန်လွန်းတဲ့ ခြေစွမ်းတွေပြသနိုင်ခဲ့တယ်။ သူဟာ ၂၀၁၂ ခုနှစ်က ချယ်လ်ဆီးအသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းရဲ့ လူငယ်အကယ်ဒမီကနေ ပရိုကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့တယ်။ အဲဒီနောက် အငှားနဲ့ ထွက်ကစားခဲ့ရတယ်။ သူဟာ ပထမဦးဆုံး မိုချန်ဂလာဘတ်အသင်းမှာ အငှားနဲ့သွားရောက်ကစားခဲ့တဲ့ ရာသီမှာပဲ အသင်းရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရရှိခဲ့တယ်။ ဒါကြောင့်လည်း မိုချန်ဂလာဘတ်အသင်းဟာ သူ့ကို အမြဲတမ်းကစားသမားအဖြစ် ခေါ်ယူဖို့အတွက် အပြင်းအထန်ကြိုးစားခဲ့ပေမယ့် ချယ်လ်ဆီးအသင်းက ငြင်းဆိုခဲ့တယ်။ သူဟာ မိုချန်ဂလာဘတ်အသင်းကို ဒုတိယ ရာသီအငှားနဲ့ သွားရောက် ကစားစဉ်မှာလည်း သူ့ရဲ့အရည်အချင်းကို အကောင်းဆုံးဆက်လက်ပြသနိုင်ခဲ့တယ်။ ဒါကြောင့်လည်း ရာသီကုန်မှာ ချယ်လ်ဆီးအသင်းက သူ့ကိုပြန်ခေါ်ယူခဲ့တယ်။

ခရစ္စတန်ဆန်အသင်းကို ပြန်လည်ရောက်ရှိချိန်မှာတော့ ကာဟေးလ်နဲ့ လူးဝစ်ဇ်တို့ ပွဲပယ်ပြစ်ဒဏ်ခံနေရတာကြောင့် သူစတင်ကစားခွင့်ရခဲ့တယ်။ သူ့အနေနဲ့အသင်းနဲ့အတူ ပထမဦးဆုံးပွဲ ထွက်ကစားခွင့်ရတာက စပါးအသင်းနဲ့ပွဲဖြစ်တယ်။ သူဟာ စပါးအသင်းရဲ့တိုက်စစ်ကို အကောင်းဆုံးခုခံနိုင်ခဲ့တယ်။ သူဟာ နောက်တန်းကနေ တည်တည်ငြိမ်ငြိမ်နဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းကို ကောင်းကောင်း ဒုက္ခပေးနိုင်ခဲ့တယ်။ ဒါ့အပြင် စတုတ်အသင်းနဲ့ပွဲမှာလည်း သူ့ရဲ့အရည်အချင်းကို ဆက်ပြနိုင်ခဲ့တယ်။ ဒါကြောင့် သူဟာ အသင်းနဲ့အတူ ချန်ပီယံလိဂ် ပွဲစဉ်နှစ်ပွဲလုံးမှာ ပါဝင်ကစားခွင့် ရရှိထားခဲ့တယ်။

ဒါ့အပြင် ခရစ္စတန်ဆန်ဟာ မတူညီတဲ့နေရာမျိုးစုံမှာကစားနိုင်စွမ်းရှိတဲ့ စွယ်စုံရခံစစ်မှူးတစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ ထိပ်တန်းကစားသမားကြီးတွေကြားမှာ သူ့ရဲ့အရည်အချင်းတွေကို အကောင်းဆုံးပြသထားနိုင်တယ်။ ဒါကြောင့် အခုတော့ ခရစ္စတန်ဟာ လူငယ်ကစားသမားတွေ အပယ်ခံအဖြစ် အစဉ်အလာကြီးလွန်းတဲ့ ချယ်လ်ဆီးအသင်းရဲ့ အစဉ်အလာကို ချိုးဖြတ်နိုင်သူတစ်ဦးလို့သာ ဆိုရမှာဖြစ်ပါတယ်။

# မန်ယူလူငယ်တိုက်စစ်မှူး ရက်ချ်ဖို့ဒ်အား ဖာဒီနန် ချီးကျူး

မန်ယူအသင်း လူငယ်တိုက်စစ်မှူး ရီယို ဖာဒီနန်သည် ကမ္ဘာ့ထိပ်တန်းကစားသမားတစ်ဦးဖြစ်လာရန် အလားအလာရှိသူဖြစ်ကြောင်း၊ သို့သော်လည်း ရက်ချ်ဖို့ဒ်အနေဖြင့် ထိပ်တန်းအဆင့်တွင် ကစားနိုင်သူဖြစ်ကြောင်း သက်သေပြရန်လိုအပ်ကြောင်း မန်ယူနှင့် အင်္ဂလန်ခံစစ်မှူးဟောင်း ရီယိုဖာဒီနန်က ထုတ်ဖော်ပြောဆိုလိုက်သည်။

အင်္ဂလန်လူငယ်တိုက်စစ်မှူး ရက်ချ်ဖို့ဒ်သည် ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်း၌ ပုံမှန်ပွဲထွက်ပါဝင်ခွင့်ရှိနေသူတစ်ဦးဖြစ်ပြီး မန်ယူအသင်းအတွက် စုစုပေါင်းငါးဂိုး သွင်းယူထားသူဖြစ်သည်။

"ရက်ချ်ဖို့ဒ်က တကယ့်ကို ကောင်းမွန်တဲ့ အရည်အချင်းရှိသူဖြစ်ပြီး လက်ရှိအချိန်မှာလည်း အကောင်းဆုံးစွမ်းဆောင်နေနိုင်သူပါ။ သူဟာ ပိုမိုရင့်ကျက်လာပုံလည်းပေါ်တယ်။ ရက်ချ်ဖို့ဒ်က ပိုမိုတိုးတက်လာနေပြီး အောင်မြင်မှုကိုလည်း ပိုမိုဆာလောင်လာသလို အခွင့်အရေးတွေလည်း ပိုရလာတယ်။ သူဟာ မန်ယူနဲ့ အင်္ဂလန်အသင်းအတွက် တကယ့်ကိုကောင်းမွန်တဲ့ အလားအလာရှိသူပါ။ နောက်ပြီး ရက်ချ်ဖို့ဒ်ဟာ သူ့အတွက် သင့်တော်တဲ့ နေရာမှာ ရှိနေတာလည်း ဖြစ်တယ်။ လက်ရှိအချိန်မှာ ရက်ချ်ဖို့ဒ်က မန်နေဂျာနဲ့ ပရိသတ်တွေရဲ့ ထောက်ခံမှုကို ရရှိထားသလို အသင်းဖော်တွေရဲ့ ယုံကြည်မှုကိုလည်း ရရှိနေပါတယ်။ လက်ရှိဘောလုံးလောကရဲ့ ထိပ်တန်းလူငယ်ကစားသမားတွေအနက်က အော့စမာဒမ်ဘီလီဟာ ဘာစီလိုနာအသင်းကို ပြောင်းရွှေ့ခွင့်ရခဲ့သလို အမ်ဘာပီကလည်း ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့ခွင့်ရခဲ့တယ်။ ရက်ချ်ဖို့ဒ်အနေနဲ့လည်း အဲဒီကစားသမားတွေလို မဖြစ်ဘူးလို့ ဘယ်သူပြောနိုင်သလဲ"ဟု ခံစစ်မှူးဟောင်း ဖာဒီနန်က ပြောဆိုခဲ့သည်။

ထက်အောင်





# နိုင်ငံလက်ရွေးစင်အသင်းမှ အာဂျန်ရော်ဘင် အနားယူ

ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံတိုက်စစ်ကစားသမား အာဂျန်ရော်ဘင်က နိုင်ငံတကာကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာလိုက်သည်။ ဟော်လန်အသင်းသည် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ခွင့်ဆုံးရှုံးခဲ့ရပြီးနောက် တောင်ပံကစားသမား ရော်ဘင်က နိုင်ငံတကာကစားသမားဘဝမှ အနားယူပြီဟု ကြေညာခဲ့ခြင်းဖြစ်သည်။

အသက် (၃၃)နှစ်အရွယ်ရှိ ရော်ဘင်သည် ၂၀၀၃ ခုနှစ်မှစတင်ကာ ဟော်လန်လက်ရွေးစင်အသင်းတွင် ပါဝင်ခွင့်ရရှိခဲ့သူဖြစ်ပြီး နိုင်ငံအသင်းအတွက် ၉၆ ပွဲ ပါဝင်ကစားခဲ့ကာ ၃၇ ဂိုး သွင်းယူခဲ့သူဖြစ်သည်။ ရော်ဘင်သည် ဟော်လန်အသင်း၏ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးခြေစစ်ပွဲအဖြစ် အောက်တိုဘာ ၈ ရက်တွင် ဟော်လန်အသင်းက ဆွီဒင်အသင်းအား ၂-၀ ဖြင့် အနိုင်ရရှိခဲ့သောပွဲ၌ ဟော်လန်အသင်းအတွက် နှစ်ဂိုးစလုံး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ အဆိုပါပွဲအပြီးတွင် ဟော်လန်အသင်းပရိသတ်များက ရော်ဘင်အား ကျေးဇူးတင်ရှိကြောင်း အော်ဟစ်ဂုဏ်ပြုခဲ့ကြသည်။

"နိုင်ငံတကာကစားသမားဘဝကနေ အနားယူဖို့ စဉ်းစားနေတာ ကြာပါပြီ။ ဒါပေမယ့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ခြေစစ်ပွဲပြီးဆုံးချိန်အထိ ကစားချင်တာကြောင့် ဆက်ကစားနေခဲ့တာပါ။ ဟော်လန်လက်ရွေးစင်ကစားသမားဘဝမှ အမှတ်ရစရာတွေ အများကြီးရှိခဲ့ပါတယ်။ နိုင်ငံအသင်းအတွက် ၁၄ နှစ်ကြာ ပါဝင်ကစားရတယ်ဆိုတာက တကယ့်ကို ကြာရှည်တဲ့အချိန်ပါပဲ"ဟု ရော်ဘင်က ပြောဆိုခဲ့သည်။

၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ဥရောပဇုန်ခြေစစ်ပွဲ အုပ်စု(A)တွင် ပါဝင်ခဲ့သည့် ဟော်လန်အသင်းသည် ဆွီဒင်အသင်းနှင့် ရမှတ် ၁၉ မှတ်ချင်းတူညီခဲ့သော်လည်း ဂိုးကွာခြားချက်ကြောင့် ဆွီဒင်အသင်းက ဒုတိယနေရာရရှိကာ ဟော်လန်အသင်းမှာမူ တတိယနေရာသာရရှိခဲ့သဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ခွင့်ရရှိရေး မျှော်လင့်ချက် အဆုံးသတ်ခဲ့ရခြင်းဖြစ်သည်။ ဟော်လန် အသင်းသည် ၂၀၀၆ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

ထက်အောင်



# ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလားချန်ပီယံဖြစ်နိုင်ဟု

## နည်းပြတိုင်တီ ပြောဆို

ဘရာဇီးလက်ရွေးစင်အသင်းသည် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဖိုလ်စွဲရန် ရေပန်းအစားဆုံးအသင်းများအနက်မှ တစ်သင်းဖြစ်ကြောင်း ဘရာဇီးလက်ရွေးစင်အသင်းနည်းပြ တိုင်တီက ထုတ်ဖော်ပြောဆိုလိုက်သည်။ နည်းပြတိုင်တီက ပြင်သစ်နှင့် ဂျာမနီအသင်းတို့သည်လည်း ကမ္ဘာ့ဖလားချန်ပီယံဖြစ်လာရန် အလားအလာရှိသည့်အသင်းများဖြစ်သည်ဟု ယူဆထားသည်။

ဘရာဇီးအသင်းသည် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲဝင်အသင်းများအနက် ပထမဆုံးခြေစစ်ပွဲ အောင်မြင်ထားခဲ့သည့်အသင်းဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက်တွင် ဘရာဇီးအသင်းသည် ချန်ပီယံဆု ငါးကြိမ်ရရှိခဲ့ကာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသော်လည်း ကမ္ဘာ့ဖလားချန်ပီယံဆုအား ၂၀၀၂ ခုနှစ် ပြိုင်ပွဲတွင်သာ နောက်ဆုံးရရှိထားသည်။

လာမည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းအနေဖြင့် ချန်ပီယံဖြစ်လာနိုင်မည်လားဟု မေးမြန်းမှုကို နည်းပြ တိုင်တီက "ဘရာဇီးက ချန်ပီယံဖြစ်ဖို့ ရေပန်းစားတဲ့ အသင်းတွေအနက်က တစ်သင်းပါ။ လက်ရှိဘောလုံးအဆင့်အတန်း၊ စွမ်းဆောင်နိုင်မှုနဲ့ ရလဒ်တွေအရ ဘရာဇီးဟာ ကမ္ဘာ့ဖလားချန်ပီယံဖြစ်လာဖို့ ရေပန်းစားတဲ့ အသင်းတစ်သင်းလို့ ဆိုရမှာပဲဖြစ်ပါတယ်။ ပြင်သစ်အသင်းဆိုရင်လည်း အလွန်တောင့်တင်းတဲ့ အသင်းဖြစ်တယ်လို့ ကျွန်တော် ပြောခဲ့ဖူးပါတယ်။ ပြင်သစ်အသင်းမှာ အမ်ဘာပီ၊ လာကာဇက်တီနဲ့ ဂရေ့စ်မန်းတို့လို တောက်ပတဲ့ ကစားသမားတွေလည်း ရှိနေတယ်။ နောက်ပြီးတော့ ဂျာမနီဆိုရင်လည်း လက်ရှိကမ္ဘာ့ဖလားချန်ပီယံဖြစ်ပါတယ်" ဟု ပြောဆိုခဲ့သည်။

ဘရာဇီးခံစစ်မှူး ဒန်နီအဲဗက်စ်က နည်းပြတိုင်တီနှင့် ပတ်သက်၍ "နည်းပြတိုင်တီဟာ ဘရာဇီးနည်းပြတွေ အားလုံးနဲ့ အလွန်ကိုကွဲပြားခြားနားတဲ့ နည်းပြဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နည်းပြ တိုင်တီရဲ့ ဘောလုံးအားကစားအပေါ် နားလည်သဘောပေါက်တဲ့နည်းလမ်းကြောင့်ပါ"ဟု ချီးကျူးပြောဆိုခဲ့သည်။

ထက်အောင်

## ပရီမီယာလိဂ်ပွဲစဉ် (၈)

| | |
|---|---|
| **စနေနေ့ (၁၄-၁၀-၁၇)** | |
| ည ၆း၀၀ | လီဗာပူး - မန်ယူ |
| ည ၈း၃၀ | ဘန်လေ - ဝက်စ်ဟမ်း |
| ည ၈း၃၀ | ပဲလေ့စ် - ချယ်လ်ဆီး |
| ည ၈း၃၀ | မန်စီးတီး - စတုတ် |
| ည ၈း၃၀ | ဆွမ်ဆီး - ဟက်ဒါဖီးလ် |
| ည ၈း၃၀ | စပါး - ဘုန်းမောက် |
| ည ၁၁း၀၀ | ဝက်ဖို့ဒ် - အာဆင်နယ် |
| **တနင်္ဂနွေနေ့ (၁၅-၁၀-၁၇)** | |
| ည ၇း၀၀ | ဘရိုက်တန် - အဲဗာတန် |
| ည ၉း၃၀ | ဆောက်သမ်တန် - နယူးကာဆယ် |
| **တနင်္လာနေ့ (၁၆-၁၀-၁၇)** | |
| နံနက် ၁း၃၀ (အင်္ဂါနံနက်) | လက်စတာ - ဝက်စ်ဘရွန်း |

## စပိန်လာလီဂါပွဲစဉ် (၈)

| | |
|---|---|
| **သောကြာနေ့ (၁၃-၁၀-၁၇)** | |
| နံနက် ၁း၃၀ (စနေနံနက်) | အက်စ်ပန်ညို - လီဗန်တေး |
| **စနေနေ့ (၁၄-၁၀-၁၇)** | |
| ညနေ ၅း၃၀ | ဘီလ်ဘာအို - ဆီဗီလာ |
| ည ၈း၄၅ | ဂီတာဖေး - ရီးရဲမက်ဒရစ် |
| ည ၁၁း၀၀ | အလာဗက်စ် - ဆိုစီဒက် |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | အက်သလက် - ဘာစီလိုနာ |
| **တနင်္ဂနွေနေ့ (၁၅-၁၀-၁၇)** | |
| ညနေ ၄း၃၀ | အီဘာ - ဒီပို့တီဗို |
| ည ၈း၄၅ | ဂျီရိုနာ - ဗီလာရီးရဲ |
| ည ၁၁း၀၀ | မာလာဂါ - လီဂါနက်စ် |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ဘက်တစ် - ဗလင်စီယာ |
| **တနင်္လာနေ့ (၁၆-၁၀-၁၇)** | |
| နံနက် ၁း၃၀ (အင်္ဂါနံနက်) | လက်စ်ပဲလ်မက်စ် - ဆဲလ်တာဗီဂို |

## စီးရီးအေပွဲစဉ် (၈)

| | |
|---|---|
| **စနေနေ့ (၁၄-၁၀-၁၇)** | |
| ည ၁၀း၃၀ | ဂျူဗင်တပ် - လာဇီယို |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | ရိုးမား - နာပိုလီ |
| **တနင်္ဂနွေနေ့ (၁၅-၁၀-၁၇)** | |
| ညနေ ၅း၀၀ | ဗီအိုရင်တီးနား - အူဒီးနီးစ် |
| ည ၇း၃၀ | ဘလော့ညာ - SPAL |
| ည ၇း၃၀ | ကက်ဂလီယာရီ - ဂျီနိုအာ |
| ည ၇း၃၀ | ခရိုတိုနီ - တိုရီနို |
| ည ၇း၃၀ | ဆမ်ဒိုးရီးယား - အတ္တလန္တာ |
| ည ၇း၃၀ | ဆာစူအိုလို - ချီယေဗို |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | အင်တာမီလန် - အေစီမီလန် |
| **တနင်္လာနေ့ (၁၆-၁၀-၁၇)** | |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | ဗီရိုနာ - ဘီနီဗန်တို |

## ဘွန်ဒက်စ်လီဂါပွဲစဉ် (၈)

| | |
|---|---|
| **သောကြာနေ့ (၁၃-၁၀-၁၇)** | |
| နံနက် ၁း၀၀ (စနေနံနက်) | စတုဂတ် - ကိုလုံး |
| **စနေနေ့ (၁၄-၁၀-၁၇)** | |
| ည ၈း၀၀ | ဘိုင်ယန် - ဖရိုင်းဘတ် |
| ည ၈း၀၀ | ဟော့ဖန်ဟိန်း - အော့ဘတ် |
| ည ၈း၀၀ | ဟာသာဘာလင် - ရှော်လ်ကေး |
| ည ၈း၀၀ | မိန့်ဇ် - ဟမ်းဘတ် |
| ည ၈း၀၀ | ဟန်နိုဗာ - ဖရန့်ဖတ် |
| ည ၁၁း၀၀ | ဒေါ့မွန် - လိုက်ပဇစ် |
| **တနင်္ဂနွေနေ့ (၁၅-၁၀-၁၇)** | |
| ည ၈း၀၀ | လေဗာကူဆင် - ဝုဖ်ဘတ် |
| ည ၁၀း၃၀ | ဝါဒါဘရီမင် - ဂလာဘတ် |

## ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃)

| | |
|---|---|
| **အင်္ဂါနေ့ (၁၇-၁၀-၁၇)** | |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | စပါးတပ်မော်စကို - ဆီဗီလာ |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | မာရီဘော - လီဗာပူး |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | မန်စီးတီး - နာပိုလီ |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဖီယင်နော့ - ရှက်တာဒိုးနက် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | မိုနာကို - ဘက်ရှီးတပ် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | လိုက်ပဇစ် - ပေါ်တို |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | အေပိုးလ် - ဒေါ့မွန် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ရီးရဲ - စပါး |
| **ဗုဒ္ဓဟူးနေ့ (၁၈-၁၀-၁၇)** | |
| ည ၁၀း၃၀ | ကာရာဘတ် - အက်သလက်တီကို |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | စီအက်စ်ကေအေ - ဘေဆယ် |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ဘင်ဖီကာ - မန်ယူ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | အန်ဒါလက်ချ် - ပီအက်စ်ဂျီ |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ဘိုင်ယန် - ဆဲလ်တစ် |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ချယ်လ်ဆီး - ရိုးမား |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ဂျူဗင်တပ် - စပို့တင်း |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ဘာစီလိုနာ - အိုလံပီယာကော့စ် |




# အန်းဖီးလ်မှာ စိတ်ဝင်တစားစောင့်ကြည့်ရမယ့် လီဗာပူးနဲ့မန်ယူ ဆုံတွေ့မှု

— ဝေမိုးဆက် —

## 2017-18 PREMIER LEAGUE WEEK-6

ပရီမီယာလိဂ်ပွဲစဉ် (၈) ကိုအောက်တိုဘာ ၁၄၊ ၁၅၊ ၁၇ နေ့တွေမှာကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ လီဗာပူးနဲ့ မန်ယူတို့ဆုံတွေ့တဲ့ပွဲပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်း နေပါတယ်။ အထူးသဖြင့် မန်ယူအနေနဲ့ လက်ရှိအချိန်မှာ မန်စီးတီးနဲ့ အမှတ်တူအနေအထားနဲ့ ဒုတိယနေရာမှာရပ်တည် နေတာကြောင့် မန်ယူဟာ လီဗာပူးကိုအနိုင်ရယူပြီး မန်စီးတီးကို ဆက်လက်ဖိအားပေးနိုင်မှာလားဆိုတာက စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

### ဆွမ်ဆီး vs ဟက်ဒါဖီးလ်

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

နှစ်သင်းစလုံးဟာ နောက်ပိုင်းပွဲစဉ် တွေမှာ နိုင်ပွဲရရှိဖို့ခက်ခဲနေတဲ့အသင်းတွေဖြစ်တယ်။ ဆွမ်ဆီးဟာ အသင်းလိုက်ကစားပုံကောင်းပေမယ့်လည်း တိုက်စစ်ပိုင်းက အားနည်းမှုတွေရှိနေတဲ့အသင်းဖြစ်တယ်။ ဟက်ဒါဖီးလ်ကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ အသင်းလိုက်စုစည်းမှု အားလျော့နေပြီး ခံစစ်ပိုင်းအမှားများနေတယ်။ ဒါကြောင့် အခုပွဲမှာတော့အိမ်ရှင်ဆွမ်ဆီးကသာ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

### ဘရိုက်တန် vs အဲဗာတန်

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

ဘရိုက်တန်ဟာ အိမ်ကွင်းကစားအားကောင်းတဲ့ အသင်းဖြစ်ပြီး နောက်ဆုံးကစားခဲ့တဲ့အိမ်ကွင်းပွဲမှာ နယူးကာဆယ်ကို အနိုင်ကစားထားနိုင်ခဲ့ပါတယ်။ အဲဗာတန်ကတော့ ကစားသမားကောင်းတွေအများအပြားရှိနေပေမယ့်လည်း ခြေစွမ်းပိုင်းကတော့အားရစရာအနေအထားမရှိသေးပါဘူး။ အခုပွဲက အဝေးကွင်းဖြစ်နေလို့ အဲဗာတန်အတွက် ခက်ခဲမှာပါ။ အိမ်ရှင်ဘရိုက်တန် အနိမ့်ဆုံးသရေရမယ်။

### လီဗာပူး vs မန်ယူ

| ယမန်နှစ် | လီဗာပူး | ၀ | ၀ | မန်ယူ |
|---|---|---|---|---|

လီဗာပူးဟာ နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲမှာ နယူးကာဆယ်နဲ့ သရေကျထားခဲ့တာကြောင့် နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာပါ။ လီဗာပူးရဲ့တိုက်စစ်မှာ ကော်တင်ဟို ပြန်လည်ပါဝင်နေလို့ တိုက်စစ်ကစားအား ပိုမိုထက်မြက်နေပါတယ်။ မန်ယူကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ အသင်းဖြစ်ပြီး တိုက်စစ်ပိုင်းမှာလည်း လူကာကူ ခြေစွမ်းပြ ဂိုးတွေသွင်းယူနေပါတယ်။ သွင်းဂိုးတွေ အပြန်အလှန်မြင်တွေ့ရနိုင်ကာ လီဗာပူးတို့အိမ်ကွင်းမှာ သရေကစားနိုင်မှာပါ။

### ပဲလေ့စ် vs ချယ်လ်ဆီး

| ယမန်နှစ် | ပဲလေ့စ် | ၀ | ၁ | ချယ်လ်ဆီး |
|---|---|---|---|---|

ခရစ္စတယ်လ်ပဲလေ့စ်ဟာ မန်နေဂျာသစ် ရွိုင်ဟော့ဂ်ဆန် လက်ထက်မှာလည်း ရလဒ်ကောင်းရရှိဖို့ ခက်ခဲနေဆဲ ဖြစ်ပါတယ်။ ပဲလေ့စ်တို့ အသင်းကောင်းတွေနဲ့သာ ဆက်တိုက်ကြုံတွေ့နေရတာကြောင့်လည်း ရလဒ်ကောင်းရဖို့ ခက်ခဲနေရတာဖြစ်တယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း ချယ်လ်ဆီးကတော့ ကစားပုံကောင်းမွန်မှုရှိပါတယ်။ မန်စီးတီးကို အနိုင်ရယူနိုင်ခြင်း မရှိခဲ့တာကြောင့်လည်း ချယ်လ်ဆီးတို့ နိုင်ပွဲရယူဖို့အားစိုက်လာမှာဖြစ်ပါတယ်။ ချယ်လ်ဆီးကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### စပါး vs ဘုန်းမောက်

| ယမန်နှစ် | စပါး | ၄ | ၀ | ဘုန်းမောက် |
|---|---|---|---|---|

စပါးဟာ ခြေစွမ်းကောင်းတွေ တောက်လျှောက်ပြသနေပြီး တိုက်စစ်ပိုင်းမှာလည်း ဟယ်ရီကိန်းက ဂိုးတွေ သွင်းယူနေပါတယ်။ စပါးဟာ နောက်ဆုံးကစားထားခဲ့တဲ့ ပရီမီယာလိဂ်နှစ်ပွဲမှာ တိုက်စစ်ပိုင်းက ခုနစ်ဂိုးအထိ သွင်းယူထားနိုင်ခဲ့ကာ တိုက်စစ်စွမ်းရည်ကောင်းတစ်ခု ရရှိနေခဲ့ပါတယ်။ ဘုန်းမောက်ခြေစွမ်းပိုင်းမဆိုးပေမယ့်လည်း စပါးကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### ဆောက်သမ်တန် vs ကာဆယ်

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

ဆောက်သမ်တန်ဟာ နောက်ဆုံးကစားထားခဲ့တဲ့ နှစ်ပွဲဆက်တိုက်ရှုံးပွဲတွေ ကြုံတွေ့ထားခဲ့ပါတယ်။ နယူးကာဆယ်ကတော့ နောက်ဆုံးပွဲမှာခြေစွမ်းကောင်းပြသပြီး လီဗာပူးနဲ့ သရေကျထားခဲ့ပါတယ်။ ဆောက်သမ်တန်ကတော့ အခုလို အိမ်ကွင်းပွဲမှာ နိုင်ပွဲပြန်ရအောင် ခြေကုန်ထုတ်လာမှာသေချာပါတယ်။ နယူးကာဆယ်ကလည်း အဝေးကွင်းမှာဆိုရင် ခြေအနည်းငယ်ကျတတ်လို့ အိမ်ရှင်နိုင်ပွဲရနိုင်တယ်။

### ဘန်လေ vs ဝက်စ်ဟမ်း

| ယမန်နှစ် | ဘန်လေ | ၁ | ၂ | ဝက်စ်ဟမ်း |
|---|---|---|---|---|

ဘန်လေဟာ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းပွဲစဉ်မှာ အဲဗာတန်ကိုအနိုင်ကစားနိုင်ခဲ့ပြီး အသင်းလိုက်စုစည်းမှု အားကောင်းခြင်းကို ပြသနိုင်ခဲ့ပါတယ်။ ဝက်စ်ဟမ်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းကောင်းတွေရရှိနေပြီး နိုင်ပွဲတွေပြန်ရနေပါတယ်။ အခုပွဲမှာ အိမ်ရှင် ဘန်လေတို့ ကစားပုံမာကျောတာကြောင့်လည်း ဝက်စ်ဟမ်းတို့ ကစားရခက်နိုင်ပါတယ်။ အမှတ်လိုအပ်နေတဲ့ ဝက်စ်ဟမ်းအားစိုက်ကစားလာမှာဖြစ်ပေမယ့် သရေလောက်ပဲရမယ်။

### မန်စီးတီး vs စတုတ်

| ယမန်နှစ် | မန်စီးတီး | ၀ | ၀ | စတုတ် |
|---|---|---|---|---|

မန်စီးတီးဟာ လက်ရှိမှာ ပရီမီယာလိဂ် အမှတ်ပေးဇယားကို ဦးဆောင်နေပေမယ့်လည်း အမှတ်ကွာဟမှုမရှိသေးတာကြောင့် အခုပွဲကို နိုင်ပွဲရအောင်ပွဲထွက်လာဦးမှာဖြစ်တယ်။ မန်စီးတီးဟာ ကစားသမားသစ်တွေနဲ့ အသားကျလာခဲ့ပြီး အကောင်းဆုံးခြေစွမ်းပုံစံကို တဖြည်းဖြည်းရရှိနေခဲ့ပါတယ်။ စတုတ်အသင်းကလည်း ကစားသမားကောင်းတွေရှိနေပြီး တိုက်စစ်ပိုင်း ထက်မြက်တယ်။ ဒါပေမယ့်လည်း မန်စီးတီး အိမ်ကွင်းမှာတော့ စတုတ်အတွက်ခက်ခဲနိုင်ပြီး မန်စီးတီးကသာ ဂိုးပြတ်နိုင်ပွဲရသွားမှာပါ။

### ဝက်ဖို့ဒ် vs အာဆင်နယ်

| ယမန်နှစ် | ဝက်ဖို့ဒ် | ၁ | ၃ | အာဆင်နယ် |
|---|---|---|---|---|

ဝက်ဖို့ဒ်ဟာ ခြေစွမ်းတိုးတက်မှုရှိလာတဲ့အသင်းဖြစ်ပြီး တိုက်စစ်ကစားအား ပိုမိုကောင်းမွန်လာတယ်။ အာဆင်နယ်အသင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းကောင်းတွေရရှိနေပြီးနိုင်ပွဲတွေပြန်လည်ရရှိနေခဲ့ပါတယ်။ လာကာဇက်တီကလည်း ခြေစွမ်းပြဂိုးတွေ သွင်းယူနေပါတယ်။ ဒီပွဲကအပြန်အလှန် သွင်းဂိုးတွေမြင်ရနိုင်လို့ ဂိုးများမယ့်ပွဲဖြစ်လာဖို့ သေချာနေကာ သရေကျနိုင်တယ်။

### လက်စတာ vs ဝက်စ်ဘရွန်း

| ယမန်နှစ် | လက်စတာ | ၁ | ၂ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

လက်စတာဟာ ခြေစွမ်းပိုင်းကောင်းမွန်ပေမယ့်လည်း ခံစစ်ပိုင်းအားနည်းမှုကြောင့် ရလဒ်ကောင်းတွေရရှိဖို့တော့ ခက်ခဲရုန်းကန်နေခဲ့ရပါတယ်။ ဝက်စ်ဘရွန်းကလည်း အသင်းလိုက်စုဖွဲ့မှုကောင်းမွန်တဲ့အသင်းဖြစ်ပေမယ့် ခံစစ်ပိုင်းကတည်ငြိမ်မှုမရှိဘူး။ နှစ်သင်းစလုံး လက်ရှိအချိန်မှာ အမှတ်လိုအပ်နေတာကြောင့် အားစိုက်ကစားလာမှာဖြစ်ကာ အိမ်ရှင်လက်စတာတို့ပဲ ကပ်နိုင်မယ်။

# အထူးစောင့်ရှောက်ရန်လိုသောကလေးများအား ပြုစုပျိုးထောင်ရေး အခြေခံဆရာဖြစ် သင်တန်းဖွင့်



**ထားဝယ် အောက်တိုဘာ ၁၂**

အထူးဂရုပြုစောင့်ရှောက်ရန် လိုအပ်သောကလေးများ (ဉာဏ်ရည်မသန်စွမ်းကလေးများ)အား ပြုစုပျိုးထောင်သင်ကြားပေးမည့် ဆရာ ဆရာမများမှာ မြန်မာနိုင်ငံတွင် လိုအပ်ချက်တစ်ခုအဖြစ်ရှိနေသဖြင့် ထိုလိုအပ်ချက်ကို ဖြည့်ဆည်းမည့် ဆရာ ဆရာမများ မွေးထုတ်ပေးနိုင်ရန်နှင့် ထိုဆရာ ဆရာမများမှတစ်ဆင့် ဉာဏ်ရည်မသန်စွမ်းကလေးတိုင်း ပညာသင်ကြား၊ သင်ယူခွင့် ရှိလာစေရန် ရည်ရွယ်ချက်ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၊ University of Wolverhampton (UK)၊ With Love All Things Are Possible Charity(UK)နှင့် မြန်မာနိုင်ငံအထူးပညာရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် အထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သောကလေးများ(ဉာဏ်ရည်မသန်စွမ်း)အား ပြုစုပျိုးထောင်ရေး အခြေခံဆရာဖြစ်သင်တန်းကို တနင်္သာရီတိုင်းဒေသကြီး၌ ပထမအကြိမ်အဖြစ် အောက်တိုဘာ ၁၁ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ထားဝယ်မြို့ရှိ ထားဝယ်မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ယခုသင်တန်းတွင် ပါဝင်တက်ရောက်သွားမည့် ဆရာ ဆရာမများအနေဖြင့် ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ပြီး ကြိုးစားလေ့လာသင်ယူကြရန်လိုကြောင်း၊ မိမိပတ်ဝန်းကျင်ရှိ အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်သောကလေးများအား ပြုစုပျိုးထောင်သင်ကြားပေးရာတွင် မေတ္တာ၊ စေတနာ၊ ကိုယ်ချင်းစာတရားများဖြင့် လုပ်ဆောင်သွားပြီး ကလေးများ၏ဘဝများ ပိုမိုတောက်ပလာစေရန် ပံ့ပိုးပေးနိုင်သူများဖြစ်လာအောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။ မြန်မာနိုင်ငံအထူးပညာရေးအသင်းအနေဖြင့်လည်း အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်သော ဉာဏ်ရည်မသန်စွမ်းကလေးများအတွက် ပြုစုပျိုးထောင်သင်ကြားပေးမည့် ဆရာ ဆရာမများ မွေးထုတ်ရန် သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားရန် တိုက်တွန်းလိုကြောင်းလည်း ဝန်ကြီးချုပ်က ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်ခင်စန်းရီက လုပ်ငန်းဆိုင်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ အထူးပညာရေးအသင်း အတွင်းရေးမှူး ဦးအယ်လ်ဇော်ဒိမ်(ခ)ဒေးဗစ်က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ပထမအကြိမ်ဖွင့်လှစ်သော အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၇၀ အား မြန်မာနိုင်ငံ အထူးပညာရေးအသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အားလုံးအကျုံးဝင်သောပညာရေးကိုမြှင့်တင်ပေးခြင်း(Promoting Inclusive Practice)၊ ဆက်သွယ်ရေးနှင့် စာပေသင်ကြားရေး(Communication and Literacy)၊ ဖွံ့ဖြိုးမှုနှောင့်နှေးသော Autistic ကလေးများနှင့် ၎င်းတို့အား အားလုံးအကျုံးဝင်ပညာရေးတွင် ပူးပေါင်းပါဝင်စေရန်(Autistic Spectrum Disorders and Inclusion)၊ သူငယ်နာအကြောတင်းကလေးများနှင့်ဆိုင်သော ပညာရပ်များ(Cerebral Palsy)၊ အပြုအမူပိုင်းဆိုင်ရာလုပ်ဆောင်ချက်များကို ကူညီပံ့ပိုးပေးရန်(Behavior Management)၊ သင်ကြားမှုဆိုင်ရာခက်ခဲသော ကလေးများအား ပြုစုစောင့်ရှောက်ခြင်း(Learning Disabilities)စသည့် သင်ခန်းစာများကို အောက်တိုဘာ ၁၁ ရက်မှ ၁၄ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ပထမတန်းသင်ရိုးသစ်နှင့် KG ဘာသာရပ်ဆိုင်ရာ သင်ကြားမှုဆင့်ပွားသင်တန်းဆင်းပွဲကျင်းပ

**ဖာပွန် အောက်တိုဘာ ၁၂**

ပညာရေးဝန်ကြီးဌာန အခြေခံပညာရေးဦးစီးဌာန၊ ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သော ပထမတန်းသင်ရိုးသစ်နှင့် KG ဘာသာရပ်ဆိုင်ရာသင်ကြားမှု ဆင့်ပွားသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၀ရက်က ဖာပွန်ခရိုင် ဖာပွန်မြို့နယ်ပညာရေးမှူးရုံး အပေါ်ထပ်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ဆန်းဦးက သင်တန်းဖွင့်လှစ်ပေးခြင်းအားဖြင့် ပညာရေးဝန်ထမ်းများ စွမ်းဆောင်ရည်တိုးတက်ပြီး စနစ်တကျ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် ဆရာ ဆရာမများအနေဖြင့် ယခုသင်တန်းမှ သင်ယူတတ်မြောက်ထားသော ဘာသာရပ်ဆိုင်ရာများကို မိမိကျောင်းသားကျောင်းသူများအား ပြန်လည်သင်ကြားပို့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဆင့်ပွားသင်တန်းတွင် ဖာပွန်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ KG နှင့် ပထမတန်း ဆရာ ဆရာမများအား သင်တန်းနည်းပြဆရာ ဆရာမ ကိုးဦးက KG တန်းဘာသာရပ်များနှင့် ပထမတန်းသင်ရိုးသစ် ဘာသာရပ်များဖြစ်သည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေး၊ သိပ္ပံဘာသာရပ်များကို သင်တန်းကာလ သုံးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကာ သင်တန်းဆင်းပွဲအပြီးတွင် ဖာပွန်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာကျောင်းများမှ စတုတ္ထတန်း ဆရာ ဆရာမများအား ဘာသာရပ်ဆိုင်ရာသင်ကြားမှုများနှင့်ပတ်သက်၍ ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးလွင်(ပြန်/ဆက်)**



# ကလေးမြို့ အာရောဂျဒါနဆေးရုံတော်တွင် သွားနှင့်ခံတွင်းဝေဒနာရှင်များအား အခမဲ့ကုသပေးမည်

**ကလေး အောက်တိုဘာ ၁၂**

၂၀၀၉ ခုနှစ်က သီတဂူဆရာတော်ကြီးကိုယ်တိုင် ကြွရောက်ဖွင့်လှစ်ပေးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မဟာသန္တာရုံဘုန်းတော်ကြီးကျောင်းအနီးရှိ





အာရောဂျဒါနဆေးရုံတော်(ကလေးမြို့)တွင် ဒေသတွင်းမှ သွားနှင့်ခံတွင်း ဝေဒနာရှင်များအား အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ဒုတိယအကြိမ်မြောက် အခမဲ့ဆေးဝါးကုသပေးမည်ဖြစ်ကြောင်း ကလေးမြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ မဟာသန္တာရုံကျောင်းတိုက် ဆရာတော်က မိန့်ကြားသည်။

ကုသလိုသည့်ဝေဒနာရှင်များအနေဖြင့် အောက်တိုဘာ ၂၀ ရက်မှ ၂၅ ရက်အထိ အတွင်း ကလေးမြို့သီတဂူအာရောဂျဒါနဆေးရုံသို့ လာရောက်စာရင်းပေးသွင်းရမည်ဖြစ်ပြီး အောက်တိုဘာ ၂၆ ရက်မှစတင်၍ နိုဝင်ဘာ ၃ ရက်အထိ အင်္ဂလန်နိုင်ငံမှ အထူးကုဆရာဝန်ကြီး ဒေါက်တာကိုကိုနှင့်အတူ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများအဖွဲ့က အခမဲ့စမ်းသပ်မှုများ၊ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။

ယင်းသို့ကုသပေးခြင်းသည် သီတဂူအာရောဂျဒါနဆေးရုံတော်(ကလေးမြို့)အနေဖြင့် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ပထမအကြိမ်က လူနာ ၁၀၄၀ တို့ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် သီတဂူအာရောဂျဒါနဆေးရုံတွင် သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မှု၊ မဟာသန္တာရုံဆရာတော်၏ ကြီးကြပ်မှုတို့ဖြင့် ကလေးမြို့သီတဂူအာရောဂျဒါနဆေးရုံဖွင့်လှစ်သည့် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှစ၍ ယခုနှစ်အထိ အခမဲ့ မျက်စိစမ်းသပ်ကုသပေးမှုပေါင်း ၁၁ ကြိမ်ကိုလည်း ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း အဆိုပါဆေးရုံ တာဝန်ရှိသူများထံမှ သိရသည်။

**ချင်းတွင်းသား**

# ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆုတောင်းပွဲ ရွှေဘိုမြို့၌ ကျင်းပ

**ရွှေဘို အောက်တိုဘာ ၁၂**

ရွှေဘိုမြို့ပေါ်ရှိ ပြည်သူများကိုးကွယ်သော ဘာသာကြီးလေးခုဖြစ်သည့် ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာတို့မှ ဘာသာရေး ခေါင်းဆောင်များနှင့် သက်ဆိုင်ရာ ဘာသာဝင်အသီးသီးတို့ ပါဝင်သော ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆုတောင်းပွဲကို ရွှေဘိုမြို့ ရန်ကြီးအောင်ပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်၌ အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

ဆုတောင်းပွဲတွင် တက်ရောက်လာသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး ဟိန္ဒူဘာသာရေးခေါင်းဆောင် ဦးသော်တာနတ်၊ ခရစ်ယာန်ဘာသာရေးခေါင်းဆောင် ဦးဝင်းနိုင်၊ အစ္စလာမ်ဘာသာရေးခေါင်းဆောင် ဦးတင်အောင်နှင့် ဗုဒ္ဓဘာသာကိုယ်စားလှယ် ဒေါက်တာတင်ဝင်းတို့က နှုတ်ခွန်းဆက်သပြီး ဆုတောင်းစကားများ ပြောကြားသည်။

အဆိုပါငြိမ်းချမ်းရေးဆုတောင်းပွဲသို့ ရွှေဘိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်နှင့် မြို့ခံပြည်သူများ၊ မြို့နယ် NLDပါတီဥက္ကဋ္ဌနှင့် ပါတီဝင်များ စိတ်ပါဝင်စားစွာဖြင့် ရင်ပြင်အပြည့် တက်ရောက်ခဲ့ကြသည်ကို တွေ့ရသည်။

**ကျော်ဇော (ရွှေဘို)**



# မင်္ဂလာရှိတဲ့အရပ် ဇာတ်လမ်းတွဲကို iflix အပလီကေးရှင်းအသုံးပြု၍ ကြည့်ရှုနိုင်မည်

**ကလေး အောက်တိုဘာ ၁၂**

မင်္ဂလာရှိတဲ့အရပ် ဇာတ်လမ်းတွဲ၏ ပထမအပိုင်း လေးပိုင်းကို mntv ရုပ်မြင်သံကြားလိုင်းတွင် ထုတ်လွှင့်ပြသပြီးနောက် ၂၄ နာရီအတွင်း အပိုင်းသစ်များကို iflix အပလီကေးရှင်းအသုံးပြု၍ မိုဘိုင်းဖုန်းများမှတစ်ဆင့် ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်လမ်းတွင် အဓိကသရုပ်ဆောင်နေရာမှ ပါဝင်ခဲ့သည့် သရုပ်ဆောင် မြင့်မြတ်က ဇာတ်လမ်းတွဲနှင့်ပတ်သက်၍ "အခက်အခဲတွေက အများကြီးပါ။ ရာသီဥတုက ဒုက္ခပေးတာကတစ်မျိုး၊ သွားရိုက်တဲ့ရပ်ကွက်က ဒုက္ခပေးတာကတစ်မျိုး၊ ဒုက္ခပေါင်း သောင်းခြောက်ထောင်နဲ့ပါ။ လောက်စာလုံးတွေလည်း ရှောင်ရပါတယ်။ ညဘက် ကျွန်တော်တို့ရိုက်တာ ညဉ့်နက်သွားလို့ ရပ်ကွက်က မကျေနပ်လို့ လေးခွတွေနဲ့ချောင်းပစ်ကြတာ" ဟု ရိုက်ကူးရာတွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ အကြောင်းကို ပြောပြသည်။

ရုပ်ရှင်များကို အင်တာနက်မှ ကြည့်ရှုနိုင်သော ဝန်ဆောင်မှုဆော့ဖ်ဝဲတစ်ခုဖြစ်သည့် iflix သည် အူရီဒူးဒေတာကွန်ရက်နှင့်ပူးပေါင်းကာ ရုပ်ရှင်ဝန်ဆောင်မှုများကို ဇွန်လမှစတင်၍ ပေးနေခဲ့ပြီဖြစ်ရာ အွန်လိုင်းတိုက်ရိုက်ဖြစ်စေ၊ မိမိတို့ဖုန်းနှင့် ကွန်ပျူတာများသို့ ဒေါင်းလုပ်ပြုလုပ်ပြီးဖြစ်စေ ကြည့်ရှုနိုင်နေပြီဖြစ်သည်။

မင်္ဂလာရှိတဲ့အရပ် ရုပ်ရှင်ဇာတ်လမ်းတွဲသည် ခာတ်ပုံဆရာ၊ ဆရာမနှင့် ချမ်းသာသောမိသားစုမှ မွေးဖွားလာသော ကောင်လေးတစ်ယောက်တို့အကြား ဖြစ်ပေါ်နေသော သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းကို ဟာသနှော၍ ရိုက်ကူးထားသော ဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး မြင့်မြတ်၊ နေဒွေး၊ အောင်သူလွင်(Kelvin Kate)၊ အေးဝတ်ရည်သောင်းနှင့် နွယ်ဒါလီထွန်းတို့ ပါဝင်သရုပ်ဆောင်ထားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်မှုပညာသင်တန်းဖွင့်

**ကနီ အောက်တိုဘာ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံလက်မှုပညာ ခြင်းရက်လုပ်ခြင်း သင်တန်းကို ကနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၀ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးသက်က ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူပြုရန်အတွက် အခြေခံလက်မှုပညာများကို သင်တန်းဖွင့်သင်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း ပို့ချသည့်အချိန်များတွင် စိတ်ပါဝင်စားစွာ သင်ယူကြစေလိုကြောင်းနှင့် ယခုသင်တန်းနည်းတူ အခြေခံလက်မှုပညာသင်တန်းများကို မြို့နယ်အတွင်းမှ ကျေးရွာများတွင်လည်း ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ဦးစီးအရာရှိက ဆက်လက်ပြောကြားသည်။ သင်တန်းတွင် မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၃၀ တက်ရောက်သင်ကြားနေကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ကရင်ပြည်နယ် မြို့နယ်ခုနစ်ခုတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သွားမည်

**ဘားအံ အောက်တိုဘာ ၁၂**

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်ခုတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အောက်တိုဘာ ၁၄ ရက်နေ့ကစပြီးတော့ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ဘားအံ ၊ လှိုင်းဘွဲ၊ သံတောင်ကြီး၊ ဖာပွန် ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနဲ့ မြဝတီမြို့နယ်စတဲ့ မြို့နယ်ခုနစ်ခုမှာ စာမတတ်တဲ့ စာသင်သားတွေကို အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက ပြောကြားသည်။

အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် ဘာသာစကားဆိုင်ရာ အခက်အခဲများ မရှိရအောင် သင်ကြားပေးမည့်နည်းပြများဖြစ်သည့် တက္ကသိုလ်ကျောင်းသားများအား လူမျိုး၊ ဘာသာစကားပြောဆိုနိုင်မှုများကို စိစစ်ရွေးချယ်စေလွှတ်ပြီး စာသင်သားများကို ကွင်းဆင်းစာသင်ကြားပေးနိုင်သည့်အတွက် ယခင်နှစ်က ဆောင်ရွက်ခဲ့သော စာတတ်မြောက်ရေးလုပ်ငန်းတွင် ၉၇ ရာခိုင်နှုန်းအထိ အောင်မြင်မှုရရှိခဲ့ကြောင်းလည်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

ဘားအံတက္ကသိုလ် အားကစားခန်းမ၌ အောက်တိုဘာ ၁၁ ရက်က ကျင်းပသော ၂၀၁၇ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြတ်သီတာက အမှာစကားပြောကြားပြီး ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ကရင်ပြည်နယ် စီမံကိန်းနှင့် စာရင်းအင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးငွေစိုးက စာတတ်မြောက်ရေးဆောင်ရွက်ချက်များအပေါ် အားပေးစကားပြောကြားခဲ့သည်။

မြို့နယ်များတွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် နမူနာနည်းလမ်းကောင်းများ ရှာဖွေဖော်ထုတ်ရန်၊ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံလုပ်အားပေးများသာမက တက္ကသိုလ်ကျောင်းသား ကျောင်းသူ လုပ်အားပေးများ၏ ပံ့ပိုးမှုဖြင့် စာတတ်မြောက်မှု သေချာခိုင်မာအောင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းကို ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ကျေးရွာများသို့သွားရောက်ပြီး စာသင်ကြားပေးမည့်သူများအား ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက ရက်ပေါင်း ၄၀ အတွက် တစ်ဦးလျှင် စားစရိတ် ၁၂၀၀၀၀ ကျပ်နှင့် အထောက်အကူပြုပစ္စည်းများ၊ စာသင်သားများအတွက် ခဲတံ၊ ဗလာစာအုပ်၊ ခဲဖျက်၊ တီရှပ်အင်္ကျီတို့ကိုထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။



**စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ပေးကြမည့် တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ**

ကရင်ပြည်နယ်၌ ယခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို မြို့နယ်ခုနစ်ခုရှိ ကျေးရွာ ၇၂ ရွာတွင် အောက်တိုဘာ ၁၄ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး စာသင်ကြားရာတွင် ကြီးကြပ်သူ ဆရာ ဆရာမ ၂၄ ဦး၊ စာသင်ကြားပေးမည့်နည်းပြ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၂၂၄ ဦးတို့ ပါဝင်ကာ စာသင်ဝိုင်း ၁၁၂ ဝိုင်းခွဲပြီး စာမတတ်သည့် ပြည်သူ ၉၀၀ ကျော်အား စာတတ်မြောက်အောင် သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

၂၀၁၄ ခုနှစ် ပြည်ထောင်စုသန်းခေါင်စာရင်း အစီရင်ခံစာအရ ကရင်ပြည်နယ်၌ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ၇၄ ဒသမ ၄ ရာခိုင်နှုန်းအထိ ရှိကြောင်းနှင့် အခြေခံစာမတတ်သူဦးရေမှာ ကရင်ပြည်နယ်တွင် ၂၀၁၄ သန်းခေါင်စာရင်းအရ ၂၃၆၅၇၅ ဦးရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ဘာသာပေါင်းစုံစုပေါင်း၍ ငြိမ်းချမ်းရေးဆုတောင်းပွဲ ဟားခါးမြို့၌ကျင်းပ

**ဟားခါး အောက်တိုဘာ ၁၂**

ချင်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ ဘာသာပေါင်းစုံဆုတောင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ ရက် ညနေ ၆ နာရီက ဟားခါးမြို့ ကာဆင်ခန်းမ၌ ကျင်းပခဲ့သည်။

ဆုတောင်းပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ဘာသာပေါင်းစုံဆုတောင်းပွဲအခမ်းအနား ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယနေ့ကျင်းပပြုလုပ်သော အခမ်းအနားသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အတူတကွ မှီတင်းနေထိုင်ကြသော နိုင်ငံသူနိုင်ငံသားအားလုံး၊ ယုံကြည်ကိုးကွယ်ရာ ဘာသာဝင်များအားလုံးတို့နှင့် ကမ္ဘာသူ ကမ္ဘာသားများအားလုံး ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးကြပါစေကြောင်းနှင့် ငြိမ်းငြိမ်းချမ်းချမ်း အတူယှဉ်တွဲနေထိုင်နိုင်ကြပါစေကြောင်း ရည်ရွယ်လျက် ကျင်းပခြင်းဖြစ်ကြောင်းနှင့် တက်ရောက်လာကြသော ဧည့်ပရိသတ်အားလုံးတို့ကလည်း ပြည်ထောင်စုကြီး ငြိမ်းချမ်းရန် စုပေါင်း၍ မေတ္တာပို့ဆုတောင်းပေးကြရန် ဝန်ကြီးချုပ်က ပြောကြားသည်။




ထို့နောက် ချင်းပြည်နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဟားခါးမြို့မပရိယတ္တိစာသင်တိုက်ဆရာတော်က ဗုဒ္ဓတရားတော်နှင့်အညီ ငြိမ်းချမ်းရေး မေတ္တာစကားမြွက်ကြားပြီး မေတ္တာသုတ်ရွတ်ဆိုပေးသည်။ ဆက်လက်၍ ဟားခါးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဓမ္မအမှုတော်ဆောင်များအဖွဲ့ဥက္ကဋ္ဌ၊ ဟားခါးနှစ်ခြင်းခရစ်ယာန်အဖွဲ့အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာတော်ဂျိုးအဲလ်နောလ်ကျုံးလျန်က ခရစ်ယာန်တရားတော်နှင့်အညီ ငြိမ်းချမ်းရေးမေတ္တာစကားမြွက်ကြားပြီး ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော်ဒေးနစ်ငွန်ထောင်းမန်က ဆုတောင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးဝင်းမြင့်ကျော်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြွရောက်တော်မူလာကြသော သံဃာတော်များနှင့် သိက္ခာတော်ရဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပေးအပ်ခဲ့ကြပြီး ဆက်လက်၍ ဘာသာရေး ခေါင်းဆောင်များ၊ ကြွရောက်လာကြသော ဧည့်ပရိသတ်များက စုပေါင်း၍ မေတ္တာပို့ဆုတောင်းကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# အော်ဂဲနစ်သဘာဝနည်းကျ စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေးဆွေးနွေးပွဲကျင်းပ

**သထုံ အောက်တိုဘာ ၁၂**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အုပ်ချုပ်ရေးမှူးရုံး၌ အော်ဂဲနစ် သဘာဝနည်းကျ စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေး ဆွေးနွေးပွဲကို သထုံခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

သီးနှံများစိုက်ပျိုးရာတွင် အရည်အသွေးပြည့် စံချိန်စံညွှန်းမီ သီးနှံများထွက်ရှိစေရေးအတွက် သဘာဝမြေဩဇာများကို စနစ်တကျအသုံးပြုလာစေရန် ရည်ရွယ်ကာ ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်က အမှာစကားပြောကြားပြီး ဆွေးနွေးပွဲတွင် စာရေးဆရာ သက်ပိုင်ထွန်းက အော်ဂဲနစ်သဘာဝနည်းကျ စိုက်ပျိုးရေးဆိုင်ရာများနှင့် နည်းပညာများကို အသေးစိတ် ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

ဆွေးနွေးပွဲသို့ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် သထုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သန်းရီ၊ သုဝဏ္ဏဝတီမြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံတောင်သူ ၁၂၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**သက်ဦး(သထုံ)**

# မိုင်းယောင်းမြို့နယ်အတွင်းမှ တိုင်းရင်းသားကျေးရွာများ၌ ရိုးရာကောက်သစ်စားပွဲများ ပျော်ရွှင်စွာဆင်နွှဲလျက်ရှိ

**မိုင်းယောင်း အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်း၌ ဒေသခံဌာနေတိုင်းရင်းသားများ၏ ရိုးရာကောက်သစ်စားပွဲများကို မိုးနှောင်းရာသီ ဆောင်းဝင်ခါစ စက်တင်ဘာလကုန်ပိုင်းမှစ၍ တိုင်းရင်းသားကျေးရွာများ၌ ပျော်ရွှင်စွာ ကျင်းပဆင်နွှဲလျက်ရှိကြောင်း သိရသည်။

တိုင်းရင်းသားရိုးရာကောက်သစ်စားပွဲများကို ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာအရ ဓမ္မဆရာများက ဦးဆောင်ပြီး ကျင်းပကြကာ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသော စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ငရုတ်သီးနှင့် အခြားရာသီပေါ်သီးနှံများကို ဘုရားသခင်ထံ ဦးဦးဖျားဖျား ဆက်ကပ်ပူဇော်၍ စုပေါင်းပြီး ဆုတောင်းကြသည်။

ရိုးရာကောက်သစ်စားပွဲ ကျင်းပသည့် ဤအချိန်တွင် အဝေးရောက်နေသူများမှာလည်း မိမိတို့မွေးရပ်မြေရှိ မိဘဆွေမျိုးများထံသို့ ပြန်လာကြပြီး မိသားစုလက်စုံ ထမင်းဝိုင်းများနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းများဖြင့် မိတ်ဆုံထမင်းဝိုင်းများ ကျင်းပပြုလုပ်ကြသည်။ မိုင်းယောင်းမြို့နယ်အတွင်းရှိ တိုင်းရင်းသားများ၏ နှစ်စဉ်ကျင်းပမြဲ ရိုးရာဓလေ့တစ်ခုဖြစ်သော ကောက်သစ်စားပွဲများကို ယခုနှစ်တွင် မြို့နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသားကျေးရွာများဖြစ်ကြသည့် နမ့်နော်၊ တာကော်ဆာ၊ ကော်ဆမ်မိန်းနှင့် ရှေခင်ကျေးရွာတို့၌ ပျော်ရွှင်စွာ ကျင်းပဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အခမဲ့ ကွန်ပျူတာအခြေခံပညာ အတတ်သင်တန်းများ ဖားကန့်မြို့နယ်အတွင်း ဖွင့်လှစ်

**မြစ်ကြီးနား အောက်တိုဘာ ၁၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း ဖားကန့်မြို့၊ ဆိပ်မူကျေးရွာနှင့် လုံးခင်းကျေးရွာတို့၌ မြို့နယ်ကျောက်မျက်လုပ်ငန်းရှင်များအသင်း၏ ပံ့ပိုးကူညီမှုဖြင့် ကွန်ပျူတာပညာဒါန(အခမဲ့)သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၀ ရက်က ကျင်းပသည့် အခမဲ့ကွန်ပျူတာအခြေခံပညာသင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်၏ ပြောကြားချက်အရ သိရသည်။



အဆိုပါ သင်တန်းများကို ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ဆိပ်မူနှင့် လုံးခင်းကျေးရွာတို့ရှိ အုပ်ချုပ်ရေးမှူးရုံးများတွင် အောက်တိုဘာ ၁၁ ရက်မှစတင်၍ ဖွင့်လှစ်မည်ဖြစ်ပြီး W.com ကုမ္ပဏီမှ တာဝန်ခံများက ရုံးသုံး၊ စာရင်းဇယား၊ PowerPoint စသည့် အခြေခံကွန်ပျူတာဘာသာရပ်များကို နှစ်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကာ လက်ရှိတွင် သင်တန်းသား ၄၁၇ ဦးအထိ စာရင်းလက်ခံထားကြောင်း၊ စိတ်ပါဝင်စားသူများအနေဖြင့် သင်တန်းဖွင့်ပြီး တစ်ပတ်ကြာသည်အထိ စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြောင်းနှင့် သင်တန်းချိန်များအနေဖြင့် နံနက် ၇ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း W.com ကုမ္ပဏီမှ တာဝန်ခံ ဦးဝဏ္ဏထွန်းက ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

# တနင်္သာရီမြို့ ဝန်ထမ်းအိမ်ရာအဝင်လမ်း ကျောက်ချောခင်း

**တနင်္သာရီ အောက်တိုဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ဌာနအသီးသီးမှဝန်ထမ်းများ စုပေါင်းနေထိုင်ကြသည့် ချောင်းကြီးရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာသို့ အဝင်လမ်း ၂၄၅ ပေတွင် ကျောက်ချောခင်းခြင်းနှင့် မြေသားတာပေါင်ဖို့ခြင်းလုပ်ငန်းများကို အောက်တိုဘာလ ပထမပတ်အတွင်းမှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စည်ပင်သာယာရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးအောင်သက်ဦးက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟုန်စိုးတို့က အောက်တိုဘာ ၁၀ ရက်က လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ရုပ်သေးရုပ်များကို နိုင်ငံခြားသားခရီးသွားများ အထူးစိတ်ဝင်စားပြီး ရောင်းအားပိုကောင်းနေ



**ပုဂံ အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံယဉ်ကျေးမှုမြို့တော်ရှိ ထီးလိုမင်းလိုစေတီတော်မှ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများဖြစ်သော နံရံဆေးရေးပန်းချီကားများ၊ အင်္ဂတေပန်းတော့လက်ရာများ အစရှိသော ယဉ်ကျေးမှုလက်ရာများကို နိုင်ငံခြားသား ခရီးသွားများသာမက အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးညေ့သည်များက စိတ်ဝင်တစား လေ့လာကြသလို အဆိုပါဘုရားရင်ပြင်တော်ပေါ်နှင့် သစ်ပင်များ၌ ချိတ်ဆွဲပြီး ခင်းကျင်းရောင်းချနေသော ကြိုးဆွဲရုပ်သေးရုပ်များကိုလည်း နိုင်ငံခြားသား ခရီးသွားများအနေဖြင့် အထူးနှစ်ခြိုက်သဘောကျကာ စိတ်ဝင်တစား ကြည့်ရှုလေ့လာ ဝယ်ယူကြကြောင်း သိရသည်။

"ကျွန်တော်တို့ကြိုးဆွဲရုပ်သေးရုပ်များကိုရောင်းတာ အဘိုးအဘွားတွေ လက်ထက်ကတည်းကပါ။ ဒီဘုရားရောက်တဲ့ နိုင်ငံခြားသားအများစုဟာ သစ်ပင်မှာ ဆွဲချိတ်ထားတဲ့ ကြိုးဆွဲရုပ်သေးရုပ်ကလေးများကို အထူးစိတ်ဝင်တစား ဝယ်ယူတတ်ကြပါတယ်။ ဒါကြောင့်ယခင်နှစ်ထက် ယခုနှစ် ပိုမိုရောင်းအားကောင်းပါတယ်"ဟု အဆိုပါဘုရားရင်ပြင်တော်ပေါ်၌ ကြိုးဆွဲရုပ်သေးရုပ်များရောင်းချနေသည့် အရောင်းဆိုင်ရှင်က ပြောသည်။ နိုင်ငံခြားသားများအနေဖြင့် အဆိုပါ ကြိုးဆွဲရုပ်သေးရုပ်များကို ဝယ်ယူရာတွင် မြန်မာငွေနှင့်ဝယ်ယူကြသလို မိမိတို့နိုင်ငံငွေများဖြင့်လည်း ဝယ်ယူတတ်ကြကြောင်း သိရသည်။

လက်ရှိ ပုဂံဒေသသို့ နိုင်ငံခြားသားနှင့် ပြည်တွင်းခရီးသည် ဝင်ရောက်မှုနှင့်ပတ်သက်၍ အဆိုပါဆိုင်ရှင်က "ပုဂံက ရှေးရာယဉ်ကျေးမှုများကို အထူးထိန်းသိမ်းတဲ့နယ်မြေလို့ ပြောလို့ရပါတယ်။ ဒီရုပ်သေးရုပ်များကိုလည်း ပုဂံနယ်မြေမှာ ပြုလုပ်ကြတာပါ။ ရောင်းဈေးအနေနဲ့ ၃၀၀၀ မှ ၁၀၀၀၀ ကျပ်ဝန်းကျင်အထိ ရှိပါတယ်။ ရောင်းအားအနေနဲ့တော့ အခုနှစ်ပိုင်းမှာ ခရီးသွားနိုင်ငံခြားသားဧည့်သည်တွေ အဝင်များတော့ အဆင်ပြေပါတယ်။ ပုဂံညောင်ဦးယဉ်ကျေးမှုဒေသမှာ နှစ်စဉ် ဇူလိုင်လပိုင်းဆိုရင် ခရီးသွားနိုင်ငံခြားသားများ အဝင်များပေမယ့် ယခုနှစ်မှာ H1N1 ရောဂါကြောင့် ခရီးသွားနိုင်ငံခြားသားများ ဝင်ရောက်မှုနည်းပါးခဲ့ပါတယ်။ အခု အောက်တိုဘာလမှာတော့ ဝန်ထမ်းတွေ ရုံးပိတ်ရက်နဲ့ ခရီးသွားနိုင်ငံခြားသားများ ဝင်ရောက်လာတာနဲ့ ဆုံနေတာကြောင့် ဒီဒေသမှာရှိတဲ့ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းအပြင် ဘုန်းကြီးကျောင်းတွေပါ လူတွေပြည့်ကြပ်နေပြီး စီးပွားရေးလုပ်ငန်းရှင်တွေလည်း အားလုံးအဆင်ပြေကြပါတယ်"ဟု ပြောသည်။

ပုဂံယဉ်ကျေးမှုမြို့တော်ရှိ ထီးလိုမင်းလိုစေတီတော်ကို နားတောင်းများမင်းက(အေဒီ-၁၂၁၁-၁၂၃၁)တွင် တည်ထားခဲ့ပြီး ထီးလိုမင်းလိုဟူသော ဝေါဟာရမှာ တိလောကမင်္ဂလာ (သုံးလောက၏ကျက်သရေဆောင်)ဟူသော ရှေးမွန်ဘာသာအရေးအသားကို အဖတ်မှားရာမှ ထီးလိုမင်းလိုဟူ၍ ဖြစ်လာခြင်းဖြစ်ကြောင်းနှင့် နားတောင်းများမင်းသည် ထီးလိုမင်းလိုဘုရားတည်ရာတွင် မိမိ၏ဖခင် နရပတိစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် စူဠာမဏိဘုရားပုံသဏ္ဌာန်အတိုင်း တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းမှုများဆောင်ရွက်

**သုံးခွ အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်း ကိုရီးယားနိုင်ငံ KOICA အဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာဆယ်မားအူးလ်အွန်ဒုန် SMU ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ဆောင်ရွက်နေသော နန်းခလဲကျေးရွာ၌ စီမံကိန်း၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် လူနေမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရေး အစီအစဉ်အရ ကျေးရွာတွင်း ရေဖြန့်ဝေရေးအတွက် ရေပိုက်လိုင်းများသွယ်တန်းခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



စီမံကိန်းဆောင်ရွက်ချက်အရ ကျေးရွာအနောက်ပိုင်းတွင်ရှိသော ကန်ညီနောင်ရေကန်မှရေကို ကျေးရွာတွင်းရှိ နေအိမ် ၁၀၀ ကျော်သို့ သွယ်ယူဖြန့်ဝေနိုင်ရန် ရေပိုက်လိုင်းသွယ်တန်းတပ်ဆင်ခြင်းကို ကျေးရွာ SMU ဥက္ကဋ္ဌ ဦးအေးသွင်နှင့် ကော်မတီဝင်များက ဦးဆောင်၍ အောက်တိုဘာ ၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ အောက်တိုဘာ ၁၁ ရက်တွင် ၅၀ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဟု သိရသည်။

၎င်းအပြင် ၁၅ ပေအမြင့် သံရေစင်ပေါ်ရှိ ၃၀၀၀ လီတာဝင် ကော်ရေတိုင်ကီနှစ်လုံးမှတစ်ဆင့် ရေဖြန့်ဖြူးပေးဝေနိုင်ရန် ရေစင်ကိုလည်း တစ်ပြိုင်တည်း ဆောက်လုပ်လျက်ရှိကာ ထိုလုပ်ငန်းများ ပြီးစီးသွားပါက ဒေသခံပြည်သူများအနေဖြင့် ယခင်ကကဲ့သို့ ရေကန်မှရေကို ရေထမ်းပုံးဖြင့်ထမ်း၍ သယ်ယူစရာမလိုတော့ဘဲ သောက်သုံးရေများ လွယ်ကူအဆင်ပြေစွာ နေအိမ်အရောက် ရရှိတော့မည်ဖြစ်၍ ကျေးရွာနေပြည်သူများ ကျေနပ်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ပေါက် အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်အတွင်းမှ ဒေသခံပြည်သူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပေါက်ပင်ခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ပေါက်မြို့မစခန်းမှူး ဒုရဲမှူးကျော်ဇေယျနှင့် ပေါက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစောမြင့်ခိုင်တို့က သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် ရုတ်တရက် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ရင်ဆိုင်တုံ့ပြန်နိုင်မည့် လုပ်ငန်းစဉ်များ၊ သဘာဝဘေးဖြစ်ပွားချိန်တွင် ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများအကြား ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုအားကောင်းစေရေး စသည်တို့ကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက်မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူက မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်ကြီး(၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး စသည်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှုငြိမ်းသတ်ခြင်း၊ ကြိုးကူးနည်းအမျိုးမျိုးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တက်ရောက်လာကြသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား လက်တွေ့သရုပ်ပြသခဲ့ကာ သဘာဝဘေးကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်းသိရသည်။

**ဉာဏ်တိုး(ပေါက်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဆင်း

**မြိတ် အောက်တိုဘာ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု တောင်ပြိုကျေးရွာ၌ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်မော်တာအပ်ချုပ်စက်သင်တန်းဆင်းပွဲကို အောက်တိုဘာလ ၁၀ ရက်က ကျေးရွာရှိ ရွှေပြည်သာဓမ္မာရုံ(တောင်ပြို)၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချိုက သင်တန်းသူများအနေဖြင့် ယခု ပထမခြေလှမ်းအဖြစ် သင်တန်းဆင်းသည်မှစကာ မိမိတို့၏ ကိုယ်ပိုင်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်သည်အထိ ဆက်လက်ကြိုးစားကြရန် တိုက်တွန်းပြောကြားပြီး မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်က မော်တာအပ်ချုပ်စက်သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝေနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခေတ္တဦးစီးမှူး ဒေါ်ဖြူဖြူဆွေက သင်တန်းသူများကိုယ်စား တောင်ပြိုကျေးရွာမှ မလွင်မာစိုးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၉ ရက်မှ အောက်တိုဘာ ၈ ရက်အထိ နှစ်လကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းတွင် နည်းပြဆရာမ တစ်ဦးနှင့် အကူဆရာမသုံးဦးတို့က အမျိုးသမီးအဝတ်အထည် ဒီဇိုင်းမျိုးစုံ ချုပ်လုပ်နည်းနှင့် အမျိုးသားဝတ်အင်္ကျီချုပ်နည်း သင်ခန်းစာများကို အခြေခံမှစ၍ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်းနှင့် သင်တန်းသို့ ဒေသတွင်းကျေးရွာများမှ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## သတင်းတိုများ

### အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစက်ချုပ်သင်တန်းဆင်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ဖိုးခေါင်ကျေးရွာအုပ်စု ဖိုးခေါင်ကျေးရွာ၌ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်းပွဲကို အောက်တိုဘာ ပထမပတ်အတွင်းက ကျင်းပခဲ့ကာ သင်တန်းဆင်းသည့် သင်တန်းသူများအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ ကျေးလက်နေအမျိုးသမီးငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန် ရည်ရွယ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အခမဲ့ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

### မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုများချီးမြှင့်

ဂန့်ဂေါခရိုင် ဆောမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အောက်တိုဘာ ၉ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ပြီး ဆော(က)အသင်းနှင့် လောင်းရှည်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆော(က)အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပခဲ့ပြီး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်မိုးက ဗိုလ်စွဲသွားသည့်အသင်းအား ဆုဖလားနှင့် ငွေသားဆု၊ ဒုတိယရရှိသည့်အသင်းအား ငွေသားဆုကို ချီးမြှင့်ပေးအပ်ကာ ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးဇော်ဝင်းကိုက နေရာအလိုက် အကောင်းဆုံးဆုများကို ကစားသမားတစ်ဦးချင်းထံ ချီးမြှင့်ပေးအပ်ခဲ့သည်။

**(၁၀၁)**

### အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို ရွှေဘိုမြို့ရှိ ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ အောက်တိုဘာ ၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက အမှာစကားပြောကြားပြီး သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ သင်တန်းသို့ ရွှေဘိုမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့များမှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ခဲ့ကာ သင်တန်းကာလမှာ အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၃ ရက်အထိဖြစ်ကြောင်း ရွှေဘိုခရိုင် မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

**မိုးသောက်(ရွှေဘို)**

### စိုက်ပျိုးရေးနည်းစနစ်ကောင်းများအကြောင်း ပညာပေးဆွေးနွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် လယ်ကျင်းကွေ့စံပြကျေးရွာ၌ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်တိုးတက်စေရေးအတွက် ကောင်းမွန်သော စိုက်ပျိုးနည်းစနစ်များအကြောင်း ပညာပေးဆွေးနွေးပွဲနှင့် ခေါင်နံ့မျိုးပွားစိုက်ခင်း သရုပ်ပြခြင်းကို ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးနှင့် နောင်ချိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ဆွေဆွေမြင့်တို့ ဦးဆောင်သည့် ဝန်ထမ်းများက အောက်တိုဘာ ၁၀ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ဆွေးနွေးပွဲနှင့် သရုပ်ပြပွဲသို့ ဒေသတွင်းကျေးရွာများမှ တောင်သူလယ်သမား ၇၀ ကျော် တက်ရောက်ကြည့်ရှုပြီး သိရှိလိုသည်များကို တာဝန်ရှိသူများအား မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဘာသာပေါင်းစုံဆုတောင်းပွဲ ထားဝယ်၌ကျင်းပ

**ထားဝယ် အောက်တိုဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် ဘာသာပေါင်းစုံဆုတောင်းပွဲအခမ်းအနားကို ထားဝယ်မြို့မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗုဒ္ဓဘာသာ)မှ ဆရာတော် ဘဒ္ဒန္တပညာသာမိ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)က မေတ္တာတရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူပြီး ဆုတောင်းမေတ္တာပို့သသည်။ ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဘာသာရေးအဖွဲ့နာယက(ခရစ်ယာန်ဘာသာ)မှ သိက္ခာတော်ရဆရာတော် Rcv ကနက်ထူး၊ တနင်္သာရီတိုင်းဒေသကြီး ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့(ဟိန္ဒူဘာသာ)မှ လောဟိတဆရာတော် ဒီလစ်ကူမာ၊ တနင်္သာရီတိုင်းဒေသကြီး ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့(အစ္စလာမ်ဘာသာ)မှ မော်လဝီဦးစိုးနိုင်တို့က မိမိတို့ဘာသာ ထုံးတမ်းအစဉ်အလာအရ ဆုတောင်းမေတ္တာပို့သပေးကြသည်။



ထို့နောက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ခေါင်းဆောင်များနှင့် တက်ရောက်လာကြသော ဘာသာပေါင်းစုံအသီးသီးမှ ဒေသခံပြည်သူများမှ ငြိမ်းချမ်းရေးဖယောင်းတိုင်များ ထွန်းညှိကာ မြန်မာပြည်ငြိမ်းချမ်းပါစေဟု သုံးကြိမ်ရွတ်ဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ၊ ဘာသာပေါင်းစုံမှ ဒေသခံပြည်သူများတက်ရောက်ကြကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# ဘာသာပေါင်းစုံဆုတောင်းပွဲတောင်ကြီးမြို့၌ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောစေရန် ရည်ရွယ်သည့် ဘာသာပေါင်းစုံဆုတောင်းပွဲကို တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ Royal Taunggyi Hotel အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

ဆုတောင်းပွဲတွင် အစ္စလာမ်ဘာသာ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးချစ်ကို၊ ဟိန္ဒူဘာသာရေး အဓိပတိဘွဲ့ရ ဆရာတော်ကြီး ဆွာဝိဝေဝေကနန္ဒ၊ မေတ္တာရှင်နာမှုကူညီရေးအသင်း ဦးစီးပဓာနနာယက နဂါးပွက်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇဝန္တနှင့် စိန်ဂျိုးဇက်ကျောင်းထိုင်ဆရာတော် ဖာသာ တင်မောင်တို့က ဘာသာအလိုက် ဆုတောင်းစကားများ ပြောကြားကာ ငြိမ်းချမ်းရေးအတွက် ဆုမွန်ကောင်းများတောင်းခဲ့ကြသည်။

အဆိုပါ ဘာသာပေါင်းစုံဆုတောင်းပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ၊ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီဝင်များ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များနှင့် ပြည်သူများ တက်ရောက်ဆုတောင်းခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ယာဉ်မတော်တဆမှုအဖြစ်များနေ၍ အသိပညာပေးမှုများ တိုးမြှင့်ပြုလုပ်နေ

**မော်လမြိုင် အောက်တိုဘာ ၁၂**

နေ့စဉ်နှင့်အမျှ ယာဉ်အရေအတွက်များ တိုးလာခြင်းကြောင့်လည်းကောင်း၊ လမ်းများကောင်းမွန်လာသည်နှင့်အမျှ ယာဉ်များကို အမြန်မောင်းနှင်မှုများကြောင့်လည်းကောင်း မွန်ပြည်နယ် မုဒုံမြို့နယ်၌ တစ်နှစ်ပတ်လုံးဖြစ်ပွားသည့် မှုခင်းများထဲတွင် ယာဉ်မတော်တဆမှုများက အများဆုံးဖြစ်နေကြောင်းနှင့် အဆိုပါယာဉ်မတော်တဆမှုများကို လျှော့ချနိုင်ရေးအတွက် အဖြစ်များသည့် အသက် ၁၅ မှ ၄၀ နှစ်ကြားအရွယ် ယာဉ်မောင်းသူများအား အဓိကထားပြီး အသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း မုဒုံမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသက်စိုးက ပြောသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလကုန်အထိ မုဒုံမြို့နယ်၌ ဖြစ်ပွားခဲ့သော မှုခင်းစုစုပေါင်း ၁၁၂၉ မှုတွင် ယာဉ်မတော်တဆမှုက ၁၀ ရာခိုင်နှုန်းခန့်ရှိနေသည်ဟု သိရသည်။ “မှုခင်းတွေအားလုံးမှာ အများဆုံးကတော့ ယာဉ်တိုက်မှုတွေပါပဲ။ ယာဉ်တိုက်မှုထဲမှာ ကားနဲ့ဆိုင်ကယ်တိုက်တာတွေ ပိုများပါတယ်။ ကျွန်တော်တို့ မုဒုံရဲတပ်ဖွဲ့အနေနဲ့ လစဉ်ဆောင်ရွက်နေတဲ့ မှုခင်းအသိပညာပေးပွဲတွေ တိုးမြှင့်ဆောင်ရွက်ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးကိုလည်း အဓိကထား အသိပညာပေးမှုတွေ ပြုလုပ်ပေးနေပါတယ်”ဟု ဒုရဲမှူးသက်စိုးက ပြောသည်။



ရဲတပ်ဖွဲ့၏ ပညာပေးယာဉ်ဖြင့် မှုခင်းပညာပေးဟောပြောပွဲကို တော်ကူးကျေးရွာ၌ ပြုလုပ်စဉ်

မုဒုံမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးမှုများကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ လမ်းညွှန်မှုဖြင့် တစ်လလျှင် လေးကြိမ်ခန့်ပြုလုပ်ပေးလျက်ရှိရာ အောက်တိုဘာ ၈ ရက်က မုဒုံမြို့နယ် တော်ကူးကျေးရွာ အရှေ့ပိုင်း ဆွမ်းလောင်းဓမ္မာရုံ၌ ဟောပြောပွဲပြုလုပ်ပြီး ဒုရဲမှူးသက်စိုး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ အထက(တံခွန်တိုင်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျေးရွာနေပြည်သူများအား မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ကြသည်။

မုဒုံမြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အပါအဝင် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးခံရခြင်းနှင့် ပတ်သက်သောအကြောင်းအရာများစသည့် မှုခင်းကျဆင်းရေး အသိပညာပေးမှုများကို မြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က စုစုပေါင်း ၄၄ ကြိမ်နှင့် ယခု ၂၀၁၇ ခုနှစ်ထဲတွင် ဇန်နဝါရီလမှ စက်တင်ဘာလကုန်ထိ ၃၅ ကြိမ် ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

# ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန်ဆွေးနွေး



**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ (TCRC)နှင့် ကျောက်ပန်းတောင်း-မိတ္ထီလာ ကလေးအခွင့်အရေးပူးပေါင်းဆောင်ရွက်သောအဖွဲ့(Upper KMN)တို့ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက်က ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ TCRC အဖွဲ့ဝင်များနှင့် Upper KMN အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ Upper KMN မှ Program manager ဦးစိုးမိုးက ကျောက်ပန်းတောင်း-မိတ္ထီလာ ကလေးအခွင့်အရေး ပူးပေါင်းဆောင်ရွက်သောအဖွဲ့ Upper KMN(Child Rights Assocation)၏ အဖွဲ့အစည်းရည်ရွယ်ချက်၊ လက်တွဲဆောင်ရွက်လျက်ရှိသော မိတ်ဖက်အဖွဲ့များနှင့် ၂၀၁၇-၂၀၂၁ ခုနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆွေးနွေးပွဲတက်ရောက်သည့် မြို့နယ်ကော်မတီဝင်များနှင့် ကျေးရွာများမှ ကိုယ်စားလှယ်များက ကလေးသူငယ်ဆိုင်ရာများနှင့် ပတ်သက်၍ သိလိုသည်များကို တင်ပြမေးမြန်းကြပြီး ပရိုဂရမ်မန်နေဂျာနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ကလေးများအားလုံး ကလေးအခွင့်အရေးများကို ရရှိပြီး ၎င်းတို့၏ဘဝတွင် လတ်တလောနှင့် ရေရှည် အပြောင်းအလဲများ ရရှိနိုင်စေရန်အတွက် ကျောက်ပန်းတောင်းမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် ကျောက်ပန်းတောင်း- မိတ္ထီလာ ကလေးအခွင့်အရေး ပူးပေါင်းဆောင်ရွက်သောအဖွဲ့တို့ အတူတကွ ပူးပေါင်း၍ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ကာ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာများကို အဖွဲ့များပူးပေါင်း၍ လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းစဉ်များကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ်၌ ယောချောင်း(ကံတွင်း)တံတားအသစ် တည်ဆောက်မည်

**ဆိပ်ဖြူ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်း ဆိပ်ဖြူ-ပခုက္ကူ ကားလမ်းပေါ် အရှေ့ကံတွင်းကျေးရွာ၌ ယောချောင်းကူးတံတားသစ်တစ်စင်းဖြစ်သည့် ကံတွင်းတံတားကို အသစ်တည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယောချောင်းတံတား(ကံတွင်း)ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုငွေဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် ကျန်းမာရေး ဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရန်အတွက် အကောင်အထည် ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

ယောချောင်းတံတား(ကံတွင်း)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၂) တံတားအထူးအဖွဲ့(၅)ဆိပ်ဖြူက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ အောက်ခံအုတ်မြစ် (1.2 m Bored )၊ တံတားကိုယ်ထည်(သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် ရေလယ်တိုင်)၊ တံတားအပေါ်ထည်(100’ PC Girder သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်း)တို့ဖြစ်ပြီး တံတားအရှည် ပေ ၉၀၀၊ ခန်းဖွင့် ပေ ၁၀၀ ကိုးခန်း၊ တံတားအကျယ် ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီ ပါဝင်မည်ဖြစ်ကြောင်း၊ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

ကံတွင်းတံတားသစ် ဆောက်လုပ်ရန်အတွက် မြေတိုင်းတာခြင်းလုပ်ငန်းများကို ယခုနှစ် ဇွန်လဆန်းပိုင်းမှပင် စတင်ဆောင်ရွက်ခဲ့ကာ တံတားဆောက်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကနဦးခွင့်ပြုငွေကျပ်သန်း ၁၀၀၀ ခွင့်ပြုပေးထားကြောင်း၊ တံတားသစ်တည်ဆောက်ရာတွင် ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သော ချောင်းရေကြီးမှုများတွင် ရေရောက်ရှိခဲ့သည့် ရေလယ်ဗယ် အမြင့်၏အထက်မှ တည်ဆောက်မည်ဖြစ်ကြောင်း တံတားအထူးအဖွဲ့(၅)ဆိပ်ဖြူမှ ယောချောင်းတံတား(ကံတွင်း) တည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာက ပြောကြားသည်။

ယောချောင်းတံတား(ကံတွင်း)သည် ချင်းပြည်နယ်နှင့် ယောဒေသတို့မှ အခြေခံ၍ စီးဆင်းလာသော ယောချောင်းကို ဖြတ်သန်းတည်ဆောက်ပေးမည့် တံတားတစ်စင်းဖြစ်ပြီး ယခင်က တံတားဟောင်းတစ်စင်းရှိခဲ့ကာ ထိုတံတားမှာ အရှည်ပေ ၅၆၀၊ အမြင့် ပေ ၂၀ ရှိခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ်တွင် တံတားမှာ ရေတိုက်စားခံခဲ့ရပြီး ပျက်စီးနေမှုကြောင့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့တွင် အခက်အခဲများကို တွေ့ကြုံခဲ့ရကြောင်း ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## နေပြည်တော်

# လျှောက်လွှာခေါ်ယူခြင်း

**၁၃၇၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ရက်**
**၂၀၁၇ခုနှစ် အောက်တိုဘာ ၉ ရက်**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသောအောက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်လွှာတင် သွင်းနိုင်ပါသည်-

(က) လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ၂၅၀ဦး(အမျိုးသား)

(ခ) ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ၁၀၀ဦး(အမျိုးသမီး)

၂။ ဝန်ထမ်း ၃၅၀ ဦး ရွေးချယ်ခန့်ထားမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများအား (လစာနှုန်းကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) တွင် ကနဦးလစာ ၁၅၀၀၀၀/-ဖြင့် စတင်ခန့်ထားမည်ဖြစ်ပြီး ဝန်ကြီးရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနည်းဆုံးပညာအရည်အချင်းမှာ ဘွဲ့တစ်ခုခုရရှိရမည်။
(ဂ) ၁-၁၁-၂၀၁၇ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၂၆)နှစ်ထက်မကျော်စေရ။
(ဃ) အမျိုးသားဝန်ထမ်းအရပ် ၅ပေ ၃လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။
(င) အမျိုးသမီးဝန်ထမ်းအရပ် ၅ပေ ၁လက်မနှင့် ကိုယ်အလေးချိန်ပေါင် ၉၀ ထက်မနည်းရ၊ ပေါင် ၁၂၀ထက်မကျော်ရ။
(စ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဆ) အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ရမည်။
(ဇ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး ငါးနှစ်တာဝန်ထမ်းဆောင်ရမည်။

၄။ လျှောက်လွှာပုံစံအား တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ဒုတိယပြည်နယ်မှူးရုံး (ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း)များတွင် ထုတ်ယူရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲတင်ပြရမည်-

(က) ဓာတ်ပုံ(၃)ပုံ
(ခ) ဘွဲ့လက်မှတ်မိတ္တူ
(ဂ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) အိမ်ထောင်စုစာရင်းမိတ္တူ
(စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးထောက်ခံချက်
(ဇ) ပြန်တမ်းဝင်အရာရှိတစ်ဦး၏ ထောက်ခံချက်
(ဈ) ပြစ်မှုကင်းရှင်းကြောင်းရဲစခန်းထောက်ခံချက်

၅။ လျှောက်လွှာများကို ၃၀-၁၀-၂၀၁၇ရက် နောက်ဆုံးထား၍ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ဒုတိယပြည်နယ်မှူးရုံး (ရှမ်းပြည်အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း)များတွင် လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်။

၆။ အင်္ဂလိပ်စာရေးဖြေ ကွန်ပျူတာနှင့်လူတွေ့နှုတ်ဖြေဖြေဆိုရမည်။ ဖြေဆိုမည့်ရက်အား ဝန်ကြီးဌာန၊ ရုံးအမှတ်(၄၈)နှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ဒုတိယပြည်နယ်မှူးရုံး (ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း)များတွင် ကြေညာပေးပါမည်။ ဝန်ကြီးဌာန၏ Website www.mip.gov.mm တွင် ဖော်ပြထားပါမည်။

၇။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ဒုတိယပြည်နယ်မှူးရုံး (ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း)များသို့ဖြစ်စေ၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၄၃၁၂၇၉၊ ၀၆၇-၄၃၁၀၀၂၊ ၀၆၇-၄၃၁၀၁၃ များသို့ ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ် (ဒ-၃၁၇၇၉) ဦးခင်မောင်ချို (ဘ)ဦးအုန်းလှိုင် ၅/မရန(နိုင်)၀၈၅၀၁၅အမည်ပေါက် ပါမစ်မြေ၏ မြေပေးမိန့်အား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထား သူ ဒေါ်မိုးကြည်ထွေး ၈/ပခက(နိုင်)၀၀၀၃၀၆မှ ၄င်းမြေပေးမိန့်ကို ကိုယ်စားလှယ်ဖြင့် ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်မိုးကြည်ထွေးအား ထုတ်ပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## နေပြည်တော်

# လျှောက်လွှာခေါ်ယူခြင်း

**၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်**
**၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်**

၁။ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

**အစောင့် ၁၅၀ ဦး (အမျိုးသား)**

၂။ ဝန်ထမ်း(၁၅၀)ဦး ရွေးချယ်ခန့်ထားမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများအား (လစာနှုန်းကျပ် ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) တွင် ကနဦးလစာ ၁၂၀၀၀၀/-ဖြင့် စတင်ခန့်ထားမည်ဖြစ်ပြီး ဝန်ကြီးရုံးနှင့်တိုင်းဒေသကြီး/ပြည်နယ်များတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ယုံကြည်စိတ်ချရသော ဒေသခံအမျိုးသားဖြစ်ရမည်။
(ဂ) အနည်းဆုံးပညာအရည်အချင်းမှာ အခြေခံပညာ အလယ်တန်းအဆင့်ဖြစ်ရမည်။
(ဃ) ၁-၁၁-၂၀၁၇ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက်မကျော်စေရ။
(င) ကျန်းမာရေးကောင်းမွန်ပြီး သက်ဆိုင်ရာဒေသအတွင်း တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(စ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

၄။ လျှောက်လွှာပုံစံအား တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ဒုတိယပြည်နယ်မှူးရုံး (ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း)များတွင် ထုတ်ယူရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) ဓာတ်ပုံ(၃)ပုံ
(ခ) ကျောင်းထောက်ခံချက်၊ သင်ယူပြီးမြောက်မှုမှတ်တမ်း
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဃ) အိမ်ထောင်စုစာရင်းမိတ္တူ
(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း အုပ်ချုပ်ရေးမှူးထောက်ခံချက်
(ဆ) ပြစ်မှုကင်းရှင်းကြောင်းရဲစခန်းထောက်ခံချက်

၅။ လူတွေ့နှုတ်ဖြေ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုမည့်အစီအစဉ်အား ဝန်ကြီးဌာန၊ ရုံးအမှတ်(၄၈)နှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ဒုတိယပြည်နယ်မှူးရုံး(ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း)များတွင် ကြေညာပေးပါမည်။ ဝန်ကြီးဌာန၏ Website www.mip.gov.mm တွင် ဖော်ပြထားပါမည်။

၆။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ဒုတိယပြည်နယ်မှူးရုံး (ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း)များတွင် ၃၁-၁၀-၂၀၁၇ရက်နေ့နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်။

၇။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ဒုတိယပြည်နယ်မှူးရုံး (ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း)များသို့ဖြစ်စေ၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၃၁၂၇၉၊ ၀၆၇-၄၃၁၀၀၂၊ ၀၆၇-၄၃၁၀၁၃ များသို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၇၆၄၇၆ Yes Sumbo-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဆွေဦး ၅/စကန(နိုင်)၁၆၇၄၀၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(မိတ္ထီလာခရိုင်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄)၊ ဦးပိုင်အမှတ်(၉)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်အား ဒေါ်အုန်းရင် အမည်ဖြင့် အမှုတွဲအမှတ်(၇၂၃/V/၁၉၆၄-၆၅)အရ(၁၉-၁၂-၆၇)မှ(၃၀-၆-၁၉၇၀)ရက်အထိ (၃)နှစ် မြေငှားလိုင်စင်ရရှိခဲ့ပါသည်။ ယခုအခါ ဒေါ်အုန်းရင်မှာ အပျိုကြီးဘဝဖြင့် (၂၀၀၁) ခုနှစ်တွင်လည်းကောင်း၊ ဒေါ်အုန်းရင်၏မောင် ဦးကျော်အေးမှာလည်း (၂၄-၇-၂၀၁၁) ရက်တွင်လည်းကောင်း ကွယ်လွန်သွားခဲ့ပြီး ဦးကျော်အေး၏ ဇနီး မြေဂရန်အမည်ပေါက်သူ ဒေါ်အုန်းရင်၏ယောင်းမဖြစ်သူ ဒေါ်ပုံ ၁/မကန(နိုင်)၀၂၈၁၀၇ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းလျှောက်ထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ပါကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ပုံ ၁/မကန(နိုင်)၀၂၈၁၀၇**
**အမှတ်(၄၇၂)၊ ရန်ကြီးအောင်ရပ်ကွက်၊**
**မြစ်ကြီးနားမြို့**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## အဆောက်အအုံပြုပြင်မွမ်းမံရန်

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈၊ ဘဏ္ဍာရေးနှစ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ စတူဒီယို(၁) အဆောက်အအုံအား ပြုပြင်မွမ်းမံရန်လိုအပ်သော အောက်ဖော်ပြပါ ပြုပြင်မွမ်းမံမှုလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

(က) ကြမ်းခင်းပြုပြင်ခြင်း
(ခ) အသံထိန်းနံရံတပ်ဆင်ခြင်း
(ဂ) Control Room ပြုပြင်ခြင်း
(ဃ) အသံထိန်းမျက်နှာကြက်တပ်ဆင်ခြင်း
(င) Metal Truss တပ်ဆင်ခြင်း
(စ) ခေါင်မိုးပြုပြင်ခြင်း
(ဆ) Slide Door တပ်ဆင်ခြင်း
(ဇ) အလင်းပေးစနစ် တပ်ဆင်ခြင်း

၂။ စတူဒီယို(၁) အဆောက်အအုံအား လေ့လာလိုပါက အမှတ်(၅၀)၊ ရွှေတောင်ကြား (၂)လမ်း၊ ရွှေတောင်ကြားရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၁၃၉၈၂ သို့ ဆက်သွယ်လာရောက်လေ့လာနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၁-၁၀-၂၀၁၇ရက်မှ ၁၀-၁၁-၂၀၁၇ရက်အထိ ရုံးဖွင့်ရက် နံနက် ၉း၃၀နာရီမှ ညနေ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် တင်ဒါပုံစံများကို တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူ တင်ပြရပါမည်။

၄။ ဈေးနှုန်းမပါသော Specification & Catalouge များကို ၁၀-၁၁-၂၀၁၇ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလအတွင်း ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၁-၅၁၃၉၈၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| --- | --- |
| ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး | အဆောက်အအုံများ ဆောက်လုပ်ဌာန၊ |
| ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ | ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း |
| နေပြည်တော် | လုပ်ငန်းကော်မတီ၊ ပြန်ကြားရေး |
| ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၁-၅၁၃၉၈၂ | ဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ |
| | နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၉၀ |

## မြန်မာနိုင်ငံရဲတပ်ဖွဲ့

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း(၃) မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ-၉-၁၀-၂၀၁၇ရက်မှ ၉-၁၁-၂၀၁၇ရက်အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းဖွင့်လှစ်မည့်ရက်မှာ-၁၀-၁၁-၂၀၁၇ ရက် ၁၀ နာရီဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား တစ်စောင်လျှင် ၁၅၀၀၀ိ/ နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ်(၄၅)၊ ဖြည့်တင်း/ထောက်ပံ့ဌာနခွဲတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များ သိလိုပါက တယ်လီဖုန်းနံပါတ်-၀၆၇-၄၁၂၅၁၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅)၌အစည်းအဝေးခန်းမ (၁၂၀ပေ×၈၀ပေ×၂၂ပေ)(၁)ခန်းနှင့် အစည်းအဝေးခန်းမငယ်(၃၀ပေ×၂၅ပေ×၁၁ပေ) (၂)ခန်း၊ စုစုပေါင်း(၃)ခန်းအတွင်း အသံလုံစနစ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၁၃-၁၀-၂၀၁၇ရက်မှ ၂၀-၁၀-၂၀၁၇ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ အင်ဂျင်နီယာဌာနစိတ်(မြို့ပြ)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၄-၁၀-၂၀၁၇ရက် နောက်ဆုံးထား၍ ၀၉း၃၀ နာရီမှ ၁၆း၀၀နာရီအတွင်း ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနတွင် တင်သွင်းရန်ဖြစ်ပါသည်။(သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် သတ်မှတ်ထားသော တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၅။ အသေးစိတ်သိရှိလိုသော အချက်များရှိပါက အင်ဂျင်နီယာဌာနစိတ်(မြို့ပြ) ဖုန်း-၀၆၇-၄၁၈၅၉၄ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက်

# ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ် ဦးစီးမှူးရုံး၊ ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား၊ အချုပ်သားများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းကျွေးမွေးရန်ထပ်မံလိုအပ်သော ရိက္ခာဆန် ၅၂၂၅အိတ်ကို သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

| | | |
| --- | --- | --- |
| ၂။ | **အိတ်ဖွင့်တင်ဒါ ရောင်းချမည့်ရက်** | - ၁၃-၁၀-၂၀၁၇ရက် ၉း၀၀နာရီမှ ၂၅-၁၀-၂၀၁၇ရက် ၁၆း၀၀နာရီထိ |
| ၃။ | **အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်မည့်ရက်/နေရာ** | - ၂၆-၁၀-၂၀၁၇ရက် ၁၀း၀၀နာရီ အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့ |

၄။ တင်ဒါလျှောက်လွှာပုံစံ (၁)စောင်လျှင် (၁၅၀၀၀ိ/-)နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က)ဖုန်း-၀၈၁-၂၀၈၅၄၉ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန
၀၈၁-၂၀၈၅၅၀ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**

ရွှေလမ်းခရီး
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
ကားဆိုဒ်စုံနှင့် လုပ်သားပါ
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444808899
09-444808877
09-444808855

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်မိုးဝင်း ၁၀/ခဆန(နိုင်)၁၀၀၃၂၆ ၏ Passport-No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏အိမ်ခန်း၊ရုံးခန်းများ ပြောင်းရွှေ့ခြင်း
အတွက် အလုပ်သမား နှင့် ကားစီစဉ်ပေးသည်။
အမှတ်-၁၈၃၊မြေညီ၊မုံအိမ်ရာ၊လေးထောင့်ကန်လမ်း၊
09254009334,
09254009335,
09254009336

ရွှေမြန်မာဆေးသုတ်အဖွဲ့
ပတ္တီး(၂)ထပ်၊ ရေတားဆေး (၂)ထပ်၊ ဆေး(၃)ထပ်
Unitex - 200
Orient - 250
Premier - 350
Nippon - 400
(1'x 1') ပစ္စည်းလက်ရာအပြီး၊ အရည်အသွေးနှင့် လက်ရာအာမခံပါသည်။
09 459946670
09 459946658

အောင်ပြည့်စုံ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၅၃၂/B၊ မြေကွက်အမှတ် ၂၆၇၊ ဧရိယာ ၀ ဒသမ ၁၆ဧက၊ မြေကွက်တည်နေရာအမှတ် ၂၆၇၊ ချယ်ရီလမ်း၊ ပုလဲ(၂)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဦးကျော်ငြိမ်း ၉/ကဖတ(နိုင်)၁၂၃၅၁၆ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား အမည်ပေါက်ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံကတိ၊ ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရွှေနံ့သာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းထောက်ခံချက်၊ မင်္ဂလာဒုံမြို့နယ်၊ မြို့မရဲတပ်ဖွဲ့စခန်း စခန်းမှူး၏ ထောက်ခံချက်၊ နှစ်(၆၀)ဂရန်(မိတ္တူ)မှန်တို့ကို တင်ပြ၍ ဂရန်(မိတ္တူ)ထုတ်ပေးပါရန် လျှောက်ထားခြင်းအပေါ် ဂရန်(မိတ္တူ)ထုတ်ပေးမည်ဖြစ်ပါသဖြင့် မဂလဒ/ ဂရသ-၂၅၂/၉၇(၁၆-၁၂-၉၇)ရက်စွဲဖြင့် ထုတ်ပေးထားသည့် ဦးကျော်ငြိမ်း အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မူရင်းစာအုပ်အား မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊ တိုက်(၂၉)၊ အခန်း(၁)နေ
ဦးစိန်ဝင်း(2nd Engineer, F.G)-(ဒေါ်စန်းတင့်(ခ)ဒေါ်ဒေါင်းမ)
တို့၏ သားကြီး

**မောင်ပြည့်ဖြိုးအောင်**

**B.A (Geography), C.H Shipping**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀/မြောက်)ရပ်ကွက်၊ ရတနာပုံအိမ်ရာ၊ အမှတ်(၁၅၇/၂၄၀)၊ အခန်း(၀၀၂)မြေညီထပ်နေ
ဦးဝင်းမော်(ရွှေကုန်သည်)-ဒေါ်ချိုမာလွင်
(ရွှေရည်ဝင်းရတနာရွှေဆိုင်)တို့၏သမီးဦး

**မရွှယ်ရွှယ်ဝင်းမော်**

**BA (Myanmar), Dip in Eng; Dip in IT**

တို့သည် ၄-၁၀-၂၀၁၇ရက်တွင် နှစ်ဖက်သော ဂုဏ်သရေရှိလူကြီးမိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**မောင်ပြည့်ဖြိုးအောင်-မရွှယ်ရွှယ်ဝင်းမော်**

## Zware Group Co., Ltd.

**Factory Manager (Wood Industry)** **(1) Post**

Job Requirements:

- သစ်လုပ်ငန်းနှင့် ပတ်သက်၍ အတွေ့အကြုံရှိရမည်။
- Drawing ဖတ်၍ညွှန်ကြားနိုင်သူဖြစ်ရမည်။
- ရုံးလုပ်ငန်းကျွမ်းကျင်သူဖြစ်ရမည်။
- သစ်အချောထည်ထုတ်စက်ကိရိယာများကို နားလည်အသုံးပြုနိုင်သူဖြစ်ရမည်။
- ပေါင်းသင်းဆက်ဆံရေး ပြေလည်သူဖြစ်ရမည်။
- ရိုးသားသူဖြစ်ရန် အထူးလိုအပ်သည်။
- လျှာထိုး၊ ပရိဘောဂလုပ်ငန်းအတွေ့အကြုံအနည်းဆုံး ငါးနှစ်ရှိရမည်။
- Male (30 to 45 Years)

**Closing Date-31-10-2017**
**Phone-09-977814218,09-977814234**
**Mailing address-recruitment@zwaregroup.com**
**HEAD OFFICE-No.440,WAIZAYANTAR ROAD, SOUTH OKKALA TOWNSHIP, Yangon, Myanmar.**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ် -၁၀၀**

ဒေါ်လှလှဝင်း **နှင့်** ၁။ ဒေါ်အမာစီ (၄င်း၏အခွင့်ရကိုယ်စားလှယ်-ဦးစိုးတင့်)
၂။ မသီရိမေသူစိုး

**တရားနိုင်** **တရားရှုံးများ**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ မြင်းကာကွင်းကျေးရွာနေ တရားရှုံး ၁။ ဒေါ်အမာစီ (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးစိုးတင့်)၊ ၂။ မသီရိမေသူစိုး (ယခုလိပ်စာမသိသူ)တို့ သိစေရမည်။

အထက်အမည်ပါ တရားနိုင် ဒေါ်လှလှဝင်းက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၃၇အရ လူဖမ်းဝရမ်းထုတ်ဆင့်၍ တရားမအကျဉ်းထောင်တွင် ချမှတ်ပေးစေသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၇ ရက် (၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်စိုး)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမအထွေထွေအမှတ် -၁၇၁**

ကွယ်လွန်သူ ဦးကြီးချိန်၊ ဦးကြီးဟုတ်၊ ဦးကြီးချွမ်၊ ဦးကြီးရန်တို့ ကျန်ရှိရစ်သောပစ္စည်းနှင့် စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကြီးချိန်၊ ဦးကြီးဟုတ်၊ ဦးကြီးချွမ်၊ ဦးကြီးရန်တို့ ကျန်ရှိရစ်သောပစ္စည်းအပေါ် အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်း ဦးချစ်မောင် ၁၂/ပဘတ(နိုင်)၀၁၉၆၃၂ က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် ဦးကြီးချိန်၏သားအရင်းဖြစ်သော ဦးချစ်မောင်အား အမွေထိန်းလက်မှတ်စာထုတ်ယူခွင့်ပြုကြောင်း အမိန့်ချမှတ်ခဲ့ပြီးဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကြီးချိန်၊ ဦးကြီးဟုတ်၊ ဦးကြီးချွမ်၊ ဦးကြီးရန်တို့၏ ကျန်ရှိရစ်သောပစ္စည်းအပေါ် စီမံခန့်ခွဲမှုပြုရန် လျှောက်ထားလာသည်ဖြစ်၍ အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၃ ရက် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျပေးထားသော ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာအပေါ် စီမံခန့်ခွဲခွင့်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ် ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဦးချစ်မောင်၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၇ခုနှစ် အောက်တိုဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(နေဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## (၄၂)ကြိမ်မြောက်

**ဆရာကြီး ဦးမြသိန်း(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)အား**
**အမှတ် (၅၂) ဘားလမ်းတပည့်များမှ ပူဇော်ကန်တော့ပွဲ**

**ဖိတ်ကြားခြင်း**

**ကျင်းပမည့်နေရာ** - Sule Shangri-La Hotel
**ကျင်းပမည့်နေ့ရက်** - ၂၈-၁၀-၂၀၁၇ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ

**ဆက်သွယ်ရမည့်တပည့်များ**
**ဒေါ်သင်းသင်းရီ ဦးကျော်ပိုင် ဖုန်း-၀၉-၅၁၆၉၁၆၄**
**ဖုန်း-၀၉-၅၀၀၅၄၈၇ ဦးထွန်းရှိန် ဖုန်း-၀၉-၅၀၃၃၂၉၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားမရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၈**

ဦးမြင့်ထူးအောင် **နှင့်** ဦးခွေး
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(ဗ-၆)၊ ဦးပိုင်အမှတ် ၆၊ ကံသာယာရပ်နေ ဦးခွေး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်ထူးအောင်က ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၆)၊ ဦးပိုင်အမှတ် ၆၊ ဧရိယာ ၀ဒသမ၀၃၀ ဧကရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် အောက်တိုဘာ ၂၄ ရက် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်)မွန်းမတည့်မီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာဝေ)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်း ၂၀)**
**ဘားအံမြို့နယ်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၈**

**မချစ်သဲအိလွင်** **နှင့်** **ကိုကျော်နေလင်း**
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အမှတ် ဆ/၃၀နေ တရားပြိုင် ကိုကျော်နေလင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မချစ်သဲအိလွင်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် အောက်တိုဘာ ၃၀ ရက် (၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေမာဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဘားအံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ရှမ်းလမ်း၊ အမှတ် (၁၇၂) ခုနစ်လွှာ (ဝဲဘက်ထောင့်ခန်း)၊ အကျယ်အဝန်း (အလျား ၅၅ပေ×အနံ ၁၄ပေ) ခေါ်တွင်သော တိုက်ခန်းနှင့်အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစားရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးသန္တာကျော် ၅/မမတ(နိုင်)၀၆၉၀၄၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်မြတ်သော် ၅/ကလထ(နိုင်)၁၂၃၁၂၂က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းအေး (LL.B, D.B.L, WIPO)**
**အထက်တန်းရှေ့နေ(စဉ်-၃၀၇၀၀)**
**အမှတ် (၁၀) လေးလွှာ/ဘီ၊ ဘောဂသိဒ္ဓိလမ်း၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၄၅၁၂၀၁၀၊ ၀၉-၇၃၂၁၄၉၇၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ် J-၂၄၊ အောင်ချမ်းသာတိုးချဲ့ကွက်သစ် ပေ၄၀×ပေ၆၀ ရှိ မြေကွက်နှင့်မြေပေါ်မြေအောက်ရှိ သီးပင်စားပင်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးသက်ဦး ၈/နမန(နိုင်)၁၂၆၀၈၉ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါက်တာနှင်းရွှေရည်၏ လွှဲချက်အရ-**
**(ဦးမောင်မောင်လွင်) စမ်းချောင်း**
**စဉ်-၁၂၀၉၇(ဥပဒေအကျိုးဆောင်)**
**အမှတ် ၂၂၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်**
**ဖုန်း-၀၉-၇၃၀၃၄၀၀၂၊ ၀၉-၇၇၅၆၂၂၄၇၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ မြေကွက်အမှတ်(၁၂၀)၊ ဧရိယာ ၂၄၀၀စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်တို့ကို ဂရန်အမည်ပေါက် ဦးမောင်မြထံမှ စာချုပ်အဆက်ဆက်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးရဲနောင် ၁၂/ဥကတ(နိုင်)၁၁၉၅၁၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသီဟန်မင်းဇော် ၁၂/အလန(နိုင်)၀၃၈၇၁၇ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော မူရင်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး LL.B, WIPO (Switzerland,**
**အထက်တန်းရှေ့နေ(စဉ်-၃၄၇၈၂)**
**အမှတ်(၁၁၂၈)၊ သရဖီ ၇လမ်း၊ ၃၄ ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၄၀၁၀၄၈**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်း(ဖျက်သိမ်းခြင်း)

ဦးစိုးမိုးအောင် ၁၂/မဂတ(နိုင်)၀၆၃၄၄၀အား ကျွန်မတို့မှ လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာ၊ စာအမှတ်(DOC No:13521) ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်း(ဖျက်သိမ်း)အပ်ပါသည်။

**ဒေါ်တင်ရီ ၁၂/ရပသ(နိုင်)၀၀၉၁၂၇**
**ဖုန်း-၀၉-၄၄၃၀၆၁၇၆၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၃/ခ) ရပ်ကွက်၊ (၈)လမ်း၊ အမှတ် ၅၀/က၊ ယခင်အမှတ် ၁၇၃ အကျယ် (၂၅'×၇၅')ရှိ မြေနှင့်ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၂၀-၁၂-၂၀၁၄ ရက်စွဲပါ မြေပိုင်ဆိုင်မှုခွဲဝေခြင်းကတိပြုစာချုပ်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးနေသန့်(ဘ)ဦးရောဘတ် (HGU -၀၉၀၆၇၀) မှ ခံစားခွင့်ရှိသော မြေကွက်ဖြစ်ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပြီးဖြစ်ပါ၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော်** **ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့၊ (၅)ရပ်ကွက်၊ ကမ်းနားလမ်းတွင် နေထိုင်သော ဦးဝင်းစိုး(ဘ)ဦးစိန်ကင့် ၁၄/ဘကလ(နိုင်)၁၄၀၄၇၃ သည် ခေတ်သစ်စံအမည်ဖြင့် ဆိုင်ခန်းအမှတ် (၃၂/၃၃/၃၄) တွင် လွန်ခဲ့သော ၄-၂-၂၀၁၄ က ဆိုင်ခန်းလွှဲပြောင်းရယူပြီးနောက် ဦးဝင်းစိုးအမည်ဖြင့် စားသောက်ကုန်လုပ်ငန်းလိုင်စင်ထမ်းဆောင်ခြင်း၊ ဝင်ငွေခွန်ထမ်းဆောင်ခြင်း၊ ကုန်မျိုးစုံနှင့် အခြားလိုင်စင်ဖြင့် ယနေ့အချိန်အထိ လုပ်ကိုင်လာခဲ့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းစိုး(ဘ)ဦးစိန်ကင့် ၁၄/ဘကလ(နိုင်)၁၄၀၄၇၃**
**ကမ်းနားလမ်း၊ (၅)ရပ်ကွက်၊ ဘိုကလေးမြို့**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ညောင်နှစ်ပင်အထူးဇုန် (၂)၊ M1 လမ်း၊ C (၁၃)၊ အကွက်အမှတ် (၁၄၁/၁၄၂) ဒေါ်ဖြူဖြူဝင်း (၉/မကန(နိုင်)၀၇၃၆၂၉) အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး ကျသင့်သောဝန်ဆောင်ခများပေးသွင်းပြီးပါ၍ ယင်းငွေသွင်းချလံပြေစာမူရင်း အမှန်တကယ်ပျောက်ဆုံးသွားပါသည်။ သို့ပါ၍ ငွေသွင်းချလံပြေစာအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ (၇) ရက်အတွင်း ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူဝင်း (၉/မကန(နိုင်)၀၇၃၆၂၉)**
**M1 လမ်း၊ C (၁၃)၊ အကွက်အမှတ် (၁၄၁/၁၄၂)**
**ညောင်နှစ်ပင်အထူးဇုန် (၂)၊ ဖုန်း-၀၉ ၉၆၀၅၀၂၅၂၉**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေးကြီးသည် ၉-၁-၂၀၁၆ရက် နံနက်ပိုင်းတွင် မီးလောင်ကျွမ်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ မင်္ဂလာဈေး ဒုတိယထပ်၊ ဆိုင်အမှတ် (၂၄၅)အမည်ပေါက် ဦးခင်မောင်ဝင်း (BTHG -၀၀၅၀၄၂)၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ် ၀၂၈၈၀သည် မီးလောင်ပျက်စီးသွားပါ၍ အသစ်ပြန်လည်လျှောက်ထားထုတ်ယူနိုင်ရေးအတွက် ကန့်ကွက်မှုရှိ/မရှိ အသိပေးအကြောင်းကြားအပ်ပါသည်။ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဝင်း ဖုန်း-၀၉-၄၅၀၀၁၂၇၈၆**

## ကွန်ဒိုတိုက်ခန်းငှားမည်

**သမ္မတကွန်ဒို (1700 Sq -Ft)**
**ပစ္စည်းအစုံ။**
**ဒေါ်ဖိန်း ဖုန်း-၀၉-၅၁၅၆၀၆၀၊**
**-၀၉-၅၀၂၆၀၆၀**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် ဦးအေးသောင်း ၁၃/ကတန(နိုင်)၀၀၉၈၈၇ ၏သား မောင်ကောင်းထက်အောင် ၁၂/ဒဂမ(နိုင်)၀၃၂၃၈၆ အား ယနေ့မှစ၍ မောင်လရောင်ဟိဏ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လရောင်ဟိဏ်း**

## ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ အထက(၃) တက္ကသိုလ်ဝင်တန်းမှ မချိုသဇင်၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ဖြစ်သည်မှာ မှန်ကန်ပါသည်။

## ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ အထက(၃) အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မခင်မျိုးဦး၏ ဖခင်အမည်မှန်မှာ ဦးခင်ဝင်း ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ အထက (၃) တက္ကသိုလ်ဝင်တန်းမှ မအိဖူးမောင်၏ ဖခင်အမည်မှန်မှာ ဦးဘိုဘိုစိန် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ဗိုလ်တထောင်မြို့နယ်၊ အထက(၆) အဋ္ဌမတန်း(D)မှ မောင်ဇော်လင်းထွဋ်နှင့် စတုတ္ထတန်း (C)မှ မောင်ဇော်ရဲထွဋ်တို့၏ဖခင်အမည်မှန်မှာ ဦးမောင်မြ(ခ)စရာဂျူး(LKW-၀၉၇၂၅၈) ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

Cho Tun & Sons Co., Ltd ၏လိုင်စင်အမှတ် 17-18 4273 (14-7-2017) မှာ လုပ်ငန်းလုပ်ကိုင်စဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၇၈၅၀၇၀၉၆၈

## ပျောက်ဆုံးကြောင်း

ကျွန်တော်၏ Super Seven Stars Motors Industry Co.,Ltd ၏သွင်းကုန်လိုင်စင် (၁) စောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဦးစံလင်း**
**ဖုန်း-၀၉-၉၇၇၄၄၂၂၁၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော်၏ (M & N Co.,Ltd ကုမ္ပဏီ) သွင်းကုန်လိုင်စင်(၁)စောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဦးရဲမြင့်**
**ဖုန်း-၀၉-၄၂၈၀၄၀၂၀၉**

## အမည်ပြောင်း

ဦးသန်းဇော်ထွန်း ၉/မထလ(နိုင်)၀၀၅၉၁၇ ၏သား မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ အထက (၃) အစိုးရအထက်တန်းကျောင်း နဝမတန်းမှ မောင်မောင်မောင် (မွေးစာရင်းနှင့်အိမ်ထောင်စုစာရင်း အမည်မောင်မောင်မောင်) အား မောင်မောင်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မောင်ဦး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/3642 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊**
**သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/7774 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဗိုလ်ချုပ် အောင်ခင်(ငြိမ်း)၊ သူရဲကောင်းမှတ်တမ်းဝင်**

**စစ်ထောက်ချုပ်(ငြိမ်း)**

**ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း)**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဒေါ်ခင်နု၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ် အောင်ခင်(ငြိမ်း)သည် ၁၂-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၄း၁၈နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဗိုလ်ချုပ် အောင်ခင်(ငြိမ်း)၊ သူရဲကောင်းမှတ်တမ်းဝင်**

**စစ်ထောက်ချုပ်(ငြိမ်း)**

**ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း)**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဒေါ်ခင်နု၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ် အောင်ခင်(ငြိမ်း)သည် ၁၂-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၄း၁၈နာရီ တွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတင်နွယ်**

**အသက်(၅၃)နှစ်**

ဇေယျာသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ် အသက်(၅၃)နှစ်သည် ၁၀-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်တကွ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှဋ္ဌေးဝင်း**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဇေယျာသီရိမြို့နယ်**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတင်နွယ်**

**အသက်(၅၃)နှစ်**

ဇေယျာသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ် အသက်(၅၃)နှစ်သည် ၁၀-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်တကွ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

**ဇေယျာသီရိမြို့နယ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်နွယ်**

**အသက်(၅၃)နှစ်**

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(မန္တလေး)မှ ဆေးဘက်ကျွမ်းကျင်-၂(ဆေးဝါး)ဒေါ်သီရိယမင်းနွယ်၏ဖခင် ဦးတင်နွယ်သည် ၁၀-၁၀-၂၀၁၇ရက် ည ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းမြင့်**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ(ဦးချစ်-ဒေါ်နှင်းရီ)တို့၏သား၊ ဗိုလ်မှူးချုပ်အေးစန်(ငြိမ်း)-(ဒေါ်ခင်ခင်)တို့၏ သားသမက်ဖြစ်သူ ဦးသန်းမြင့် အသက်(၇၈)နှစ်သည် ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) ည ၁၀း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

**ရန်ကုန်တိုင်းဒေသကြီးရုံးမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ဦးသိန်း အသက်(၇၈)နှစ်**

AE-ဆည်မြောင်းဦးစီးဌာန (ငြိမ်း)

မြန်မာနိုင်ငံ သစ်သီးဝလံ၊ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဥက္ကဋ္ဌ ဦးခင်အောင်၊ ဒေါ်အေးဝင်းသိန်း၏ ဖခင်ဖြစ်သူဦးတင်ဦးသိန်း အသက်(၇၈)နှစ် AE-ဆည်မြောင်းဦးစီးဌာန(ငြိမ်း)သည် (၁၀-၁၀-၂၀၁၇)နေ့ နေ့လည် (၁၁း၄၅)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဗိုလ်ချုပ်အောင်ခင် (ငြိမ်း)**

**ကြည်း-၅၉၃၄**

**သူရဲကောင်းမှတ်တမ်းဝင်**

**စစ်ထောက်ချုပ်(ငြိမ်း)**

**ဒုတိယဝန်ကြီး(ငြိမ်း)၊ ကာကွယ်ရေးဝန်ကြီးဌာန**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ငွေဝတ်မှုံရိပ်သာ၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ အမှတ် 70/Jနေ (ဦးဖိုးညဏ်-ဒေါ်နှစ်)တို့၏သား၊ ဒေါ်ခင်နု၏ခင်ပွန်း၊ ဒေါ်သင်းသင်းနု-ဦးမြင့်အောင်၊ဦးမျိုးမြင့်အောင်(အထွေထွေမန်နေဂျာ၊ငြိမ်း၊ MICB, MCB)-ဒုတိယဗိုလ်မှူးကြီးဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်လှဲ့လှဲ့အောင်-ဒုတိယဗိုလ်မှူးကြီး သန်းထူး(ငြိမ်း)၊ ဦးအောင်သန်းဌေး-ဒေါ်ဆွေဆွေဝင်း၊ ဦးအောင်ကျော်စိုး-ဒေါ်သီတာဌေး (ကြယ်ဖြူဆန်စက်၊ တိုက်ကြီး)၊ ဦးနေမျိုး-ဒေါ်ဇင်းဘယ်သိန်းတို့၏ မွေးသဖခင်၊ မြေး ၁၂ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၂-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၄း၁၈နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ထွန်းအေး (မြောက်ဦး)

**စည်ပင်(ငြိမ်း)**

**အသက်(၈၀)**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ကံ့ကော်အိမ်ရာ၊ တိုက် ၃၂၃၊ အခန်း ၂၃နေ (ဦးနီတိုး-ဒေါ်ရွှေမြဦး)တို့၏သား၊ ဒေါ်သာမခိုင်၏ခင်ပွန်း၊ ဦးအေးမောင်-ဒေါ်လှနုသာ၊ ဦးမောင်ကျော်ညွန့်-ဒေါ်မိုးသန္တာ၊ ဦးကျော်နိုင်-ဒေါ်ခင်ရွှေ၊ ဦးကျော်မင်း-ဒေါ်ရီရီပိုင်၊ ဦးလှမောင်ဦး-ဒေါ်လှလှသန်း၊ ဦးစိုးမြင့်-ဒေါ်အေးအေးခိုင်တို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၄း၅၇နာရီတွင် နေပြည်တော် ခုတင်-၁၀၀၀ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (ခုတင်-၁၀၀၀ ဆေးရုံကြီးမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်နွယ် (ပ/၃၉၉၆)**

**နေပြည်တော်**

**အသက်(၅၃)နှစ်**

ဦးတင်နွယ် (ပ/၃၉၉၆)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဇေယျာသီရိမြို့နယ်၊ ဥတ္တရခရိုင်၊ နေပြည်တော်သည် ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) ည ၉နာရီတွင် တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်(ပြည်ထဲရေး)/**

**ညွှန်ကြားရေးမှူးချုပ်(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)နှင့်**

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**တက္ကသိုလ်ဝင်းမွန်**

**အသက်(၇၉)နှစ်**

ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) မြန်မာစာဌာနတွင် ၁၉၈၂မှ ၁၉၉၂ထိ ဌာနမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သော ဆရာဦးဝင်းမွန် (တက္ကသိုလ်ဝင်းမွန်)၊ အောင်ခန့်သည် ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းသားကျောင်းသူဟောင်းများ**

**လိမ္မော်ရောင်ကောလိပ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းမြင့်**

**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) O.T.S (36)**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ (စစစ)**

**အသက်(၇၈)နှစ်**

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးသန်းမြင့်သည် ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## ဦးမြတ်သာထွန်း(ခ) Thomas Ein (စိန်ပေါလ်)

**(စိန်ပေါလ်ကျောင်းသားဟောင်းများ ကန်တော့ခံဆရာ)**

**ဒုညွှန်ကြားရေးမှူး(ငြိမ်း)**

**မြန်မာ့ရေနံဓာတု၊ စွမ်းအင်ဝန်ကြီးဌာန**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣန္ဒာသယ လမ်း၊ အမှတ် ၂၄(၃-က)နေ ဆရာကြီး(ဦးဖိုးအိမ်-ဒေါ်ငြိမ်း)တို့၏သား၊ (ဦးဘခင်-ဒေါ်ချစ်စိန်)တို့၏သားသမက်၊ ဒေါ်အေးသန်း(အထပြ၊ ငြိမ်း) ၏ခင်ပွန်း၊ ဦးကျော်စိုး-(ဒေါ်ခင်ခင်ထိုက်)တို့၏အစ်ကို၊ ကိုစိုးမင်းအောင်-မမြတ်မြတ်မင်း၊ ကိုမျိုးမင်းထွဋ်၊ ကိုဇော်လင်းထက်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ဘိုးဘိုးကြီး သည် ၁၂-၁၀-၂၀၁၇ရက် နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

**ဒေါ်အတာ**

**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ် ၆၈ (ပထမထပ်)နေ(ဦးအောင်သိန်း)၏ဇနီး၊ (ဦးလှမြင့်)-ဒေါ်အေးတင့်၊ ဦးအေးထွန်း-ဒေါ်စန်းမြင့်၊ ဒေါ်ခင်ခင်သန်း၊ ဦးကျော်မြင့်-ဒေါ်ခင်ဝင်းမြိုင်၊ ဒေါက်တာညွန့်ဦး-ဒေါ်သီတာဦး၊ ဒေါ်နှင်းနှင်းတို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ် လေးယောက်တို့၏အဘွားသည် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၇ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်မြင့် (အလိန်လည်)**

**ယာဉ်/စက်ကော်ပိုရေးရှင်း(ငြိမ်း)**

**အသက်(၉၀)**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ သုခမိန် ၃လမ်း၊ အမှတ် ၁၇၀/ကနေ (ဦးဘကျင်-ဒေါ်ပု)တို့၏ သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းနေ ဒေါ်ခင်စိန်၏ညီမ၊ ဦးလှမြင့်၏အစ်မ၊ ဦးမြလွင်-ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်ကြည်-ဒေါ်ချိုချိုသန်း၊ ဦးတင့်ဆွေ - ဒေါ်မြင့်ချိုတို့၏အဒေါ်၊ မြေးခြောက်ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၁-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင်ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါကမာရွတ်မြို့နယ်၊ လှည်းတန်းနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမျိုးသူ(ခ) Charlie (ခ)ကိုပါ

**B.Sc (Bot), H.G.P, LCCI D.L.P WIPO (SWITZERLAND)**

**သ/မဦးစီးဌာန(ရုံးချုပ်)**

**အသက်(၇၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊လမ်း ၉၀၊အမှတ် ၄၈ (ငါးလွှာ)နေ (ဦးလှဖေ-ဒေါ်သန်း)တို့၏သား၊ (ဒေါ်သိန်းသိန်း)၊ ဒေါ်တင်တင်အေး၊ (ဦးသိဏ်းဖေ)၊ (ဦးသိန်းရွှေ)တို့၏ညီ/မောင်၊ ဒေါ်ခင်မျိုးသီတာ၊ ဦးမျိုးသက်၊ ဦးစိုးမင်းသူတို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဦးလေးသည် ၁၁-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

**ဒေါ်ဝင်းဝင်းသန်း(ခ)**

**ANNIE နေဝင်း**

**Ex-P.I.C. ရေနံသယ်**

**အထက(၅)မင်္ဂလာတောင်ညွန့်**

**(စိန့်မိုက်ကယ်)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့နေ (ဦးနေဝင်း-ဒေါ်သန်းမေ)တို့၏သမီး၊ ဒေါ်ခင်သန်းဝင်း၊ (ဗိုလ် ALEC နေဝင်း)တို့၏ညီမ၊ ဦးဖေဝင်း၊ ဦးဇော်ဝင်း၊ ဦးမောင်မောင်ဝင်း၊ ဦးအောင်ဝင်းတို့၏အစ်မ၊ ဒေါ်ခင်တိုးကြည်၊ ဒေါ်ခင်မေကြည်၊ (ဦးဝင်းကြည်)တို့၏ညီမ၊ ဦးဝင်းနိုင်၏ဇနီး၊ ဒေါ်အိအိဝင်းနိုင်၊ဦးသုတဝင်းနိုင်တို့၏မိခင်သည် ၁၀-၁၀-၂၀၁၇ရက် နံနက် ၈း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၁၀-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးဝင်းမွန်** အသက်(၇၉)နှစ်

**(တက္ကသိုလ်ဝင်းမွန်၊ ဘာသာပြန်အောင်ခန့်**

**အမျိုးသားစာပေတစ်သက်တာစာပေဆုရှင်၊**

**ဆရာဝန်တင်ရွှေတစ်သက်တာစာပေဆုရှင်၊**

**တွဲဖက်ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)**

ဦးဝင်းမွန်သည် ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဖေမြင့်နှင့် ဇနီး ဒေါ်ခိုင်နွယ်ဦး**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်တင်မြိုင် (ညိုညို)**

**အသက်(၈၅)နှစ်**

**အမှတ်-၃၂၄ B-ရုံ သိမ်ကြီးဈေး**

ရန်ကုန်မြို့၊ အမှတ်(၈၃/၂၇)၊ ယောမင်းကြီးလမ်းနေ ဦးကြည်၏ချစ်လှစွာသောဇနီး၊ (ဦးခင်မောင်-ဒေါ် မြရင်)တို့၏သမီး၊ ဒေါ်ကြည်ကြည်စန်း-ဦးစိုးမြင့်၊ ဒေါ်ကြည်ကြည်စု(မန်နေဂျာ-မြန်မာနိုင်ငံသားများဘဏ်) - ဦးငွေစိုး၊ ဦးအောင်သူ(Reno-Hotel)-ဒေါ်ဖြူဖြူ၊ ဒေါ်ကြည်ကြည်လှ၊ ဦးအောင်ထူး-ဒေါ်အုန်းမေ၊ ဦးအောင်မိုး-ဒေါ်မေသွယ်ဦး၊ ဒေါက်တာစန္ဒာကြည်(MD.FAAFP, USA) -ဦးအေးကိုကို၊ ဒေါ်ကြည်ကြည်ထွေး-ဦးအောင်အောင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၄ယောက်တို့၏ ဘွားဘွားကြီးသည် ၁၁-၁၀-၂၀၁၇ (ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးမြင့်**

**(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန)**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၆၁၆နေ ဒေါ်ခင်ဝင်းရီ၏ချစ်လှစွာသောခင်ပွန်း ဦးစိုးမြင့်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန)သည် ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းမြင့်**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ(ဦးချစ်-ဒေါ်နှင်းရီ)တို့၏သား၊ ဗိုလ်မှူးချုပ်အေးစန်(ငြိမ်း)-(ဒေါ်ခင်ခင်)တို့၏ သားသမက်ဖြစ်သူ ဦးသန်းမြင့် အသက်(၇၈)နှစ်သည် ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) ည ၁၀း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

**သတင်းနှင့်နည်းပညာဌာနဝန်ထမ်းမိသားစုများ**

## ဦးမျိုးသန်း (ရုံးသပြေကန်)

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘုတာရုံလမ်း၊ အမှတ် ၁၄နေ (ဦးစိန်ညွန့်-ဒေါ်ကျင်မှင်)တို့၏သား၊ ဒေါ်စိန်တင်၏ခင်ပွန်း၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် ၁၇ (က) ၂နေ ဦးထွန်းရဲဝင်း-ဒေါ်လွင်မျိုးမော်တို့၏ဖခင်၊ မမျိုးမြတ်နိုးသော်၊ မောင်ဟိန်းအာကာလွင်၊ မောင်ကောင်းမြတ်လွင်၊ မသွဲ့စန္ဒီထွန်း၊မဖြိုးပွင့်သွယ်တို့၏အဘိုးသည် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၇ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အောင်သိဒ္ဓိနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ အောင်သိဒ္ဓိနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်လှိုင်

**B.A(စိတ်ပညာ)၊ ရန်ကုန်တက္ကသိုလ်**

**မြန်မာ့လက်ရွေးစင် အလေးမအားကစားသမားဟောင်း**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းနေ (ဦးသန်းလှ-ဒေါ်အေးမြိုင်)တို့၏သား၊ (ဦးကျော်မောင်-ဒေါ်အေးညွန့်)တို့၏သားသမက်၊ (ဦးသောင်း)-ဒေါ်ခင်ရီ၊ (ဦးသန်းနိုင်-ဒေါ်မြဝေ)တို့၏ညီ၊ ဦးမောင်မောင်စန်း-ဒေါ်ဝင်းကြည်၊ (ဦးအောင်သန်း)-ဒေါ်ခင်မြ၊ ဦးပြည်အေး-ဒေါ်သင်းသင်းအေး၊ (ဦးလှကြည်)၊ (ဦးမြင့်)-ဒေါ်စောရင်တို့၏အစ်ကို၊ ဦးမင်းသိန်း(ခ)ဦးမင်းအေး-ဒေါ်ဥမ္မာထွန်း၊ ဦးအောင်မိုး-ဒေါ်ဝင်းသန္တာ၊ ဦးမြင့်ကျော်-ဒေါ်ခင်မာစိုး၊ မောင်ရှိန်းကိုကိုတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်သန်းညွန့်၏ချစ်လှစွာသောခင်ပွန်းသည် ၁၂-၁၀-၂၀၁၇ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၇ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပေါ်တော်မူဘုရားလမ်း၊ အမှတ် ၄၂ နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ကျိုက်ထီးရိုးဘုရားသို့ အများပြည်သူများလွယ်ကူစွာ သွားလာဖူးမြော်နိုင်ရေးအတွက် ပထမဆုံးအကြိမ်အဖြစ် ကေဘယ်ကား စတင်စမ်းသပ်မောင်းနှင်ခြင်းကို အောက်တိုဘာ ၁၂ ရက်က ပြင်သစ်အင်ဂျင်နီယာနှင့် မြန်မာအင်ဂျင်နီယာများ ဆောင်ရွက်ကြစဉ် ဓာတ်ပုံ-နေလင်း



စောငမန်း



အက်ဒီဗာရယ်(ဩစတြေးလျ)

# တူးတူးနှင့် မိုက်ကယ်ဘာဒါတို၊ စောငမန်းနှင့် အက်ဒီဗာရယ်တို့ WLC-3 ၌ အဓိကတွဲဆိုင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**

**ရန်ကုန် အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံအလွတ်တန်းချန်ပီယံဖြစ်ရန် မျှော်မှန်းထားသော ပထမတန်းလက်ဝှေ့ကျော် တူးတူး(နဂါးမာန်)သည် လာမည့် နိုဝင်ဘာ ၄ ရက်(စနေနေ့) ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည့် WLC-3 ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးတွင် မိုက်ကယ်ဘာဒါတို(ဩစတြေးလျ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

အဆိုပါ WLC-3 မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာလက်ခမောင်းကုမ္ပဏီက ဦးစီးကျင်းပခြင်းဖြစ်ပြီး ယခုအကြိမ်သည် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ဆက်လက်ကျင်းပမည့် WLC မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို *စာမျက်နှာ ၁၀ ကော်လံ ၁* ●

# မောင်တောနှင့် ဘူးသီးတောင်တို့တွင် GSM စခန်း ၂၂ ခုအား ယခုလကုန်ပိုင်းတွင် စတင်တည်ဆောက်ရန် စီစဉ်လျက်ရှိ

**နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**

**မောင်တော အောက်တိုဘာ ၁၂**

မောင်တောဒေသ၌ နယ်မြေပြန်လည်တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်နေပြီး လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆက်သွယ်ရေး၊ စီးပွားရေး စသည်ဖြင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်လျက်ရှိရာ ဆက်သွယ်ရေးကဏ္ဍအနေဖြင့်လည်း မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် GSM စခန်း ၂၂ ခုအား ယခုအောက်တိုဘာလကုန်ပိုင်းတွင် စတင်တည်ဆောက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ◆



# ချောင်းရေမြင့်တက်မှုကြောင့် ကျေးရွာများအတွင်း ရေများဝင်ရောက်ကာ တံတားတစ်စင်းပျက်စီးခဲ့

**သတင်းနှင့်ဓာတ်ပုံ-မျိုးဇေယျာ(ပျဉ်းမနား)**

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ အောက်တိုဘာ ၁၀ ရက်မှစ၍ မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဇေယျာသီရိမြို့နယ်အတွင်း ဆင်သေချောင်းနှင့် ငါးလိုက်ချောင်းဆုံရာ ချောင်းရိုးတစ်လျှောက်ရှိ ချောင်းရေများမြင့်တက်ကာ ကျေးရွာအတွင်း ရေများဝင်ရောက်ခြင်း၊ ချောင်းကမ်းနံဘေးမြေသားများ ပြိုကျခြင်း၊ ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာနှင့် ဇေယျာသီရိမြို့နယ် သာယာကုန်းကျေးရွာအား ဆက်သွယ်ထားသော တံတားတစ်စင်း ရေစီးအရှိန်ကြောင့် ပျက်စီးခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၅* ❒




